## အခန်း(၁၈၁) - တပည့် ရှုံးတာ အားမရလို့ ဆရာပါ ရှုံးသွားခြင်း....

“ဆရာ၊ ချင်ယန်က ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဒီစည်းပုံစံ (၃) ခုက ပြည့်စုံခြင်းအဆင့် ဆိုတော့ တကယ်သာ ဆွဲရင် အချိန်များအကြီး ပေးရမှာ သေချာတယ်။ ဒီကောင်က အရမ်းငယ်သေးတယ်။ ဘယ်လိုမှ မဟာသခင် မဖြစ်နိုင်ပါဘူး..”

ဖန်ယူက အံကြိတ်ပြီး ပြောလိုက်သည်။

"အင်း...."

ဖန်ယူ၏ ဆရာက ခေါင်းသာ ညိတ်လိုက်သော်လည်း သူလည်း အတွေး လွန်နေသည်။

ယခုလက်ရှိ အခြေအနေတွင် ထိုအချက်ကို အခိုင်အမာ ယုံကြည်ထားမှ ဖြစ်လိမ့်မည်။

ဖန်ယူ၏ ဆရာက အကျိုးအမြတ်များစွာ လက်ခံထားသည်။ ဖန်ယူကလည်း ရှုံးနိမ့် သွားသဖြင့် သူက ဆရာတစ်ယောက်အဖြစ် ရပ်တည် နိုင်အုံးမည်လော...

ချင်ယန်က မဟာသခင် အဆင့် ရောက်နေလျှင်ပင် အနိုင်ယူ နိုင်မည်ဟု ဖန်ယူ၏ ဆရာက ယုံကြည်နေသည်။

အနိုင်ရခြင်းကသာ ထိုအရှက်ကွဲမှုကို သက်သာ စေလိမ့်မည်။

"ချင်ယန်.... မဟာသခင်ရဲ့ သန်မာမှုက သာမန်ပါပဲ။ ဒီမဟာသခင်ရဲ့ အဆင့်ကို စစ်ဆေးပေးပါအုံး..."

ဖန်ယု၏ ဆရာက လေးနက်စွာ စဉ်းစားပြီးနောက် စင်ပေါ်သို့ ခုန်တက်သွားသည်။

ချင်ယန်နှင့် နှိုင်းယှဥ်မည်ဆိုလျှင် သူက ပိုးသား ဝတ်ရုံရှည် ဝတ်ဆင်ထားသဖြင့် မဟာသခင် တစ်ယောက်နှင့် ပိုတူနေသည်။

ဟွမ်ချန်ကျန်းက အနည်းငယ် မျက်မှောင် ကြုတ်သွား၏။ သို့သော် လုံးဝ မတားလိုက်ပေ။ သူက ဥက္ကဋ္ဌ ဖြစ်သော်လည်း မဟာသခင်များကို ထိန်းချုပ်နိုင်ခြင်း မရှိပေ။

ယခုအခါ မဟာသခင်များ ယှဥ်ပြိုင်နေကြခြင်း ဖြစ်သဖြင့် အခြား မဟာသခင်များက ချင်ယန်ကို စိန်ခေါ်ခွင့် ရှိနေသည် မဟုတ်ပါလား....

“မဟာသခင် ထန်၊ မင်းတို့ ဆရာတပည့်က ရှေ့ဆင့် နောက်ဆင့် တိုက်ခိုက်ချင်တာလား....။ ဆရာကြီးချင်က စည်းပုံစံ ရေးဆွဲဖို့ အချိန် အကြာကြီး မယူခဲ့ရဘူး ဆိုပေမဲ့ တော်တော်လေး အားကုန်ခဲ့မှာပဲ။ ဒီအချိန်မှာ မဟာသခင်ချင်ဆီက သင်ယူတာ မျှတတယ်လို့ ထင်နေတာလား......”

ကူချင်းက မတ်တပ် ထရပ်ပြီး.... ပြောလိုက်သည်။

“ဆရာကြီးချင်၊ ဘယ်လိုလဲ..”

ချင်ယန် တစ်ချက်ပြုံးပြီး ခေါင်းညိတ်လိုက်ကာ...

“ ဒီလိုပဲ လုပ်လိုက်ပါ...”

ချင်ယန်က စင်ပေါ်မှ တစ်ခါတည်း ခုန်ချသွားသည်။

ကူချင်း၏ လုပ်ရပ်က အချိန်အကြာကြီး ဆွဲပေးနိုင်လိမ့်မည်။

ကူချင်းကို အရင်ဆုံး ထွက်ခိုင်းပြီး ချင်ယန်က အဘယ်ကြောင့် အနား မယူရမည်နည်း..

“ဒါဆိုလည်း မဟာသခင် ကူချင်းဆီက လွှလာပါရစေ...”

ဖန်ယူ၏ ဆရာက ကူချင်းကြောင့် စိတ်မပျက်သွားခဲ့ပေ။ သူက မဟာသခင် ဖြစ်လာသည်မှာ အချိန်အတော်ကြာနေပြီ။ ကူချင်းက မနေ့တစ်နေ့ကမှ မဟာသခင် ဖြစ်လာသည့် လူသစ်လေးပင်....

"မဟာသခင်ထန်၊ ငါနဲ့ ဘာကို ယှဉ်ပြိုင်ချင်တာလဲ..."

ကူချင်းက စင်ပေါ် ရောက်သည်နှင့် ပြောလိုက်သည်။

"စည်း မဟာသခင်တွေရဲ့ အသည်းနှလုံး ကျွမ်းကျင်မှု...... အဆောင်.."

အဆောင်ဆိုသည်မှာ ရိုးရှင်းသော စည်းတံဆိပ် တစ်ခုတည်း မဟုတ်ပေ။ သာမန်ထက် အဆပေါင်းများစွာ ပိုခက်ခဲပြီး စည်းတံဆိပ် အများအပြား ပေါင်းစပ်ရခြင်း ဖြစ်သည်။

"ရတယ်လေ..."

မကြာခင် ကူချင်းတို့ နှစ်ယောက် စတင် ဆွေးနွေးကြသည်။ ပရိတ်သတ် အများစုက

ထိုယှဉ်ပြိုင်မှုတွင် ထန်ကျန်ချူ အနိုင်ရမည်ဟု ယုံကြည် နေကြသည်။

ချင်ယန်ကမူ ဒူးလေးလှုပ်ပြီး ကူချင်းကို အေးအေးဆေးဆေး လှမ်းကြည့်နေသည်။

ကူချင်းတို့ သုံးယောက်က မဟာသခင် ဖြစ်လာသည်မှာ မကြာသေးသော်လည်း မဟာသခင်နယ်ပယ်တွင် တိုးတက်မှုများစွာ ရရှိ ထားကြသည်။

လူတိုင်း၏ မျက်စိအောက်တွင် ကူချင်းတို့ နှစ်ယောက်က အောင်မြင်မှု ရာခိုင်နှုန်းများသည့်

အရိုးအရှင်းဆုံး မဟာသခင်အဆင့် အဆောင်ကို ရွေးချယ်လိုက်ကြသည်။

ထို့နောက် သူတို့နှစ်ယောက်က အကောင်းဆုံး ကြိုးစားပြီး ယှဉ်ပြိုင်လာရာ တစ်နာရီ ကျော် ကြာသွားခဲ့သည်။

ကူချင်းနှင့် ထန်ကျန်ချူတို့ နှစ်ယောက်လုံး မအောင်မြင်ခဲ့ပေ။

နောက်တစ်ကြိမ်.....

"အောင်မြင်ပြီ ကွ..."

ကူချင်းက ရုတ်တရက် ထ အော်လိုက်သည်။ သူ့အရှေ့မှ အဆောင်က ရုတ်တရက် တောက်ပလာပြီး ကောင်းကင်နှင့် မြေကြီး စွမ်းအင်များကို စည်းတံဆိပ်များ အတွင်း လျှင်မြန်စွာ စုပ်ယူသွားသည်။

ကူချင်းရှေ့မှ အဆောင်က အောင်မြင်သွားခဲ့သည်။

ထန်ကျန်ချူ၏ မျက်နှာ အမူအရာက တော်တော်လေး ရုပ်ဆိုးနေသည်။ သူက လှမ်းမကြည့်သော်လည်း ကူချင်းဘက်မှ

ထွက်ပေါ်လာသော အငွေ့အသက်ကြောင့် ကူချင်း အောင်မြင်သွားပြီ ဖြစ်ကြောင်း သိလိုက်သည်။

"မဟာသခင်ကူက ပထမဦးဆုံး အောင်မြင်သွားတာပဲ..."

"တစ်ခု မအောင်ဘူး.. နောက်တစ်ခု အောင်တယ်။ မဟာသခင်ကူက တကယ် အံ့အောစရာပဲ..."

လူတိုင်းက လေသံ တိုးတိုးလေးဖြင့် ပြောဆိုနေကြသည်။

ကူချင်းက မဟာသခင်အဆင့် အဆောင် နှစ်ခုဆွဲပြီး တစ်ခု အောင်မြင်သွားသည်။ ဒါက ဂုဏ်ယူစရာ ကောင်းလွန်းလှသည်။

အဆောင်များက ဆေးလုံးများ ကဲ့သို့ ဈေးကြီးရသည့် အကြောင်းအရင်းမှာ အောင်မြင်မှုနှုန်း အလွန် နည်းပါး လွန်းသောကြောင့် ဖြစ်သည်။ အဆောင်ကောင်း တစ်ခု ရရှိရန် သာမန် အဆောင်ပြား လေး၊ ငါး ခုကို ရေးဆွဲမှသာ ရရှိနိုင်သည်။

"ဝုန်း..."

မိနစ် အနည်းငယ် ကြာသောအခါ ထန်ကျန်ချူ လက်ထဲမှ စည်းစုတ်တံက ရုတ်တရက် လောင်ကျွမ်း သွားသည်။ နောက်ဆုံး အချိန်မှ ကပ်ပြီး ဒုတိယမြောက် အဆောင်လည်း ကျရှုံး သွားခဲ့သည်။

စင်ပေါ်တွင် မဟာသခင် နှစ်ယောက် ယှဉ်ပြိုင်နေကြသော်လည်း ယခုအခါ လူတိုင်း၏ မျက်လုံးက ထန်ကျန်ချူ အပေါ် ရောက်နေသည်။

ထန်ကျန်ချူ၏ မျက်နှာ အမူအရာက ဝမ်းသွားချင်နေသည့် အချိန်တွင် အိမ်သာထဲ

မိုလ်ဘိုင်းလီဂျန့် ထိုင်ကစား နေသော လူတစ်ယောက်ကို တွေ့ရသကဲ့သို့ ရှုံ့မဲ့သွားသည်။

ကူချင်းကို လှမ်းကြည့်လိုက်ရာ ကူချင်းက နောက်ထပ် အဆောင်တစ်ခု ရေးဆွဲနေသည်ကို တွေ့လိုက်ရသည်။ ထိုအခါ ထန်ကျန်ချူ၏ မျက်နှာ အမူအရာက ပို၍ ရုပ်ဆိုးသွားသည်။ အကယ်၍ သူအောင်မြင်ခဲ့လျှင်ပင် ကူချင်းထက် အနည်းငယ် နိမ့်ကျ နေခဲ့ပြီ....

“ထန်ကျန်ချူ.. ဆက်ဆွဲလို့ ရသေးတယ်....”

ကူချင်းက တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

ထန်ကျန်ချူက အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး.....

"မဟာသခင်ကူက အစွမ်း ထက်ပါတယ်။ ငါက မဟာသခင် ကူလောက် မတော်ဘူးဆိုတာ ဝန်ခံပါတယ်။ ဒါပေမယ့် ငါ့အစွမ်းက ချင်ယန်ထက်တော့ ပိုညံ့မယ်လို့ မထင်ဘူး.."

ကူချင်းက ခေါင်းခါလိုက်ပြီး..

"မဟာသခင်ထန်၊ ငါ့အဆင့်က ဆရာကြီးချင်ကို မှီဖို့ အဝေးကြီးလို သေးတယ်။ မင်းက ငါ့တောင်

မနိုင်တာ ဆရာကြီးချင်ကို အနိုင်ယူဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး…”

ထန်ကျန်ချူက ချင်ယန်ကို လှမ်းကြည့်လိုက်ပြီး…

“ချင်ယန်၊ ကောင်းကောင်း အနားယူ ပြီးပြီလား။ ငါနဲ့ ဆက်ပြိုင်ရအောင်။ မင်း စင်ပေါ် တက်လာလို့ ရမလား..”

ထန်ကျန်ချူက အေးစက်စွာ ပြောလိုက်သည်။

“ကိုယ့်ကိုယ်ကိုယ် အရှက်ခွဲချင်တဲ့ ကောင်ပဲ…”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မင်း အရင် ဆွဲနေပါ။ နာရီဝက်လောက်ကြာမှ တက်လာခဲ့မယ်.."

"မင်း..... "

ထန်ကျန်ချူ ဒေါသ ထွက်သွားသည်။

"အရမ်း ကောင်းတယ်။ မင်းမှာ ဘယ်လို သန်မာမှုတွေ ရှိနေလဲ ဆိုတာ ဒီအဘိုးကြီး ကြည့်အုံးမယ်..."

ကူချင်းက ပြုံးပြီး စင်ပေါ်မှ ဆင်းသွားသည်။ သူနှင့် တစ်ဝိုင်းတည်း ထိုင်နေသော မဟာသခင်များက သူ့ကို အမြန် ချီးကျူးနေကြသည်။

ကူချင်းက သူ့အစွမ်းကို သတ်သေ ပြခဲ့ပြီးပြီ....

မသိလိုက်ဘဲ နာရီဝက် ကုန်ဆုံးသွားသည်။ ထန်ကျန်ချူက စွမ်းအင် အမှတ် (၁၂၀,၀၀၀) ထုတ်လွှတ်ထားပြီး သူ့အဆောင်က လေးပုံတစ်ပုံခန့် ပြီးသွားသည်။

"ချင်ယန်၊ မင်းအလှည့်...."

သွမ့်ခူကျူ၏ လှောင်ပြောင်သော အသံထွက်ပေါ်လာသဖြင့် လူတိုင်းက ချင်ယန်ကို လှမ်းကြည့် လိုက်ကြသည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ထပြီး စင်ပေါ်တက်သွားသည်။ အားသိပ်မစိုက်ဘဲ စုတ်တံကို မယူလိုက်ပြီး စတင် ရေးဆွဲလိုက်သည်။ စုတ်တံက စာရွက်ကို ထိသွားသည်နှင့် သူရေးဆွဲနေသည့် အရှိန်က ထန်ကျန်ချူထက် ဆယ်ဆကျော် ပိုမြန်နေသည်။

ကောင်ကင်းနှင့် မြေကြီး စွမ်းအင်များက လှုပ်ရှားလာပြီး စုတ်တံ၏ ထိပ်ဖြားတွင် အဆက်မပြတ် စုဝေးလာနေသည်။

"စွမ်းအင် စုဆောင်းမှုက မြန်လိုက်တာ...."

"မဟာသခင်ချင် ရေးဆွဲတာ အရမ်း မြန်တာပဲ...."

တချိန်တည်းမှာပင် လူတော်တော် များများက စင်ပေါ်သို့ ပြူးပြဲပြီး ကြည့်နေကြသည်။ လူအားလုံး၏ (၉၀) ရာခိုင်နှုန်းကျော်က ချင်ယန်ကို စိုက်ကြည့် နေကြသည်။

ငါးမိနစ် ကြာသွားသည်။

ပြင်းထန်သော အလင်းရောင်များ ထွက်ပေါ်လာပြီး ချင်ယန်ရှေ့မှ အဆောင်က လင်းထိန်လာသည်။ ထိုနောက် စွမ်းအင်များက အဆောင်ထဲသို့ လျင်မြန်စွာ စီးဝင်သွားသည်။

စက္ကန့် အနည်းငယ် ကြာပြီးနောက် ချင်ယန် စည်းစုတ်တံကို ပြန်ချလိုက်သည်။

ဟွမ်ချန်ကျန်းက ချင်ယန် ဘေးနား ရောက်လာပြီး ချင်ယန် ရေးဆွဲထားသည့် အဆောင်ကို ကြည့်လိုက်သည်။

"ကောင်းတယ်။ ကောင်းတယ်။ အရမ်းကောင်းတယ်..."

ဟွမ်ချန်ကျန်း၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားနေသော အမူအရာများ ပေါ်လာပြီး....

"နှစ်မိနစ်ခွဲနဲ့ သာလွန် မဟာသခင် အဆင့် မီးနဂါးအဆောင်ကို ရေးဆွဲတယ်.. အံ့အောစရာကောင်းလိုက်တာ။ လုံး၀ အံ့မခန်းပဲ..."

ဝေါ့.

ထိုအချိန်တွင် ထန်ကျန်ချူက အရေးကြီးသော အခိုက်အတန့်ကို ရောက်ရှိနေသည်။ ဟွမ်ချန်ကျန်း၏ စကားကို ကြားပြီး သူ့စွမ်းအားကို မထိန်းချုပ်နိုင်ဖြစ်သွားသည်။ သွေးအန်ထွက်ပြီး မျက်နှာက ဖြူဖျော့သွား၏။

သို့သော် ယခုလက်ရှိတွင် ထန်ကျန်ချူကို အာရုံစိုက်နေသည့် လူ မရှိပေ။

ဟွမ်ချန်ကျန်း ပြောလိုက်သော စကားကြောင့် မဟာသခင် အားလုံး အံ့အောမှင်သက် နေကြသည်။

ငါးမိနစ်အတွင်း ချင်ယန်က တကယ် အောင်မြင်ခဲ့သည်လော.....

ထို့အပြင် သာလွန်အဆင့် ဖြစ်နေသည်လော.....

မီးနဂါး အဆောင်က အရိုးရှင်းဆုံး မဟာသခင် အဆင့် အဆောင်တစ်ခု မဟုတ်ပေ။ ပိုမို ခက်ခဲ့သည့် အဆောင် တစ်ခု ဖြစ်နေသေးသည်။

"ဥက္ကဌဟွမ်၊ ငါတို့ ကြည့်ရအောင် ပြပါအုံး..."

"ဥက္ကဌဟွမ်၊ မင်း တစ်ယောက်တည်း ကြည့်မနေနဲ့လေ..."

လူတော်တော် များများက သိချင်စိတ်နှင့် ဖင်ဂနာမငြိမ် ဖြစ်နေကြသည်။

ဟွမ်ချန်ကျန်းက လေးစား သဘောကျသော မျက်နှာများနှင့် ချင်ယန်ကို စိုက်ကြည့်နေသည်။ သူက မဟာသခင် ဖြစ်လာသည်မှာ နှစ်ပေါင်းများစွာ ကြာနေပြီး ဖြစ်သော်လည်း ယခု လက်ရှိတွင် ချင်ယန်၏ ခွန်အားကြောင့် ချင်ယန်ကို လေးစားနေမိသည်။

ဟွမ်ချန်ကျန်းက ထူးချွန်သော စည်း မဟာသခင် တစ်ယောက် ဖြစ်သော်လည်း လူရှေ့ သူရှေ့တွင်

အဆောင်တစ်ခုကို ငါးမိနစ်အတွင်း အောင်မြင်အောင် ရေးဆွဲရန် မဖြစ်နိုင်ပေ။

"ဥက္ကဌဟွမ် ပြလိုက်ပါ။ ဒါမှ အဖြေထုတ်လို့ ရမှာ...."

ချင်ယန်က ပြောလိုက်သည်။

ဟွမ်ချန်ကျန်းက ရယ်မောပြီး ချင်ယန် ရေးဆွဲထားသော အဆောင်ပြားကို ကောက်ယူပြီး ထောင်ပြလိုက်သည်။

လူတိုင်းက အဆောင်ကို အာရုံစိုက်ပြီး ကြည့်နေကြသည်။

“ဟုတ်တယ်ဟ.. သာလွန် မဟာသခင်အဆင့် မီးနဂါး အဆောင်ပဲ...”

“မယုံနိုင်စရာ ကောင်းလိုက်တာ...”

“အား.. ငါက မဟာသခင် ချင်ကို လှောင်ခဲ့မိတယ်..”

“ပထမပဲ... မဟာသခင်ချင်က ပထမပဲ...’

မဟာသခင် တော်တော် များများက ပြောလိုက်သည်။

သွမ့်ခူကျူ၊ ဟောင်ဝမ်ကျောနှင့် အခြားလူများ၏ မျက်နှာက အလွန် ရုပ်ဆိုး နေကြသည်။

ချင်ယန်က စောက်ရမ်း မတရား တော်ပြနေသည် မဟုတ်ပါလား....

တန်ပင်ဂျီ၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လာသည်။

"ဖခမည်းတော်။ ချင်ယန် အောင်မြင်သွားပြီ မဟာသခင် အဆင့်ကို တကယ် ရောက်နေတာပဲ။ ပြီးတော့ အရမ်းလည်း အစွမ်းထက်တယ်"

တန်ပင်ဂျီက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"ဖခမည်တော်.... နည်းနည်းလေး စိုးရိမ်နေတယ်။ စေ့စပ်မှုကို ချင်ယန်က ငြင်းနေရင် ဘယ်လို လုပ်ကြမလဲ...."

"ငြင်းရင် သေရမယ်...."

တန်ပင်ဂျီက လျှင်မြန်စွာ အသံ ပို့လွှတ်လိုက်ပြီး....

“ဖခမည်းတော် တကယ်လို့ သူငြင်းရင် အရှင် ဖမ်းပေးနော်။ နောက်မှ ထပ် သေခိုင်းလိုက်မယ်...”

“ဟားဟား... ကောင်းပါပြီဗျာ...”

တန်ချမ်ဒေါင်က ပြုံးပြီး သဘောတူလိုက်သည်။

တန်ပင်ဂျီက ချင်ယန်၏ ပင်ကိုယ်ပါရမီကို မြို့ချလိုက်မည် ဆိုလျှင် အလွန် ကောင်းမွန် သွားလိမ့်မည်။

## အခန်း(၁၈၂) - စေ့စပ်မှု.....

“ချင်ယန်က အရမ်း အစွမ်းထက်တယ်”

“မဖြစ်ဘူး. သူသေမှ ဖြစ်မယ်..”

လျှိုရှုရှန်း၏ စိတ်ထဲတွင် သတ်ဖြတ်ချင်စိတ်များ မြင့်တက်လာသည်။

စင်မြင့်ပေါ်တွင် ချင်ယန်က လျှိုရှုရှန်းကို တစ်ချက် စိုက်ကြည့်လိုက်သည်။ လျှိုရှုရှန်း၏

သတ်ဖြတ်ချင်စိတ် မြင့်တက်လာသည်ကို သူ ခံစားလိုက်မိသည်။

လျှို့ရှုရှန်းက အပြုံး မျက်နှာလေးနှင့် ချင်ယန်ကို ပြန်ကြည့်လိုက်သည်။ သို့သော် ချင်ယန်အပေါ် သတ်ဖြတ်ချင်စိတ် ပြင်းထန်နေသဖြင့် သူမ အပြုံးက မပီပြင်လှပေ။

"လူတိုင်းပဲ မဟာသခင် ပွဲတော်က မပြီးသေးဘူး ဆိုပေမဲ့ ဒီတစ်ကြိမ် မဟာသခင် ပွဲတော်မှာ ချင်ယန် ပထမ ဖြစ်သင့်တယ်လို့ ထင်တယ်။ မင်းတို့မှာရော ဘယ်လို အမြင်ရှိလဲ.."

ဟွမ်ချန်ကျန်းက အပြုံးကြီးကြီး ပြုံးပြီး ပြောလိုက်သည်။

"သဘောတူတယ်...."

"ချင်ယန်မှာ ဒီလို သန်မာမှုမျိုး ရှိတယ်"

"မဟာသခင်ချင်က အရမ်းတော်နေလို့ သူနဲ့ ပြိုင်ရင် အရှက်ကွဲတာပဲ အဖက်တင်မယ်..."

မဟာသခင် တော်တော်များများ သဘောတူကြပြီး ကန့်ကွက်သူ မရှိကြပေ။

ချင်ယန်ကို သတ်ဖြတ် ချင်နေသော ဟောင်ဝမ်ကျော၊ သွမ့်ခူကျူနှင့် အခြားသူများပင် ယခုအချိန်၌ ကန့်ကွက်စကား ထပြောရန် မလွယ်ကူကြပေ။

မဟာသခင်၏ အဆင့်အတန်းက အရည်အချင်း အပေါ်တွင် မူတည်သည်။

ထို့အပြင် ဟောင်ဝမ်ကျောနှင့် အခြားလူများက ယခုအချိန်မှာ ထပြောလျှင်ပင် အသုံးမဝင်ကြောင်း သိနေကြသည်။ ဒါက လူတိုင်းအပေါ် မထီမဲ့မြင် လုပ်သလို ဖြစ်သွားလိမ့်မည်။

ဖြောင်း ဖြောင်း ဖြောင်း....

တန်ချမ်ဒေါင်က မတ်တပ် ထရပ်ပြီး လက်ခုပ်တီးလိုက်သည်။ ထို့နောက် သူက....

"လူတိုင်းပဲ. ငါတို့ တန်ထန် အင်ပါယာအတွက် ကောင်းချီး မင်္ဂလာပဲ။ မထင်မှတ်ဘဲနဲ့ တန်ထန် အင်ပါယာမှာ ဒီလိုမျိုး ငယ်ရွယ်တဲ့ ပါရမီရှင် တစ်ယောက် ပေါ်ထွန်းလာတယ်"

"မဟာသခင် ချင်ယန်က အသက် (၁၆) မပြည့်သေးဘူး။ ဒါပေမဲ့ မဟာသခင် ပွဲတော်ကို စိုးမိုးသွားခဲ့ပြီ...."

"မင်းတို့ ဆီမှာလည်း ကန့်ကွက်မှု မရှိဘူး ဆိုတော့ ငါက မဟာသခင် ချင်ယန်ကို ပထမနေရာ ရကြောင်း ကြေငြာပြီး ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ်ကို သူပိုင်တယ်လို့ ကြေငြာ လိုက်ပါတယ်..."

အင်ပါယာ ခန်းမထဲတွင် လက်ခုပ်သံများ ထွက်ပေါ်လာသည်။

ချင်ယန်က ရှီမိသားစုကို စော်ကားထားကြောင်း သိကြသော်လည်း မဟာသခင် တော်တော်

များများက လက်ခုပ် တီးနေကြသည်။ မဟာသခင်များက ရှီမိသားစုကို မကြောက်ကြပေ။

ထို့အပြင် ချင်ယန်က အသက် ငယ်ငယ်လေးနှင့် မဟာသခင် တစ်ယောက် ဖြစ်နေပြီ။ အနာဂါတ်တွင် မည်သည့် အဆင့်အထိ ရောက်နေမည်နည်း...။ ချင်ယန်ကို စော်ကားခြင်းက ရှီမိသားစုကို စော်ကားခြင်းထက် ပိုပြီး ပြဿနာ ကြီးလာနိုင်သည်။

"စီနီယာ အားလုံးကို ကျေးဇူးတင်ပါတယ်...."

ချင်ယန်က အပြုံးမျက်နှာနှင့် ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ်ကို လက်ခံ ရယူလိုက်သည်။

အထင် သေးသူများကလည်း အထင် မသေးနိုင်တော့ပေ။ မုန်းနေသူ များကလည်း အမုန်းကို မထုတ်ပြနိုင် ဖြစ်နေကြသည်။

"မဟာသခင်ချင်နဲ့ ထိုက်တန်ပါတယ်.."

"မဟာသခင်ချင် အချိန်ရရင် တစ်ဝိုင်းလောက် သောက်ရအောင်..။ ငါ့မှာ အရမ်းလှတဲ့ မြေးမလေး ရှိတယ်…"

"အဘိုးကြီးလို့၊ မင်းကတော့ အရှက်မဲ့တာပဲ။ ဒီအဘိုးကြီးချန်းရဲ့ မြေးမလေးက ပိုလှတယ်ကွ…."

မဟာသခင် တော်တော် များများက ကျယ်လောင်စွာ အော်ပြော နေကြသည်။

ထို အခိုက်အတန့်တွင် သွမ်ရန်ကလည်း အပျော်သဘောနှင့် ဝင်ပါလိုက်ပြီး....

"ဆရာကြီးချင်၊ တကယ်လို့ စဉ်းစားမယ် ဆိုရင် ငါမြေးမလေး ယုအာကိုလည်း စဉ်းစားနော်... မင်းလည်း သိပါတယ်..."

သွမ်ယုအာ၏ မျက်နှာက နီရဲသွား၏။ သို့သော် သူမ မျက်လုံးထဲတွင် မျှော်လင့်ချက် ယောင်ယောင်လေး ထွက်ပေါ်နေသည်။

ကျွန်းရုံ၊ ဖန်ယူနှင့် လူငယ် တော်တော်များများက မနာလို ဖြစ်နေကြသည်။ သူတိုက စင်ပေါ်တွင် ရှိနေပြီး မဟာသခင်များက သူတို့၏ မြေးမလေးများနှင့် အတင်း ပေးစားနေလျှင် မည်မျှ ကောင်းလိမ့်မည်နည်း…

“အားလုံးပဲ ငါ့ကို မေ့နေကြတာလား…”

တန်ချမ်ဒေါင်က စိတ်ပါလက်ပါ ရယ်မောပြီး ပြောလိုက်သည်။

“ငါ့မှာလည်း လှပတဲ့ သမီးလေး တစ်ယောက် ရှိတယ်လေ….”

တန်ပင်ဂျီ၏ မျက်နှာပေါ်တွင် ရှက်သွေးသော အမူအရာလေး ပေါ်လာသည်။

ချင်ယန်က ကြိတ်ပြီး မျက်မှောင် ကြုတ်သွား၏။

တန်ချမ်ဒေါင်က တန်ပင်ဂျီ၏ လက်ကိုဆွဲပြီး စင်မြင့်ပေါ် လမ်းလျှောက်လာသည်။ ထို့နောက် ကျယ်လောင်သော အသံနှင့်....

"ချင်ယန်၊ ဟိုတုန်းက ငါ မှားခဲ့တယ်။ တန်ပင်ဂျီနဲ့ မင်းရဲ့ စေ့စပ်မှုကို ဖျက်သိမ်း လိုက်မိတယ်။ ဒါပေမဲ့ ပင်ဂျီစိတ်ထဲမှာ မင်းက အမြဲတမ်း ရှိနေခဲ့တယ်။ အရင်က မင်း ဒီလောက်

သန်မာတဲ့ ခွန်အား မပြရတဲ့ အချိန်မှာတောင် လီတစ်သောင်း အကွာကိုပြေးပြီး မင်းကို ရှာဖို့ ကျန်းဂျင်မြို့ကိုတောင် သွားခဲ့သေးတယ်။ သူရဲ့ အချစ်ကို မင်းလည်း သိမှာပါ”

“အခု၊ မဟာသခင်တိုင်းကို သက်သေထားပြီး မင်းနဲ့ တန်ပင်ဂျီရဲ့ စေ့စပ်မှုကို နောက်တစ်ကြိမ် ထပ်လုပ်မယ်။ ပြီးတော့ မင်းက ကြင်ယာတော်ပဲ ဖြစ်လာမှာ မဟုတ်ဘူး နယ်စားတစ်ယောက် ၊ မင်းသား တစ်ယောက် ဖြစ်လာရမယ်။ ဘယ်လိုလဲ…”

ရှီကျန်း၊ တန်ရောင်ကူ၊ ဝေကျူချမ်နှင့် အခြားလူများ၏ မျက်နှာ အမူအရာက ရုတ်တရတ် သုန်မှုန်သွားသည်။

တန်ချမ်ဒေါင်က လူသိရှင်ကြား စေ့စပ်နေသည်။ ချင်ယန်နှင့် တန်ပင်ဂျီတို့ကို စေ့စပ်လိုက်ပါက ချင်ယန်ကို ကိုင်တွယ်ရန် ခက်သွားလိမ့်မည်။

နောင်တစ်ချိန်တွင် ချင်ယန်က ပိုမို အားကောင်းလာပြီး ရန်ကြွေးကို စာရင်း ရှင်းလာမည် မဟုတ်ပါလား….။

ရှီကျန်း၏ အတွေးထဲတွင် ထိုကိစ္စက ဖြစ်ကို ဖြစ်လာလိမ့်မည်။

ချင်ယန်က သူတို့ကို မသတ်လျှင်ပင် သူတို့ အင်းအားစုကို ဖြိုခွဲလိမ့်မည်။

"ချင်ယန်၊ ငါ့ရဲ့ မသိနားမလည်မှုကြောင့် မင်း နာကျင်ခဲ့ရတယ်။ နောက်ပိုင်း သေချာပေါက် ပြန်ပေးဆပ်ပါ့မယ်..."

တန်ပင်ဂျီက ရှက်ရွံ့နေသော အမူအရာနှင့် ပြောလိုက်သည်။

စင်အောက်တွင် ရှန်းယုလင်းနှင့် သွမ်ယုအာတို့က ချင်ယန်ကို စိုးရိမ်နေသော အမူအရာနှင့် ကြည့်နေသည်။

ဟွမ်ချန်ကျန်းက ပြုံးလိုက်ပြီး……

"မဟာသခင်ချင်၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ မဟာသခင် ဖြစ်နေပြီ။ မင်းရဲ့ အနာဂါတ်က အကန့်အသတ် မရှိဘူး။ ခု အရှင်မင်းမြတ်ရဲ့ တန်ထန် အင်ပါယာ ကျောထောက် နောက်ခံနဲ့ ပံ့ပိုးလိုက်မယ်ဆိုရင် မင်းရဲ့ အောင်မြင်မှုက ပိုပြီးတော့ ကျယ်ပြန့် လာလိမ့်မယ်။ မင်းသမီးလေး

ပင်ဂျီဆိုတာကလည်း အရှင်မင်းမြတ်ရဲ့ ပုလဲလုံးလေးပဲ။ မင်းတို့ရဲ့ ပြန်လည် စေ့စပ်မှုက အရမ်းကောင်းမွန်တဲ့ ပုံပြင်လေး တစ်ပုဒ်ပါ…”

ချင်ယန် ငြင်းလိမ့်မည်ဟု လူတော်တော်များများက မထင်ကြပေ။

ချင်ယန်က မဟာသခင် အဆင့် ခွန်အားကို ပြသပြီး ပင်ကိုယ်ပါရမီ အလွန် ကောင်းသော်လည်း ကိုယ်ပိုင် လူမှုရေး အသိုင်းအဝိုင်းကို မထူထောင်ရသေးပေ။

နောင်တစ်ချိန်တွင် ချင်ယန်က တန်ချမ်ဒေါင်ထက် ပိုမို မြင့်မြတ်သူ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ယခုလက်ရှိ အချိန်တွင် ချင်ယန်၏ အဆင့်အတန်းက တိုင်းပြည်ဥက္ကဋ္ဌ တန်ချမ်ဒေါင်လောက် မကောင်းသေးပေ။

အကယ်၍ ငြင်းလိုက်မည် ဆိုပါက အကျိုးဆက်ပြင်းထန် သွားလိမ့်မည်။

ချင်ယန်က ကြိတ်ပြီး လှောင်ရယ်နေသည်။ တန်ပင်ဂျီ ခန္ဓာကိုယ်ထဲမှ သတ်ချင်စိတ်ကိုလည်း ခံစား မိနေသည် မဟုတ်ပါလား။

စေ့စပ်မှုက တန်ပင်ဂျီ၏ နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။ တန်ပင်ဂျီ ပိုင်ဆိုင်ထားသည့် သိုင်းဝိဉာဉ် အကြောင်းကို တန်ချမ်ဒေါင်လည်း သိနေနိုင်သည်။

"ချင်ယန်၊ ငါ့ကိုတော့ မျက်နှာပျက်အောင် မလုပ်ဘူး မဟုတ်လား...။ အခု မဟာသခင် တော်တော်များများလည်း ကြည့်နေတယ်။ ဒီလိုလုပ်နေရင် ငါလည်း အောက်ပြန်ဆင်းလို့ မရဘူး..."

ထိုအချိန်တွင် တန်ချမ်ဒေါင်၏ အသံက ချင်ယန် စိတ်ထဲတွင် ပေါ်လာသည်။

"ချင်ယန်၊ မင်း ဘယ်လို ဆုံးဖြတ်မလဲ..."

တန်ချမ်ဒေါင်က အမှန်တကယ် ရယ်မောပြီး ပြောလိုက်သည်။

ကောရာဇ် တစ်ပါးအနေနှင့် သူက အင်အား တစ်သိန်းကျော် ရှိသော တန်ထန် အင်ပါယာ စစ်တပ်ကို ထိန်းချုပ်ထားသလို လိုအပ်ပါက တန်ထန် အင်ပါယာထဲမှ တန်ခိုးရှင် များကိုလည်း ဆင့်ခေါ် နိုင်သေးသည်။ ထို အချက်ကြောင့်

ချင်ယန်က သဘောတူ လက်ခံလိမ့်မည်ဟု တန်ချမ်ဒေါင်က ထင်နေသည်။

ချင်ယန်က တောင်းပန်သော လေသံနှင့်......

"အရှင်းမင်းမြတ်၊ မင်းနဲ့ တန်ပင်ဂျီရဲ့ စိတ်ကူး မဖြစ်လာလို့ အားနာမိပါတယ်။ ငါရဲ့ ပန်းသေနေတဲ့ ရောဂါကလည်း မပျောက်သေးဘူး။ ဒီရောဂါ သက်သာ ပျောက်ကင်းတဲ့ အချိန်ကျရင် တန်ပင်ဂျီကို စဉ်းစားပါ့မယ်....."

တန်ချမ်ဒေါင်၏ မျက်နှာပေါ်မှ အပြုံးက တောင့်တင်းသွားသည်။

တန်ပင်ဂျီလည်း ကြက်သေ သေနေသည်။

စင်အောက်မှ တန်ခိုးရှင်များလည်း အံ့အော သင့်နေကြ၏။

ချင်ယန်က အမှန်တကယ် ငြင်းလိုက်သည်။ ဒါကို မည်သူမျှ မမျှော်လင့် ထားကြပေ။

လူအများရှေ့တွင် ဧကရာဇ်တစ်ပါးကို ငြင်းဆို လိုက်သည် မဟုတ်ပါလား….။

ဒီနေ့တွင် တန်ချမ်ဒေါင်က အလွန် ကြင်နာသော ဟန်နှင့် ဆက်ဆံ ပြောဆိုနေသော်လည်း သူက

လူပေါင်း ကုဋေ တစ်ရာကျော်၏ သေခြင်း၊ ရှင်ခြင်းကို ချုပ်ကိုင်ထားသော ကေရာဇ် တစ်ပါး ဖြစ်နေသေးသည်။ မည်သူက သူ့ကို မနာခံရဲဘဲ နေဝံ့မည်နည်း.....

"ပြီးတော့.....

တန်ချမ်ဒေါင်က ဒေါသစိတ် အပြည့်နှင့် ခေါင်းညိတ်လိုက်သည်။

ချင်ယန်က အချုပ်အခြာ အာဏာပိုင် သူ၏ကေရာဇ် အာဏာကို စိတ်ခေါ်နေပြီ....

မဟာသခင်များ ရှေ့နှင့် အင်ပါယာ မြို့တော်တွင် မည်သည့်အရာမှ လုပ်မည် မဟုတ်သော်လည်း အင်ပါယာ မြို့တော်မှ ထွက်သွားသည်နှင့် ကေရာဇ်တစ်ပါးကို ငြင်းဆိုသော အကျိုးဆက်ကို ချင်ယန် သိရလိမ့်မည်။

ကေရာဇ် တစ်ပါးကို စော်ကားခြင်းက ကောင်းကင်ဘုံကို စော်ကားခြင်းသာ ဖြစ်သည်။

“ကျေးဇူး အများကြီး တင်ပါတယ်။ အရှင်မင်းမြတ်.....”

ချင်ယန်က အနည်းငယ် ပြုံးပြီး ပြောလိုက်သည်။

"စဉ်းစားဖို့လား...."

လူတော်တော် များများက ချင်ယန်ကို လူသေတစ်ယောက်ကဲ့သို့ စိုက်ကြည့် နေကြသည်။ တန်ချမ်ဒေါင်၏ အမိန့်က ဆွေစဉ်မျိုးဆက် ကိုးဆက်တိတိ သတ်ဖြတ်နိုင်စွမ်း ရှိနေသည်။

ဆက်လက် အသက်ရှင်မည့် အကြောင်းကို မေ့ထားမှသာ ရလိမ့်မည်။

"အဘိုး... ဆရာကြီးချင် အဆင်ပြေမှာပါနော်..."

သွမ်ယုအာက တိုးတိုးလေး မေးလိုက်သည်။

သွမ်ရန်ကလည်း ကြိတ်ပြီး စိုးရိမ်ပူပန်နေသည်။ ချင်ယန်ထံ ဘေးဒုက္ခများ ရောက်လာမည်ကို သူ စိုးရိမ် နေမိခြင်းင်။

"ဟား..ဟား.."

ထိုအချိန်တွင် သွမ်ရန်က ရုတ်တရက် ထရယ်လိုက်သည်။

တန်ချမ်ဒေါင်နှင့် လူတော်တော် များများက သွမ်ရန်ကို လှည့်ကြည့် လာကြသည်။

"အရှင်မင်းမြတ် မင်းလည်း အငြင်းခံရတာကိုး။ အခုမှ ခံစားလို့ ပိုကောင်းသွားတယ်။ ငါက ဆေးဘုရင် ဖြစ်လာပြီး ယုအာကို ချင်ယန်နဲ့ လက်ထပ်ပေးဖို့ လုပ်ခဲ့သေးတယ်။ ဒီလူငယ်လေးကို သဘောကျ မိတာကိုး...."

သွမ်ရန် ဆေးဘုရင် တံဆိပ်ကိုထုတ်ပြီး သူ့အကျီ ရင်ဘက်ပေါ်တွင် ချိတ်ဆွဲလိုက်သည်။

သွမ်ရန်၏ ပထမ စကားကြောင့် တန်ချမ်ဒေါင်၏ စိတ်ထဲတွင် ဒေါသ ဒေါင်းခနဲ ထွက်သွားသည်။

အသူရာ ဆေးနတ်ဘုရား (ဘာသာပြန်ဟာရီကိန်း)

(အငြင်း ခံရတယ်။)

(အခုမှ ပိုပြီး ခံစားလို့ ကောင်းသွားတယ်။)

(ဘာလဲပေါ့...)

သွမ်ရန် စကား ပြောပြီးသောအခါ တန်ချမ်ဒေါင်၏ စိတ်ထဲတွင် ဒေါသများ ရုတ်တရက် ငြိမ်းသွားသည်။

သွမ်ရန်က အမှန်တကယ်ပင် ဆေးဘုရင် တစ်ယောက် ဖြစ်နေသည်။

ဆေးဘုရင် ဆိုသည်မှာ တန်ချမ်ဒေါင်နှင့် လုံးဝ အဆင့်အတန်း တူနေသည်။

"မဟာသခင် သွမ်ရန်၊ မင်း ဆေးဘုရင် ဖြစ်လာတာပဲ။ မင်းက လူတိုင်းကို တော်တော်လေး ဖုံးကွယ်ထားတာကိုး။ မင်းလည်း ဆေးဘုရင် ဖြစ်လာပြီး အငြင်းခံခဲ့ရတာပေါ့....။ အခု ငါလည်း စိတ်ထဲ ခံစားလို့ ပိုကောင်းသွားပြီ... ဟား....ဟား...."

တန်ချမ်ဒေါင်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။ ယခုမှ အနေရခက်နေသော အခြေအနေက လျော့ပါးသွားသည်။

"သွမ်ရန် ကျေးဇူး အများကြီးတင်ပါတယ်......"

ချင်ယန်၏ အသံက သွမ်ရန်စိတ်ထဲတွင် ပေါ်လာသည်။

"ဆရာကြီးချင်၊ ရပါတယ်။ ငါကဒီလိုပဲ ကူညီနိုင်တာပါ။ အရှင်မင်းမြတ်က စစ်တပ်သုံးပြီး မင်းကို မကိုင်တွယ်ဘူး ဆိုပေမဲ့ နောက်ကွယ်မှာ ပြောဖို့ခက်တယ်..."

သွမ်ရန်က အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။

“ဆရာကြီးချင်၊ ဘာဖြစ်လို့ ငြင်းလိုက်တာလဲ။ ဟို....”

“တကယ်လို့ ပါးစပ်နဲ့ အရင် သဘောတူပြီး အချိန်တန်မှ ပြန်ငြင်းလို့ ရတာပဲ....”

ချင်ယန်က စိတ်ထဲတွင် လျှောင်ရယ်နေသည်။

‘တန်ပင်ဂျီကို လက်ထပ်ဖို့ ကတိပေးရမှာလား...... “

တွေးရုံနှင့်ပင် အော့အန် ချင်လာသည်။

ထို့အပြင် လူတိုင်း ထင်ထား သကဲ့သို့ တန်ပင်ဂျီကလည်း သူ့ကို အမှန်တကယ် လက်ထပ်ချင်ခြင်း မဟုတ်ပေ။ သူ၏ ပင်ကိုယ် ပါရမီကို ဝါးမြိုချင်ရုံသာ ဖြစ်သည်။

ဟုတ်သည်။ ဒါက ပို၍ပင် အန္တရာယ် များသေးသည်။

## အခန်း(၁၈၃) - လုပ်ကြံရန် စီစဥ်ခြင်း....

"ငယ်တော့ မျက်ကန်း တစ္ဆေ မကြောက်ဘဲ။ ကြောက်ရ ကောင်းမှန်းလည်း မသိဘူး။ အရမ်း ကောင်းတယ်... ဟားဟား.."

ဝေကျူချမ်၏ စိတ်ထဲတွင် ရယ်မောနေသည်။

တန်ရောင်ကူကလည်း ပြုံးနေသည်။

မျက်နှာ ပုပ်သိုးနေသော ရှီကျန်း၏ မျက်နှာ အမူအရာကလည်း လျင်မြန်စွာ ဝင်းပသွားသည်။

'ချင်ယန်က တန်ချမ်ဒေါင်ရဲ့ စေ့စပ်ပေးမှုကို အမှန်တကယ် ငြင်းလိုက်တာပဲ....'

သွမ်ရန်က တန်ချမ်ဒေါင်ကို စကား ပြောခဲ့လျှင်ပင် တန်ချမ်ဒေါင်အပေါ် ရှိကျန်း၏ နားလည်မှုအရ ချင်ယန်က သေရန် သေချာနေပြီ.....

"ပါရမီရှင်တော့ ပါရမီရှင်ပဲ... ဒါပေမဲ့ အရှူး...."

လျှိုရှုရှန်း မျက်နှာပေါ်တွင် အပြုံးလှလှလေး တစ်ခုပေါ်လာသည်။ အစောပိုင်းက ချင်ယန်က သူမအား လက်စားလာချေမည်ကို စိတ်ပူ နေခဲ့သည်။ ယခုအခါ စိတ်မပူတော့ပေ။

လျှို့ရှုရှန်း၏ အမြင်အရ ချင်ယန်က အသက်မရှင်တော့ပေ။

"သခင်လေးချင်၊ ငါ့ကို ငြင်ပယ်လိုက်တဲ့ ကိစ္စကို အပြည့်အဝ နားလည် ပေးနိုင်တယ်။ ငါက အကာ သမားလေးပဲလေ...။ ဒါပေမယ့် နင်က အရှင့်သမီးတော် ဖြစ်တဲ့ တန်ပင်ဂျီ မင်းသမီးကိုတောင် အမှန်တကယ် ငြင်းပယ် လိုက်တာပဲ။ အရှင်မင်းမြတ်ရဲ့ ကြင်နာမှုကိုလည်း ငြင်းပယ်တယ်။ မင်းအတွက် စောက်ရမ်း ဂုဏ်ယူတယ် သိလား...."

လျှိုရူရှန်းက ရှေ့ထွက်လာပြီး ဒေါသတကြီး ပြောဆိုလိုက်သည်။

ချင်ယန်က လျှိုရူရှန်းကို ကြည့်လိုက်သည်။

လျှိုရူရှန်းက....

“သခင်လေးချင်၊ အရှင်မင်းမြတ်ရဲ့ ကျက်သရေရှိတဲ့ မင်းသမီးလေး ပင်ဂျီက နင့်ကို ချစ်နေတယ်။ မင်းသမီလေး ပင်ဂျီရဲ့ နောက်လိုက်မြင်း ဖြစ်လာရမယ့် အစား နင်နဲ့ လက်ထပ် ပေးဖို့တောင် လုပ်ခဲ့တယ်။ ဒါတောင် နင်က ဆင်ခြေတွေ ပေးနေသေးတယ်။ နင်နဲ့

ပက်သက်ပြီး ငါက အထင်လွဲခဲ့တာပဲ။ မင်းလို လူတစ်ယောက်မှာ အရည်အချင်း ဘယ်လောက်ပဲ ရှိရှိ။ ကျင့်ကြံခြင်းအဆင့် ဘယ်လောက်ပဲ မြင့်မြင့် တန်ထန် အင်ပါယာအတွက် ကောင်းတဲ့အရာ မဟုတ်ဘူး....”

ချင်ယန်က စိတ်ထဲမှ လှောင်ရယ်နေသည်။

လျှိုရှုရှန်းက အပြောင်းအလဲ မြန်လွန်းလှသည်။

တန်ပင်ဂျီက....

"နတ်သမီး မယ်တော်လေး... စကားတွေ အများကြီး မပြောပါနဲ့... ချင်ယန်က ဆင်ခြေ ပေးနေတာ မဟုတ်ဘူးလို့ ငါယုံကြည်တယ်။ အပြည့်သဘော ဆောင်တဲ့ ရလဒ်ကို ပျိုးထောင်နိုင်မယ်လို့လည်း ငါ ယုံကြည်တယ်..."

တန်ချမ်ဒေါင်က ရယ်မောလိုက်ပြီး......

"ဒီကိစ္စက ငါ့ကိုပဲ အပြစ်တင်ရမယ်။ ချင်ယန်နဲ့ ကြိုပြီး မပြောခဲ့မိဘူး။ မင်းကို လိုချင်နေတဲ့လူတွေ အများကြီး ရှိနေတော့ ငါလည်း စိတ်မရှည်ဘူး ဖြစ်သွားတယ်.... ဟား.... ဟား...။ နတ်သမီး

မယ်တော်လေး.. ချင်ယန်ရဲ့ ပင်ကိုယ် ပါရမီနဲ့ အရည်အချင်းက တန်ထန် အင်ပါယာ အတွက် ကောင်းတဲ့အရာလို့ ငါ ကိုယ်တော် ယုံကြည်တယ်....”

“ဟုတ်ကဲ့ပါ အရှင် မင်းမြတ်။ အရှင် မင်းသမီးလေး ပင်ဂျီ...”

လျှိုရှုရှန်းက အရိုအသေ ပေးလိုက်သည်။

“အရှင်မင်းကြီးကျွဲ ၊ မဟာသခင်တွေ၊ ငါ အစားများပြီး အစာမကြေ ဖြစ်နေလို့ အရှင် သွားနှင့်တော့မယ်။ လုပ်စရာ ရှိတာ ဆက်လုပ်ကြပါ”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

တန်ချမ်ဒေါင်၏ မျက်လုံးထဲတွင် အရောင်တချက် လက်သွားသည်။

'ချင်ယန်က ထွက်သွားဖို့ အသင့် ဖြစ်နေပြီလား..'

"ချင်ယန်... မင်း ခန္တာကိုယ်ကို ဂရုစိုက်ပါ..."

တန်ချမ်ဒေါင်က အနည်းငယ် ပြုံးပြီး ပြောလိုက်သည်။

တန်ပင်ဂျီက..

"ချင်ယန်၊ ငါ နင့်ကို လိုက်ပို့ပေးမယ်...."

"မလိုပါဘူး..."

ချင်ယန်က ရှန်းယုလင်းနှင့် အတူ လျင်မြန်စွာ ထွက်ခွာသွားသည်။

အင်ပါယာ ခန်းမတွင် လူတိုင်းက မတူညီသော မျက်နှာများနှင့် ကျန်ရစ်ခဲ့သည်။

"သနားစရာပဲ.."

ဟွမ်ချန်ကျန်က ကြိတ်ပြီး မချိပြုံး ပြုံးလိုက်သည်။ အကယ်၍ ချင်ယန် ကြီးပြင်းလာမည် ဆိုပါက သူတို့ စည်းသခင်

လမ်းညွှန်မှု အဖွဲ့အတွက် အများကြီး အကျိုး ရှိလိမ့်မည်။

သို့သော် ချင်ယန်က တန်ချမ်ဒေါင်ကို အမှန်တကယ် ငြင်းဆန်ခဲ့သည်။

သွမ့်ခူကျူကမူ စိတ်ထဲတွင် ဝမ်းသာလုံး ဆို့နေသည်။

သွမ်ရန်နှင့် ကူချင်းတို့ အဖွဲ့က စိတ်ပူရင်း ကျန်ရစ်ခဲ့သည်။ ချင်ယန်က တန်ချမ်ဒေါင်နှင့် အခြား အင်အားစုများကို စော်ကားထားသည်။ အင်ပါယာ

မြို့တော်မှာ နေသည်ဖြစ်စေ၊ အပြင်ထွက်သည် ဖြစ်ဖြစ် အန္တရာယ် ရှိနေပြီ....

.......

ချင်ယန်က အခန်းထဲသို့ ပြန်ရောက်သောအခါ ရှီယန်နှင့် ရှန်ကွမ်ယင်တို့က အဆင့်တက်သွားကြသည်။ ရှီယန်က မူလ အစစ်အမှန် နယ်ပယ် အဆင့် (၈) သို့ ရောက်နေပြီး ရှန်ကွမ်ယင်က ယွမ်ဟူနယ်ပယ် အဆင့် (၂) သို့ ရောက်နေသည်။

"ယန်အာ.. မဟာသခင် ပွဲတော် ပြီးသွားပြီလား...."

ရှီယန်က အံ့အော သင့်နေသည်။

မဟာသခင် ပွဲတော်ကို ညနက်သန်းခေါင်ရောက်သည်အထိ ကျင်းပလေ့ ရှိသည်။ ယခုက စောသေးသည်။

"မပြီးသေးဘူး.."

"အမေ၊ အဆင်သင့် ပြင်ထားတော့။ တစ်နာရီလောက် ကြာရင် စိတ်ဖြေရာ သင်္ဘောပေါ်က ထွက်ပြီး အင်ပါယာ မြို့တော်က ထွက်ကြမယ်.."

ချင်ယန်က အခန်းထဲ ဝင်သွားပြီးနောက် ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ်နှင့် အခြား ပစ္စည်းများကို ထုတ်ယူလိုက်သည်။

ချင်ယန် စတင် ပြင်ဆင်နေသည်။

မထင်မှတ်ဘဲ မဟာသခင် ပွဲတော် အတွင်းတွင် တန်ချမ်ဒေါင်က သူ့ကို တန်ပင်ဂျီနှင့် စေ့စပ်ပေးရန် လုပ်ခဲ့သည်။

မူလက မဟာသခင် ပွဲတော်ပြီး တစ်ရက်၊ နှစ်ရက်ခန့်နေမှ စေ့စပ်မှု ပြုလုပ် လိမ့်မည်ဟု

ချင်ယန်က ထင်နေခဲ့မိသည်။ သို့သော် တန်ချမ်ဒေါင်က စိတ်မရှည်ခဲ့ပေ။

"ကေရာဇ်တစ်ပါး အနေနဲ့ နည်းနည်းလေး သီးသန့် လုပ်လို့ မရဘူးလား ..."

ချင်ယန်က ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ်ကို အသုံးပြုကာ ကြယ် (၆) ပွင့် အဆောင်ကို သန့်စင်နေရင်း ညည်းညူလိုက်သည်။

အင်ပါယာ မြို့တော်မှ ထွက်သည်နှင့် အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်။ ဘေးကင်းစေရန် ကြယ် (၆) ပွင့် အဆောင် ရှိထားမှ ဖြစ်လိမ့်မည်။

အခန်း အပြင်ဘက်တွင် ရှန်းယုလင်းက မဟာသခင် ပွဲတော်အတွင်း ဖြစ်ပျက်ခဲ့သည့် ကိစ္စများကို ရှီယန်နှင့် အခြားလူများအား ပြန်ပြောပြနေသည်။

"ဒီကလေးက ဘယ်လို လုပ်ရမှန်း မသိတာလား...."

ရှီယန်က မချိပြုံး ပြုံးပြီး ပြောလိုက်သည်။

ရှောင်ကျူဝမ်က....

"အန်တီယန်၊ ချင်ယန်မှာ သူ့အကြောင်းနဲ့သူ ရှိနေလို့ ဖြစ်မှာပါ။ သူက လူမိုက် မဟုတ်ပါဘူး။ စိတ်မပူပါနဲ့ အန်တီယန်..."

ရှီယန်က သက်ပြင်း ချလိုက်သည်။

ချင်ယန်က လူမိုက်တစ်ယောက် မဟုတ်ကြောင်း သူမလည်း ယုံကြည်သည်။

သို့သော် ထက်မြက်သည့် သူများက အသေစောသည်။

အင်ပါယာ ခန်းမထဲတွင် တေးဂီတ အသံက ဆက်လက် ပျံ့လွင့် နေသေးသည်။

"အရှင်မင်းမြတ်၊ ချင်ယန် မပြန်သေးဘူး သူ့ အခန်းထဲမှာပဲ ရှိနေသေးတယ် ...."

လူတစ်ယောက်က တန်ချမ်ဒေါ်င်ကို အသံပို့လွှတ်ပြီး ပြောလိုက်သည်။

တန်ရှောင်ကူနှင့် အခြားလူများလည်း သတင်း ရလိုက်သည်။

တန်ချမ်ဒေါင်၏ စိတ်ထဲတွင် ထူးဆန်းသလို ခံစားနေရသည်။ ချင်ယန်က အမှန်တကယ်ပင် အစားများပြီး အနားယူရန် အခန်းထဲ ပြန်သွားသည်လော...။

သူ့အမြင်အရ ချင်ယန်က ချက်ချင်း ဆိုသလို အလောတကြီး ထွက်သွား သင့်သည်။

"ဆက်ပြီး စောင့်ကြည့်ထား..."

"ဟုတ်ကဲ့ပါ... အရှင်မင်းမြတ်.."

တန်ချမ်ဒေါင်က တန်ရောင်ကူထံ အသံ ပို့လွှတ်လိုက်ပြီး....

"ညီတော်... ကျန်တဲ့ လူတွေရဲ့ အသက်က သေသေ၊ ရှင်ရှင် အရေးမကြီးဘူး... အဓိက ချင်ယန်နဲ့ ရှီယန်ပဲ နားလည်လား..."

"ဟုတ်ကဲ့.. အစ်ကိုတော်...."

တန်ရောင်ကူက အသံ ပို့လွှတ်ပြီး ပြန် ပြောလိုက်သည်။

တန်ချမ်ဒေါင်က...

“သူတို့က အင်ပါယာ မြို့တော်က ထွက်ဖို့ လုပ်နေရင် မြို့ထဲမှာ ဘာမှမလုပ်နဲ့။ သူတို့အဖွဲ့ရဲ့ အင်းအားကလည်း အားမနည်းဘူး။ နှစ်ကူးလည်း နီးနေပြီ။ မဟာသခင် ပွဲတော်လည်း ကျင်းပ နေသေးတယ်။ ရုတ်ရုတ်သဲသဲ အရမ်း မဖြစ်စေချင်ဘူး။ တကယ်လို့ ဒီည မထွက်သွားသေးရင် မလှုပ်ရှားနဲ့အုံး..”

ရှီကျန်းက ခဏမျှ စဉ်းစားပြီးနောက် အသံ ပို့လွှတ်လိုက်ပြီး....

"တန်ရောင်ကူက ဆုံးရှုံးမှု ကြီးကြီးမား ခံစားထားရတယ်။ တန်ရောင်နန်လည်း သေထားတယ်။ ငါတို့ အကြောင်းကို ထုတ်ပြောလိုက်ရင် ချင်ယန်တို့ အဖွဲ့ရဲ့ ခွန်အားကို ဖုံးကွယ်ထားတယ် ဆိုပြီး ငါတို့အပေါ် အတာ ကျလာလိမ့်မယ်။ အားလုံး သေသေချာချာ မှတ်ထား.. ဆူးဘုရင်ကြောင့် ငါတို့ ရှီမိသားစုရဲ့ တန်ခိုးရှင်တွေ သေသွားတာ..."

"အင်ပါယာ မိသားစုနဲ့ တန်ရှောင်ကူ လက်ထဲမှာ ချင်ယန် သေသွားရင်လည်း တစ်ပူ အေးတာပဲ။ ဒါက ငါတို့အတွက် အကောင်းဆုံးပဲ..."

ရှီဟာန်ထန်က အသံပို့လွှတ်ပြီး...

"အဖေ၊ ချင်ယန်ကို ထွက်ပြေးခွင့် ပေးလိုက်မှာလား.."

"မပေးပါဘူး.."

"ချင်ယန်တို့ အဖွဲ့ရဲ့ ခွန်အား မဆိုးပေမဲ့ လွတ်မြောက်ချင်တယ် ဆိုရင် စိတ်ကူးနဲ့ပဲ ရလိမ့်မယ်..."

ရှီကျန်းက ချင်ယန်တို့ အဖွဲ့ မလွတ်မြောက်နိုင်ဘူးဟု ယုံကြည်နေသည်။

တန်ရောင်ကူက ကြီးကြီးမားမား ဆုံးရှုံးထားသဖြင့် ချင်ယန်ကို ကိုင်တွယ်သည့် နေရာတွင် ပိုမို သတိထားပြီး သေသေချာချာ ပြင်ဆင်လာမှာ အသေအချာပင်။

"မဟာသခင် သွမ့်ခူ.... မင်းဆီမှာ ချင်ယန်ကို ကိုင်တွယ်ဖို့ စိတ်ကူး ရှိလား မသိဘူး.."

တန်ရောင်ကူက သွမ့်ခူကျူကို အသံပို့လွှတ်ပြီး မေးလိုက်သည်။

သွမ့်ခူကျူ၏ မျက်လုံးများက အရောင် တောက်သွားပြီး...

"မင်းသား (၆) ဘာပြောတာလဲ...... အရှင်မင်းမြတ်က ချင်ယန်ကို ကိုင်တွယ် ချင်နေတာလား..."

“မဟုတ်ဘူး.... ချင်ယန်နဲ့ ငါ့သားက စကားများခဲ့တယ်။ ငါ့သားက မကျေနပ်လို့ ပြဿနာရှာဖို့ သူ့ဆီ လိုက်သွားတဲ့ အချိန်မှာ ချင်ယန် အဆိတ်ခပ်လိုက်လို့ ငါ့သား အပါအဝင် သွားတဲ့လူတိုင်း သေသွားကြတယ်။ ပထမတုန်းက မဟာသခင် ပွဲတော်ပြီးမှ လှုပ်ရှားဖို့ စီစဉ်ထားတာ။ အခု အခြေအနေကို ကြည့်ရတာတော့ ချင်ယန်က ထွက်ပြေးဖို့ များနေပြီ...”

"တကယ်လို့ မဟာသခင် သွမ့်ခူမှာ ဒီလို စိတ်ကူး ရှိနေတယ်ဆိုရင် ငါတို့နဲ့ ပူပေါင်းလို့ ရတယ်...."

"ချင်ယန်ဆီမှာ ပစ္စည်းကောင်းတွေ အများကြီး ရှိနေတယ်။ အချိန်တန်ရင် အကျိုးအမြတ် အများကြီး ရလိမ့်မယ်။ ချင်ယန် သေသွားရင် ဘုရင်မင်းမြတ်လည်း စိတ်တော် ပျော်သွားမှာပဲ။ အဲ့အခါကျရင် အင်ပါယာ မြို့တော်က သွမ့်ခူ မိသားစုလည်း ဖွံ့ဖြိုး တိုးတက် လာလိမ့်မယ်"

သွမ့်ခူကျူက အသံ ပို့လွှတ်လိုက်ပြီး....

“မင်းသား (၆) ပြောလိုက် ကတည်းက ငါ သဘောတူပြီးသားပါ....”

“မင်းသား (၆) မပြောရင်တောင် ငါ့မှာ စိတ်ကူး ရှိနေပြီ။ ချင်ယန်က မဟာသခင် အဆင့်အတန်းတော့ ရှိပါပေမဲ့ လူကြီးသူမ ပေါ်မှာ လေးစားရကောင်းမှန်း မသိဘူး....”

“အခုတောင် ဖင်ခေါင်း ကျယ်နေပြီ.... ထပ်ပြီး တိုးတက်လာမယ် ဆိုရင် ဖင်ခေါင်းက တစ်တောင်လောက် ဖြစ်လာလိမ့်မယ်...”

တန်ရှောင်ကူက အသံ ပို့လွှတ်လိုက်ပြီး....

“ဝေမိသားစုလည်း ပါလာလိမ့်မယ်။ ငါတို့အဖွဲ့ သုံးဖွဲ့က တစ်ဖွဲ့ကို ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက်စီ လွှတ်လိုက်မယ်ဆို ပြဿနာ ဖြစ်စရာ မရှိတော့ဘူး”

သွမ့်ခူကျူက မျှော်လင့် ထားသဖြင့် အံ့အောသင့်နေသော လေသံနှင့်.....

“မင်းသား (၆)၊ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်တောင် သုံးမှာလား..... ချင်ယန်တို့အတွက် ဒီလောက် အားစိုက်စရာ လိုလို့လား..”

"ချင်ယန်တို့ အဖွဲ့မှာ (၁၀) ယောက် ရှိတယ်။ အဲ့အထဲမှာ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက်ပါတယ်။ ချင်ယန်အမေ ရှီယန်က အမှိုက်သက်သက်ပဲ။ ချင်ယန်ရဲ့ အိမ်ဖော်တွေကလည်း ဒီလောက် သန်မာတာ မဟုတ်ဘူး..."

"မဟာသခင် သွမ့်ခူ.... မမျှော်လင့်ထားတာတွေ မဖြစ်ရအောင် မြန်မြန်ဆန်ဆန် လုပ်ပြီး မြန်မြန်ဆန်ဆန် လက်စသတ်နိုင်ရင် အကောင်းဆုံးပဲ...."

တန်ရောင်ကူက အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ...."

သွမ့်ခူကျူနှင့် သူ့တပည့်တွေ ပေါင်းလိုက်လျှင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၆) ယောက်ရှိသည်။ ထိုအထဲမှ လေးယောက် လွှတ်လိုက်ခြင်းက ပြဿနာ မရှိပေ။

ကျန်သည့် နှစ်ယောက်နှင့် သူတို့ လုံခြုံရေးက လုံလောက်သည်။

တန်ရောင်ကူ၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပနေသည်။

ဤမျှ များပြားသော တန်ခိုးရှင်များကို လွှတ်လိုက်လျှင် ချင်ယန်တို့ အဖွဲ့က ထွက်ပြေးနိုင်စွမ်း ရှိနေအုံးမည်ဟု သူ မယုံပေ။

## အခန်း(၁၈၄) - ထွက်ပြေးခြင်း....

"ရှူး..."

ချင်ယန်၏ မျက်နှာက အနည်းငယ် ဖြူဖျော့နေပြီး အသက် အကြာကြီး ရှူသွင်းလိုက်သည်.။

ချင်ယန်သည် ပြန်လည် မွေးဖွားလာပြီးနောက် အဆောင်များ ရေးဆွဲရာတွင် ပင်ပန်းခြင်း မရှိခဲ့ပေ။

ချင်ယန်၏ ယခုလက်ရှိ ခွန်အားနှင့် အဆင့် (၆) အဆောင်များ၊ ဆေးများ သန့်စင်ရန် မလွယ်ကူသေးပေ။

"အဆင့် (၆) အဆောင် (၃) ခု၊ အဆင့် (၆) ဆေးလုံး နှစ်လုံး။ ဒါက ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ်ကို အကောင်းဆုံး အသုံးချ လိုက်တာပဲ..."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။ ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ် သာမက အခြား ရတနာများကိုပါ ထည့်သွင်း အသုံးပြု ခဲ့ရသည်။

ထို ကုန်ကြမ်းများ၏ တန်ဖိုးကလည်း အလွန်မြင့်မားသည်။

ထုံးစံအတိုင်း သန့်စင်ခြင်း အောင်မြင်ထားသော အဆောင် (၃) ခု နှင့် ဆေးလုံး (၂) လုံးက ရွှေနတ်ဆိုး မျက်လုံး သူငယ်အိမ်ထက် ပို တန်ဖိုးကြီးသည်။

"အမေ၊ မဟာသခင် ပွဲတော်မှာ ဘာဖြစ်နေလဲ.."

ချင်ယန်က အပြင် ပြန်ထွက်လာပြီးနောက် မေးလိုက်သည်။

"မဟာသခင် ပွဲတော်က အစီအစဉ် (၄) ကို ဆက်လုပ်နေတယ်။ တန်ရောင်ကူက အလောင်းတွေ အများကြီး ထုတ်လာတယ်။ အခု မဟာသခင်တွေက ဘယ်လို သေဆုံးသွားလဲ ဆိုတာ စစ်ဆေး နေကြတယ်"

ချင်ယန့် မျက်လုံးထဲတွင် အလင်းရောင် တစ်ခု ဖြတ်ခနဲ လက်သွား၏။ အလောင်းများ အပေါ်တွင် သူ့ ခြေရာ၊ လက်ရာ သဲလွန်စ အနည်းငယ် ရှိနေသည်။ သာမန် မဟာသခင်များက ဒါကို မခွဲခြားနိုင်သော်လည်း အလွန် အစွမ်းထက်သည့်

မဟာသခင်များက အဆိပ်မိထားသည့် အကြောင်းကို တွေ့ရှိ သွားနိုင်သည်။

ဒါကလည်း ချင်ယန်၏ အစီအစဉ် တစ်ခုပင်.....

ဤနည်းအားဖြင့် ဆိုလျှင် တန်ရောင်ကူက အဆိပ်ကြောင့် သူ့လူများ ခွန်အား ယုတ်လျော့သွားသည် ထင်ပြီး သူတို့အဖွဲ့၏ ခွန်အားကို လျော့တွက် သွားလိမ့်မည်။ ထို့အတူ အဆိပ်ကို ကာကွယ်ရန် အာရုံ စိုက်နေလိမ့်မည်။

"အမေ၊ သားတို့ သွားသင့်ပြီ..."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

"အင်း.."

ရှီယန်က ခေါင်းညိတ်လိုက်သည်။

ထုံးစံအတိုင်း ရှောင်ကျူဝမ်နှင့် အခြားလူများက မကန့်ကွက်ကြပေ။

သူတို့အဖွဲ့ ထွက်လာကြသည်။

ချင်ယန်တို့ အဖွဲ့ သဘော်ာ ကုန်းပတ်ပေါ် မရောက်သေးခင် တန်ချမ်ဒေါင်နှင့် အခြားလူများက

ချင်ယန်တို့ အဖွဲ့ အခန်းထဲမှ ထွက်လာသည့် အကြောင်းကို သိသွားကြသည်။

“လျှိုရှူရှန်း ဒီကောင်မကို မသတ်နိုင်တာ စိတ်မကောင်း စရာပဲ..”

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြောလိုက်သည်။

လျှိုရှူရှန်းက အင်ပါယာ ခန်းမထဲတွင် ရှိနေဆဲ ဖြစ်ပြီး သူ့ကို ရန်သူများက မျက်လုံး ဒေါက်တောက် ကြည့်နေကြသည်။ လျှိုရှူရှန်းကို ထပ် သတ်လိုက်ပါက အချိန်တန်လျှင် ရန်သူများ ပိုများ လာလိမ့်မည်။

"မဟာသခင်ချင် ဘယ်သွားမလို့လဲ..."

"မဟာသခင်ချင် ပြန်တော့မလို့လား...။ စိတ်ဖြေရာ သင်္ဘောပေါ်က ထွက်သွား တော့မှာလား။ ဒါမှမဟုတ် အင်ပါယာ မြို့တော်ကနေ ညတွင်းချင်း ထွက်သွားမှာလား..."

"မဟာသခင် ပွဲတော်တောင် မပြီးသေးဘူးလေ...။ မဟာသခင်ချင်၊ မင်းက နည်းနည်းလေး လောနေသလားလို့....."

ချင်ယန်တို့ အဖွဲ့ သင်္ဘော ကုန်းပတ်ပေါ် ရောက်သွားသောအခါ လူတော်တော် များများက

လှောင်ပြောင်ပြီး ပြောဆို နေကြသည်။ ပြောချင်သည်မှာ တန်ချမ်ဒေါင်၏ ကမ်းလှမ်းမှုကို ချင်ယန် ငြင်းလိုက်သည့် အကြောင်းအား သိနေကြသည်။

အင်အားစု အချို့က ချင်ယန်နောက်သို့ လိုက်၍ အရှင်လတ်လတ် ဖမ်းဆီးရန် သို့မဟုတ် အသေသတ်ရန် အမိန့် ပေးထားကြသည်။

စိတ်ဖြေရာ သင်္ဘောပေါ်နှင့် အင်ပါယာ မြို့တော်ထဲတွင် ဘာမှ လုပ်ကြမည် မဟုတ်ပေ။ အကယ်၍ သက်ရောက်မှု ဆိုးသွားမည် ဆိုပါက

နောင်တစ်ချိန်တွင် မဟာသခင် ပွဲတော်ကို ထပ်မံကျင်းပရန် အဆင်မပြေ ဖြစ်သွားနိုင်သည်။

“လှေတစ်စင်းလောက် ချပေးပါလား..”

ချင်ယန်က ပြောလိုက်သည်။

လူတစ်ယောက်က လျှောင်ပြောင်သော လေသံနှင့်...

“ချင်ယန်၊ မင်းက အရှင်မင်းမြတ်ကိုတောင် ငြင်ခဲ့သေးတာပဲ. ဘာဖြစ်လို့ လှေလိုအုံးမှာလဲ. ကမ်းရောက်တဲ့အထိ လက်ပစ် ကူးသွားပါလား....”

“ဟုတ်တယ်။ ဒီနေ့တော့ မဟာသခင် တစ်ယောက် လက်ပစ် ရေကူးနေတာကို စောင့်ကြည့် ခံစား ရအုံးမယ်ဟေ့…”

“မဟာသခင်ချင်၊ ရေက နည်းနည်း အေးတော့ အလောင်းပုပ်သွားမယ့် ကိစ္စအတွက် စိတ်မပူနဲ့..”

စိတ်ဖြေရာ သင်္ဘောပေါ်တွင် လှေတစ်စင်း ရှိသော်လည်း စိတ်ဖြေရာ သင်္ဘောမှ ဝန်ထမ်းများက လုံးဝ မထုတ်ပေးပေ။

အနီးအနားတွင် လူအများကလည်း စောင့်ကြည့် နေကြသည်။

"ကျူဝမ်၊ ရေခဲတစ်ပိုင်း လုပ်လိုက်..."

ချင်ယန်က ပြောလိုက်သည်။

"အင်း..."

ရှောင်ကျူဝမ်က လက်နှစ်ဖက်ကို ဆန့်တန်းပြီး ချီစီးကြောင်း နှစ်ခုကို ပစ်လွှတ်လိုက်ရာ ရေမျက်နှာပြင်ပေါ်၌ အေးခဲလာသည်။ အချိန်တိုလေး အတွင်းမှာပင် ရေခဲတုံးကြီးတစ်ခု ဖြစ်ပေါ်လာသည်။

"သွားမယ်..."

ချင်ယန်တို့အဖွဲ့က ပေါ်လော မျောနေသော ရေခဲတုံးကြီး အပေါ် ခုန်ဆင်းလိုက်သည်။

ချမ်ပိုင်က အနီးအနားမှ ရေစီးကြောင်းကို ထိန်းချုပ်ပြီး ရေခဲတုံးကို ကမ်းခြေဘက်သို့ မောင်းနှင်သွားသည်။ ထို့နောက် ကမ်းစပ်သို့ လျင်မြန်စွာ ရောက်ရှိ သွားကြသည်။

"လူတိုင်း သေသေချာချာ မှတ်ထား။ ချင်ယန်နဲ့ ရှီယန်ကို အသက်ရှင်ရက် ဖမ်းရမယ်။ ကျန်တဲ့ လူတွေကို သတ်ပစ်လိုက်။ ဒါပေမဲ့ မြို့ပြင် ရောက်တဲ့အထိ စောင့်ပြီးမှ လှုပ်ရှား..."

တန်ရောင်ကူက သူ့လူ တစ်ယောက်ကို အမိန့်ပေးလိုက်သည်။

ကမ်းစပ်တွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်က ချင်ယန်တို့အဖွဲ့ကို အသင့် စောင့်ဆိုင်း နေကြသည်။

"နှင်းနဂါးမြင်း ရှိတဲ့ နေရာကိုသွား.. မြင်းစီးပြီး သွားကြမယ်..."

ရေကန်ဘေးမှ အိမ်တစ်လုံးထဲတွင် ချင်ယန်က ပထမတန်းစား မြင်း (၁၀) ကောင်ကို အချိန် အတော်ကြာ ကတည်းက ပြင်ဆင်ထားခဲ့သည်။

ဤကဲ့သို့ ဖြစ်လာမည်ကို ကြိုသိ၍ မဟုတ်ပေ။ သူ့အကျင့်အတိုင်း ဝင်လမ်း၊ ထွက်လမ်းကို ကြိုပြင်ထားခဲ့ခြင်း ဖြစ်သည်။

မြင်းများတွင် အထူး မြင်းခွာများကို တပ်ပေးထားသဖြင့် နှင်းပြင်ပေါ်တွင် စီးနှင်းရန် ပြဿနာမရှိပေ။

ကျား......

သန်းခေါင်ယံ အချိန် ဖြစ်နေသလို ချီကျင့်ရေကန်ကလည်း အင်ပါယာ မြို့တော်၏

ဗဟိုကျသည့် နေရာတွင် မရှိပေ။ လမ်းပေါ်တွင် လူရှင်းနေသည်။

နှင်းများအောက်တွင် နှင် နဂါးမြင်း ဆယ်ကောင်က မြောက်ဘက် မြို့တံခါးသို့ ဒုန်းစိုင်း ပြေးနေသည်။

မြို့တံခါးက ယခုလေးတင် ပိတ်သွားသည်။

"အင်ပါယာ မြို့တော်က ထွက်သွားဖို့လား အရမ်းကောင်းတယ်..."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များက သာမန်အရှိန်အဟုန်နှင့်သာ နောက်မှ လိုက်လာကြသည်။ ထို့အတူ နှင်းနဂါးမြင်းများ ကလည်း မြန်ဆန်လွန်းသဖြင့် တန်ခိုးရှင်များက နောက်တွင် ပြတ် ကျန်ရစ်ခဲ့သည်။

"အုပ်စု သုံးစု..."

ချင်ယန်၏ မျက်လုံးထဲတွင် အလင်းရောင်တစ်ချက် လက်သွား၏။ သတ်ချင်စိတ်က လမ်းကြောင်း သုံးခုမှ ထွက်ပေါ်လာသည်ကို ချင်ယန် အာရုံ ခံမိလိုက်သည်။

အကြီးဆုံး အဖွဲ့တွင် အဖွဲ့ဝင် (၂၀) ကျော် ပါနေသည်။

ကျန်သည့် အုပ်စုနှစ်ခုတွင် ခြောက်ယောက်စီ ပါဝင်သည်။

ကျန်သည့် အုပ်စုနှစ်ခုတွင် တစ်ခုက ရှီမိသားစုမှ ဖြစ်လိမ့်မည်ဟု ချင်ယန်က ခန့်မှန်းလိုက်ပြီး နောက်ထပ် အုပ်စုတစ်ခုက အင်ပါယာ မိသားစုမှ ဖြစ်နိုင်ချေ ရှိနေသည်။

လူအများဆုံး ပါသည့်အဖွဲ့ကမူ အင်းအားစုများ ပူးပေါင်း လုပ်ဆောင်သော အဖွဲ့ဖြစ်လိမ့်မည်ဟု

ချင်ယန်က ခန့်မှန်းလိုက်သည်။ ထိုကဲ့သို့ မဟုတ်ဘဲ အင်အားစု တစ်ခုတည်းမှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂)ယောက် လွှတ်ပေးလိုက်ပါက အံ့အောစရာ ကောင်းလွန်းနေလိမ့်မည်။

"တောက်စ်၊ ငါ့ကို တကယ် အမဲဖျက်ဖို့ ကြံနေတာပဲ..."

ချင်ယန်က ကြိတ်ပြီး ကျိန်ဆဲလိုက်သည်။

ယခုလက်ရှိ လှုပ်ရှားရန် စီစဉ် နေကြသည့် တန်ခိုးရှင် (၁၂ ) ယောက် အုပ်စုက အလွန် အံ့အောစရာ ကောင်းလွန်းသည်။ သူတို့က

လျင်မြန်စွာ လှုပ်ရှား နေကြသဖြင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်သာ ဖြစ်ရမည်။

"မောင်း.. မောင်း..."

ချင်ယန်တို့ အဖွဲ့က ချီကျင့်ရေကန်နှင့် ဝေးရာသို့ ရောက်ရှိလာကြသည်။

"ယန်အာ... အမေတို့က နှင်းတွေ ထူထပ်တဲ့ နေ့မှာပဲ ပြန်ထွက် ရပြန်ပြီ။ အင်ပါယာ မြို့တော်က ထွက်တဲ့အချိန်မှာ နှင်းတွေ ကျနေလိမ့်မယ်လို့ မမျှော်လင့်ထားမိဘူး..."

ရှီယန်က သက်ပြင်းချရင်း ပြောလိုက်သည်။

ချင်ယန်က လေးနက်သော လေသံနှင့်.....

"အမေ၊ နောင်တစ်ချိန် အင်ပါယာ မြို့တော်ကို ပြန်လာရင် ဒီလို အရှက်ကွဲ အကျိုးတနည်း ထွက်မပြေး စေရဘူးလို့ သား ကတိပေးတယ်...."

ရှီယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

လမ်းပေါ်တွင် အတားအဆီး မရှိသောကြောင့် နှင်းနဂါးမြင်း ပြေးနေသော အရှိန်က အလွန် လျှင်မြန်လွန်းလှသည်။

ဆယ်မိနစ်ကျော် ကြာသောအခါ ချင်ယန်တို့အဖွဲ့က မြောက်ဘက် မြို့တံခါး အနီးသို့ ရောက်လာကြသည်။

"မဟာသခင် ချင်ယန် ၊ ဒီအချိန်ကြီး မြို့ထဲက ထွက်မှာလား...."

ကင်းမျှော်စင်ပေါ်မှ အသံတစ်ခု ထွက်လာသည်။ နှင်းနဂါးမြင်း ဆယ်ကောင်က ရပ်တန့်လိုက်ကြသည်။

"ဟုတ်တယ်.. တံခါး ဖွင့်ပေးပါ..."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

မဟာသခင် တစ်ယောက်အနေနှင့် အထူးအချိန်ဖြစ်ပါက ညနက်သန်းခေါင်မှ မြို့အပြင်ထွက်ချင်လည်း မြို့တံခါး ဖွင့်ပေးရန် တောင်းဆိုနိုင်သည်။ ယခုလက်ရှိ အချိန်က အထူးအချိန်ဖြစ်နေသည်။ သေရေး ရှင်ရေးလောက် အရေးကြီးသော အချိန် မရှိပေ။

ကင်းမျှော်စင် ပေါ်တွင် လူငယ်တစ်ယောက်က အရေး မလုပ်သော လေသံနှင့်.....

"မဟာသခင်ချင်၊ နှင်း အရမ်းကျနေရင် လမ်းချော်နိုင်သလို လူဆိုးဂိုဏ်းတွေလည်း အများကြီး

ရှိတယ်နော်။ မဟာသခင်ချင် ဒီအချိန်မှ မြို့ပြင်ထွက်မယ်ဆို အရမ်း အန္တရာယ်များတယ်.. နောက် တစ်ခေါက်လောက် ထပ်စဉ်းစားပါလား…”

“စဉ်းစားစရာ မလိုဘူး…. တံခါးသာ ဖွင့်ပေးပါ…”

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

“ကောင်းပြီလေ… မဟာသခင်ချင်၊ ဘေးကင်းဖို့ မျှော်လင့်ပါတယ်…”

“မြို့တံခါး ဖွင့်လိုက်…”

လူငယ် အစောင့်က ကျယ်လောင်စွာ အော်ဟာစ်လိုက်သည်။ လေးလံသော မြို့တံခါးကြီးက ဖြည်းဖြည်းခြင်း ပွင့်လာပြီး နှင်းနဂါးမြင်း ဆယ်ကောင်က အမြန် ပြေးထွက် သွားကြသည်။

"ဒီလို မဆင်မခြင် လုပ်ရင် သက်ဆိုး မရှည်တတ်ဘူး.....။ မင်းအလောင်းကို တွေ့ရဖို့ မျှော်လင့်တယ်..."

လူငယ်အစောင့်က ချင်ယန်ကို မုန်းတီးနေသဖြင့် စိတ်ထဲမှ လှောင်ရယ်လိုက်သည်။

တန်ရောင်ကူ စေလွှတ်ခဲ့သော ယွမ်ဟူနယ်ပယ် တန်ခိုးရှင် သုံးယောက်ထဲတွင် တစ်ယောက်က သူနှင့် ရင်းနှီးနေသည်။ ထိုတန်ခိုးရှင် သေဆုံးမှုကြောင့် လူငယ်လေးက ချင်ယန်ကို မုန်းတီးနေခဲ့ခြင်းပင်။

"သွား..."

မြို့တံခါးနှင့် မနီးမဝေး မြို့တံတိုင်းပေါ်သို့ လူအရိပ်များက တစ်ယောက်ပြီး တစ်ယောက် ခုန်ကျော်သွားသည်။

အင်ပါယာ မြို့တော် မြို့တံတိုင်းက အလွန်မြင့်မားသော်လည်း ယွမ်ဟူနယ်ပယ် တန်ခိုးရှင်အတွက်မူ စာဖွဲ့စရာ ကိစ္စ မဟုတ်ပေ။

"ကျား....."

ချင်ယန်တို့ အဖွဲ့၏ နှင်းနဂါးမြင်းဆယ်ကောင်က လျင်မြန်စွာ ပြေးနေသလို ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်ကလည်း နောက်မှ ပြေးလိုက် နေကြသည်။ သူတို့က ကြားဖြတ် တိုက်ခိုက်ရန် အစီအစဉ် မရှိသေးပေ။

အင်ပါယာ မြို့တော်နှင့် နီးနေသေးသလို မဟာသခင် ပွဲတော်ကလည်း မပြီးသေးသဖြင့် တိုက်ပွဲ ဖြစ်ပွားပါက ပေါက်ကြား သွားနိုင်သည်။

ဆယ်မိနစ်ကျော် ကြာပြီးနောက်.....

ချင်ယန်တို့အဖွဲ့က အင်ပါယာ မြို့တော်နှင့် ကီလိုမီတာ (၂၀) အကွာသို့ ရောက်ရှိလာကြသည်။

ပတ်ဝန်းကျင်တွင် အိမ်များ မရှိတော့ဘဲ စိမ်းလန်းစိုပြေနေသော သစ်ပင်များနှင့် အုပ်ဆိုင်းနေသည်။

"ဒီနေရာမှာ ချင်ယန်ကို မြေမြှုပ်ဖို့ အကောင်းဆုံးပဲ....။ ငါတို့ လှုပ်ရှားကြရအောင်..."

"အနာဂါတ်မှာ အဆောင်ဘုရင် တစ်ယောက် ဖြစ်လာနိုင်တဲ့ မဟာသခင် လူငယ် တစ်ယောက်ကို အရှင်လတ်လတ် ဖမ်းရမယ်ဆိုတော့ တွေးကြည့်ရင်းနဲ့တောင် စိတ်လှုပ်ရှား လာပြီ...."

လိုက်လာကြသည့် တန်ခိုးရှင် (၁၂)ယောက် အနက် တန်ရောင်ကူ၏ လက်အောက်ငယ်သား တန်ခိုးရှင်များ လှောင်ပြောင်ပြီး ပြောဆို လိုက်ကြသည်။ သူက ယွမ်ဟူနယ်ပယ် အဆင့် (၈)

ဖြစ်ပြီး တန်ရောင်ကူထံမှ အကျိုးအမြတ် များစွာ ရရှိထားခဲ့သဖြင့် ယခုလက်ရှိတွင် တန်ရောင်ကူက သူ့ထက် အားနည်းသော်လည်း တန်ရောင်ကူ အပေါ်တွင် သစ္စာ ရှိနေသည်။

ယခင် ချင်ယန် လက်ချက်နှင့် သေဆုံးခဲ့သော ချန်လင်းက သူနှင့် ဆက်ဆံရေး ကောင်းမွန်သဖြင့် ထန်ကျန်းက ချင်ယန်ကို မုန်းတီးနေသည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နောက် တစ်ယောက်က ပြုံးလိုက်ပြီး……

“ အစ်ကိုလေး..... ကျန်တဲ့လူတွေက သောက်စားပျော်ပါး နေကြတယ်။ ငါတို့က အသည်းအသန် ပြေးနေရတယ်။ နောက်ပိုင်းကျရင် ချင်ယန်ရဲ့ အိမ်ဖော်တွေကို အသက်ရှင်ရက် ဖမ်းပြီး မပျော်ချင်ဘူးလား...။ ချင်ယန်က ပန်းသေနေတယ် ဆိုတော့ သူ့ အိမ်ဖော်လေးတွေက အမုန်လေးတွေ ဖြစ်နေမှာပဲ။ စားကောင်းလိုက်မယ့် ဖြစ်ခြင်း....”

“ အစောင့်ထဲက မိန်းမ နှစ်ယောက်ကလည်း လှတယ်... တောက်စ်... ပြောရင်း သရည်တောင် ကျလာပြီ....”

ထိုတန်ခိုးရှင်က သွမ့်ခူကျူ၏ လက်အောက်ငယ်သား ဖြစ်ပြီး အခြားနိုင်ငံမှ တန်ခိုးရှင် တစ်ယောက်ပင်။ သွမ့်ခူကျူ ကိုယ်တိုင်က အကျင့် မကောင်းသဖြင့် သူ့နောက်လိုက်ကလည်း ဒီပုပ်ထဲမှ ဒီပဲ ဖြစ်နေသည်။

"ဟုတ်တယ်....."

ထန်ကျန်းက ခေါင်းညိတ်လိုက်သည်။ သွမ့်ခူကျူ နောက်လိုက် လေးယောက်နှင့် ဝေအိမ်တော်မှ နောက်လိုက် လေးယောက်ကို သူ အမိန့်ပေး၍

မရပေ။ လူ့လက်အောက် ငယ်သားများ မဟုတ်ကြချေ။

ထို့အပြင် ချင်ယန်ကို မုန်းတီး နေသော်လည်း ရှောင်ကျူဝမ်တို့ မိန်းကလေး အဖွဲ့ကို ဒီအတိုင်း ခေါင်းဖြတ် သတ်လိုက်ရမည့် အတွက် အနည်းငယ် နှမြော နေမိသည်။

"ဒါပေမဲ့ ချင်ယန်နဲ့ ရှီယန်ကို အသက်ရှင်ရက် ဖမ်းရမယ်ဆိုတာ လူတိုင်း မမေ့နဲ့နော်။ ဒီလိုမှ မဟုတ်ရင် စစ်ဆင်းရေး အောင်မြင်ပြီး မျက်နှာ မရဘဲ ခြေထောက် ရနေအုံးမယ်..."

ဝေမိသားစု တန်ခိုးရှင် လေးယောက်ထဲမှ သုံးယောက်က လက်ကျိုး ခဲ့ကြသည်။ သို့သော် စိတ်ဝိညာဉ် ဆေးများကို သောက်သုံးခဲ့သဖြင့် ယခုအခါ သူတို့၏ လက်များက ပြန်ကောင်း နေကြပြီ......

သူတို့ထဲမှ တစ်ယောက်က ရက်စက်စွာ ပြုံးလိုက်ပြီး.....

"အစ်ကို စိတ်မပူနဲ့.... ငါတို့ဘက်မှာ (၁၂) ယောက်ရှိတယ်။ ဒါတောင် မနိုင်သေးရင် ကိုယ့်လည်ပင်းကိုယ် လှီးဖြတ်လိုက်မယ်..."

"မိုက်မဲပြီး အထူအပါး နားမလည်တဲ့ ချင်ယန်၊ တန်ဖိုး တစ်ခုတော့ ပေးဆပ်ရမယ်...."

# အခန်း(၁၈၅) - တန်ပြန် တိုက်ခိုက်ခြင်း....

နှင်းထုက (၁၀) စင်တီမီတာ ကျော်ရှိနေပြီး တိုက်ခိုက်သော လေအေးများက ဓါးသွားများ အလား စူးရှနေသည်။

ချင်ယန်တို့ အဖွဲ့က မြင်းကို ဒုန်းစိုင်းပြီး စီးလာကြသည်။

သူတို့နောက်တွင် ယွမ်ဟူ နယ်ပယ် တန်ခိုးရှင် (၁၂) ယောက်က အလွန် လျင်မြန်စွာ ချည်းကပ်

လာကြသည်။ နှင်းနဂါးမြင်းက အန္တရာယ်ကို သတိထားမိပုံရပြီး တဟီးဟီး ဟီနေကြသည်။

"မကြာခင် လှုပ်ရှား လာတော့မယ်လို့ ခန့်မှန်း ရတယ်...."

အခြားတစ်ဖက်တွင် အင်ပါယာ မိသားစုမှ တန်ခိုးရှင်များနှင့် ရှီမိသားစုမှ တန်ခိုးရှင်များက မရောက်ကြသေးပေ။ သူတို့က တစ်ကီလိုမီတာ အကွာတွင် ရှိနေပြီး မှိန်ဖျော့ဖျော့ ညအရောင်ကြောင့် မမြင်ရသော်လည်း ဒီဘက်မှ တိုက်ပွဲသံကို သေချာပေါက် ကြားနိုင်သည်။

အကယ်၍ လိုအပ်ပါက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များသည် တစ်ကီလိုမီတာ အကွာအဝေးသို့ မိနစ်ဝက်အတွင်း ရောက်အောင် လာနိုင်သည်။

"ယွမ်ဟူ နယ်ပယ် တန်ခိုးရှင် (၁၂) ယောက်.. သိုင်းဝိညာဉ် သုံးစရာ မလိုလောက်ဘူး...."

"ငါတို့တွေ သိုင်းဝိညာဉ် မသုံးဘဲ အကောင်းဆုံး ကြိုးစားကြမယ်..."

"ကျားဘုရင်၊ ရှန်ကွမ်ယင်၊ စာသင်သား၊ ကျွမ်းစစ်၊ မင်းတို့က ဘယ်ဘက်က ဝင်လာမယ့် တန်ခိုးရှင် လေးယောက်ကို ခဏ တားထား"

“စီနီယာ အစ်မ၊ မင်းနဲ့ ကျူယင်က နှင်းကျနေတဲ့ အချိန်မှာ လှုပ်ရှားဖို့ အသင့်တော်ဆုံးပဲ။ ညာဘက်က ဝင်လာမယ့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက်ကို ကိုင်တွယ်လိုက်။

“ယုလင်း၊ ဟွာဝမ်ရိုက ကျန်တဲ့ သုံးယောက်ကို ထိန်းထား.. မင်းတို့ရဲ့ ဆွဲဆောင်မှုနဲ့ ရန်သူကို အာရုံ ထွေပြားသွားအောင် လုပ်နေတဲ့အချိန်မှာ ငါ သတ်လိုက်မယ်...”

"အမေက အာရုံစိုက်ထား..... ဘယ်သူမဆို အန္တရာယ် များတာနဲ့ အသက်စွမ်းအင် ထောက်ပံ့ပြီး ကူညီပေးလိုက်...."

ချင်ယန်က အသံပို့လွှတ်ပြီး လျင်မြန်စွာ အစီအစဉ် ဆွဲလိုက်သည်။

"ကောင်းပြီ....."

ရှီယန်နှင့် အခြားသူများက ခေါင်းညိတ် လိုက်ကြသည်။

မီတာ (၂၀၀)......

မီတာ (၁၀၀)...

မီတာ (၅၀)....

သူတို့ကို လိုက်ဖမ်းနေသော တန်ခိုးရှင် (၁၂) ယောက်က တစ်ယောက်ပြီး တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။

"အသင့်ပြင်.. သတ်...."

ချင်ယန်က အော်ဟစ်လိုက်သည်။

ချင်ယန်တို့အဖွဲ့က မြင်းပေါ်မှ ခုန်ဆင်းပြီး ရုတ်တရက် နောက်လှည့် ပြေးသွားကြသည်။

တန်ခိုးရှင် (၁၂) ယောက်က အလွန် လျင်မြန်စွာ လိုက်လာသဖြင့် ခဏလေးအတွင်း ထိပ်တိုက် တွေ့ဆုံသွားကြသည်။

နောက်မှ လိုက်လာသော တန်ခိုးရှင်များက ပြန်ဆင်ချိန် မရသေးပေ။

မုဆိုးက ယုန်ကိုလိုက်သည့် အချိန်တွင် ယုန်က မည်သည့်အချိန်မှ ပြန်လှည့် ကိုက်ဖူးသနည်း…

"သတ်…."

ချမ်ပိုင်နှင့် အခြားလူများက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ချင်ယန် စီစဉ်ထားသည့် အတိုင်း ကျားဘုရင် ချမ်ပိုင်နှင့် ကျန်သည့်လူများက ဘယ်ဘက်မှ တန်ခိုးရှင် လေးယောက်ထံ ပြေးဝင်သွားပြီး ရှောင်ကျူဝမ်နှင့် ရှောင်ကျူယင်တို့က ညာဘက်မှ လေးယောက်ထံ ပြေးဝင်သွားသည်။

အလယ်မှ တန်ခိုးရှင် လေးယောက်ကမူ တန်ရှောင်ကူ စေလွှတ်လိုက်သော တန်ခိုးရှင်များ ဖြစ်ပြီး သူတို့ထဲတွင် အစွမ်း အထက်ဆုံး

ယွမ်ဟူနယ်ပယ် အဆင့် (၈) ရောက်နေသည့် ထန်ကျန်း ဖြစ်သည်။

ယခင်က ဗိုလ်ချုပ်ကြီး အိမ်တော်မှ တန်ရောင်နန် သေဆုံးခဲ့သည်။ ထို့ကြောင့် ချင်ယန်တို့ကို ကိုင်တွယ်ရန် အကောင်းဆုံး လူများကို စေလွှတ်လိုက်ခြင်းပင်။

"မင်းရဲ့ ပြိုင်ဘက်က ငါပဲ..."

ရှန်းယုလင်းက ကျက်သရေရှိစွာ အော်ဟစ်လိုက်သည်။ သူမ ပြိုင်ဘက်က ယွမ်ဟူနယ်ပယ် အဆင် (၄) တန်ခိုးရှင် တစ်ယောက်ပင်.....

သူတို့နှစ်ယောက် အနား ကပ်လာသည်နှင့် ရှန်းယုလင်း၏ နူးညံ့သော လက်ဖြူဖြူလေးက ယွမ်ဟူနယ်ပယ် အဆင့် (၄) တန်ခိုးရှင်၏ ရင်ဘက်ကို လှမ်းရိုက်လိုက်သည်။

ယွမ်ဟူနယ်ပယ် အဆင့် (၄) တန်ခိုးရှင်က ရုတ်တရက် ထိတ်လန့်သွားသည်။ သို့သော် ရှန်းယုလင်းထံမှ မူလ အစစ်အမှန် နယ်ပယ် အဆင့် (၇) အော်ရာကို မြင်လိုက်လျှင် စိတ်ပြန် အေးသွားသည်။ မူလ အစစ်အမှန် နယ်ပယ် အဆင့်

(၇) ကလေးမလေး တစ်ယောက်ကို သူ မကြောက်ပေ။

ထို့ကြောင့် ယွမ်ဟူနယ်ပယ် အဆင့် (၄) တန်ခိုးရှင်က အနည်းငယ် သတိ ပေါ့သွားသည်။

ထို့နောက် သူတို့နှစ်ယောက်၏ လက်ဝါးများ မတွေ့ဆုံခင် ရှန်းယုလင်း၏ စိတ်ဝိညာဉ် တိုက်ခိုက်မှုက သူ့ထံ အရင်ဆုံး ရောက်ရှိလာပြီး ခေါင်းတစ်ခုလုံး ကိုက်ခဲသွားသည်။

ရှန်းယုလင်း လေ့ကျင့်ထားသော ပဋ္ဌလက် သိဒ္ဓိကျင့်စဉ်ကြောင့် သူမ၏ စိတ်ဝိညာဉ်

တိုက်ခိုက်မှုက အလွန် ကောင်းမွန်နေသည်။ အကောင်းဆုံး ကြိုးစားမည် ဆိုပါက ဂီတတူရိယာ အကူပစ္စည်းများ မပါဘဲ တိုက်ခိုက်နိုင်သည်။

ဘုန်း.....

လက်ဝါး နှစ်ဖက်က လွဲချော်သွားပြီး ရှန်းယုလင်း၏ နူးညံ့သော လက်ဖြူဖြူလေးက ယွမ်ဟူနယ်ပယ် အဆင့် (၄) တန်ခိုးရှင်၏ ရင်ဘက်ကို ထိမှန်သွားရာ ယွမ်ဟူ နယ်ပယ် အဆင့် (၄) တန်ခိုးရှင်က ဖွဲအိတ် တစ်ခုကဲ့သို့ လွင့်ထွက်သွားသည်။

သူ့ခန္ဓာကိုယ်က ဒဏ်ရာ လုံးဝ မရခဲ့သော်လည်း တစ်ကိုယ်လုံး အားနည်းပြီး မူးနောက်နောက် ဖြစ်သွားသည်။

ထို့အပြင် ဟွာဝမ်ရိုကလည်း တိုက်ခိုက်လိုက်သည်။ သူမက ယခင် ယွမ်ဟူနယ်ပယ် အဆင့် (၇) မှာပင် နတ်ရတနာ အသက်သွင်းထားသောကြောင့် သွေးဘုရင်ထက် အားကောင်းနေပြီ ဖြစ်ရာ ယခုအခါ သူမ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၈)

ရောက်နေပြီ ဖြစ်သဖြင့် ယခင်ကထက် ပိုမို အားကောင်း နေသည်။

သူတို့ထဲမှ အစွမ်း အထက်ဆုံးက ထန်ကျန်း ဖြစ်ပြီး ယွမ်ဟူနယ်ပယ် အဆင့် (၈) သာ ရှိသေးသည်။

ဟွာဝမ်ရိုက အင်ပြည့် အားပြည့် အစွမ်းထုတ်လိုက်ရာ ကျန်သည့် သုံးယောက်လုံး တစ်ချက် ငိုင်သွား၏။ သူတို့ မျက်လုံးထဲတွင် ဟွာဝမ်ရို တစ်ယောက်တည်းသာ ရှိတော့ပြီး ခုခံဖို့ပင် မေ့နေသည်။

"သေစမ်း....."

ထိုအချိန်တွင် ချင်ယန် လက်ထဲ၌ ဆေဘာ တစ်ချောင်း ကိုင်ထားသည်။

ပြန်လည် မမွေးဖွားခင်က ချင်ယန်ကို အသူရာ ဆေဘာနတ်ဆိုး နတ်ဘုရားဟု ခေါ်ဆိုကြပြီး သူ၏ အစွမ်းထက်ဆုံး တိုက်ခိုက်မှုက ဆေဘာ တိုက်ခိုက်မှုပင်.....

ထိုဆေဘာကို ရွှေဦးချို သိဒ္ဓိမြို့ဘက်တွင် ရရှိခဲ့ခြင်း ဖြစ်ပြီး လောင်လန်နာက သူ့ကို ပေးလိုက်ခြင်း ဖြစ်သည်။ ဒါက ငွေတုံး

သန်ပေါင်းများစွာ တန်သော အဆင့် (၆) ဆေဘာ တစ်လက်ပင်။

ချင်ယန်က ယူချင်သည့် ရည်ရွယ်ချက် မရှိသော်လည်း ချင်ယန်က လောင်လန်နာ အတွက် မြို့သခင် ရာထူးကို တည်ငြိမ်အောင်၊ ကျင့်ကြံခြင်း အဆင့် မြင့်တက်အောင်နှင့် သူမ၏ နတ်သူငယ် သွေးမျိုးဆက် တိုးတက် လာအောင် ကူညီပေးခဲ့သဖြင့် လောင်လန်နာက ဇွတ်အတင်း ပေးနေခဲ့သည်။ ထို့ကြောင့် ချင်ယန်က

မငြင်းရက်တော့ဘဲ ယူလာခဲ့သည်။ ရှီမိသားစုနှင့် ကိစ္စမှာပင် ထုတ် မသုံးခဲ့ချေ။

ဖောက်.. ဖောက်.. ဖောက်......

ချင်ယန်က သူကိုယ်တိုင် ဖန်တီးထားသော မိုးကြိုးဒေါသ ဆေဘာ ကျင့်စဉ်ကို ထုတ်သုံးလိုက်သည်။ ထိုကျင့်စဉ်၏ တိုက်ခိုက်မှု အစွမ်းက သာမန်သာ ဖြစ်သော်လည်း အလွန် အင်မတန် လျှင်မြန်သော အရှိန်ကို အသား ပေးထားသည်။

ဆေဘာ အလင်း သုံးချက် လက်သွားပြီး ထန်ကျန်းတို့ ခေါင်းသုံးခေါင်းက ချက်ချင်း ပြတ်ထွက်သွားသည်။

ချင်ယန်က မိုးကြိုး ဒေါသ ဆေဘာကျင့်စဉ်ကို အသုံးမချဘဲ သာမန် ကျင့်စဉ်ကို အသုံးချလျှင်ပင် သူ၏ တိုက်ခိုက်ရေးအစွမ်းက ယွမ်ဟိုင်နယ်ပယ်တွင် ရှိနေသည်။ ထို့ကြောင့် ငေးငိုင်နေသော လူသုံးယောက်၏ ခေါင်းသုံးခေါင်းကို အလွယ်တကူ ဖြတ်ချ နိုင်ခဲ့သည်။

ဖောက်......

ရှန်းယုလင်း၏ နေရာတွင် သူမ၏ ပြိုင်ဘက်က မှုးနောက်နောက် ဖြစ်နေရာမှ မသက်သာသေးခင် ချင်ယန်က ပြေးဝင်လာပြီး ဆေဘာနှင့် ခုတ်ချလိုက်သည်။

တစ်စက္ကန့်၊ နှစ်စက္ကန့် အတွင်းမှာပင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂)ယောက် အနက် လေးယောက် သေဆုံး သွားခဲ့သည်။

"ဆုတ်... ဆုတ်...."

"ဘောပဲ.... ချင်ယန်တို့ရဲ့ အင်းအားက များနေပြီ..."

“ကယ်ကြပါအုံး.....””

ကျန်ရှိသည့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၈) ယောက်လုံး တုန်လှုပ် သွားကြသည်။ ဒီ အခြေအနေက သူတို့ မျှော်လင့်ထားသည်နှင့် အလွန် ကွာခြားနေသည်။

သူတို့ (၁၂)ယောက် အနက် (၄) ယောက်က မျက်စိတစ်မှိတ်အတွင်း သေဆုံး သွားခဲ့သည်။

“လွတ်မယ် ထင်နေတာလား....”

ချင်ယန်က ငရဲပြည်မှ တက်လာသော နတ်ဆိုးတစ်ကောင် ကဲ့သို့ အေးစက်စွာ ပြောလိုက်သည်။

ချင်ယန်နှင့် ဟွာ၀မ်ရိုတို့က ချမ်ဟိုင်တို့နှင့် တိုက်ခိုက်နေသည့် သွမ့်ခူကျူ စေလွှတ်လိုက်သော တန်ခိုးရှင် လေးယောက်ကို ၀င်ရောက် တိုက်ခိုက်လိုက်သည်။

“မဟာသခင်ချင်၊ ငါတို့ မှားပါတယ်။ အခုချက်ချင်း ထွက်သွားပါ့မယ်..”

"မဟာသခင်ချင်၊ မင်းကို ထပ်ပြီး ပြဿနာ မရှာတော့ဘူးလို့ ကတိပေးပါတယ်..."

တန်ခိုးရှင် နှစ်ယောက်က ကြောက်လန့်တကြား အော်ဟစ် လိုက်ကြသည်။

"အလှူအိမ် မဟုတ်ဘူးကွ.... လာပြီးရင် သေရမယ်...."

ဟွာဝမ်ရိုက တန်ခိုးရှင် လေးယောက်ထဲမှ တစ်ယောက်ကို စိုက်ကြည့်လိုက်ရာ ထို တန်ခိုးရှင်က ချက်ချင်း ငေးငိုင် သွားသည်။

ယခုလက်ရှိ ဟွာဝမ်ရို၏ ခွန်အားက သွေးဘုရင်ထက် သာလွန်ပြီး သူမ၏ ကျက်သရေနှင့် ဆွဲဆောင်မှုက ယွမ်ဟိုင် အဆင့်သို့ မရောက်သေးသော်လည်း ယွမ်ဟူနယ်ပယ် အဆင့် (၃) တန်ခိုးရှင် တစ်ယောက်ကို ညှို့ယူရန် အလွန်လွယ်ကူနေသည်။

ဖောက်.....

ထိုတန်းခိုရှင် ငေးငိုင်သွားသည်နှင့် ချမ်ဟိုင်၏ လုံက သူ့လည်ပင်းထဲ တိုးဝင်သွားသည်။

တစ်ချိန်တည်းမှာပင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) တန်ခိုးရှင်ကို ချင်ယန်က သတ်ပစ်လိုက်သည်။

မျက်စိ တစ်မှိတ် အတွင်းမှာပင် ထိုနေရာရှိ တန်ခိုးရှင် လေးယောက်အနက် နှစ်ယောက်သာ ကျန်တော့သည်။ ကျန်သည့် လေးယောက်ကို ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က ထိန်းထားသည်။

"ပြေး.... လွတ်အောင်ပြေး......"

တန်ခိုးရှင် လေးယောက်က လူစုခွဲပြီး ထွက်ပြေးချင်သော်လည်း ရှောင်ကျူဝမ်တို့ ညီအစ်မနှစ်ယောက်ကြောင့် ထွက်မပြေးနိုင် ဖြစ်နေသည်။

ယနေ့တွင် နှင်းများ ထူထပ်စွာ ကျဆင်းနေသဖြင့် ရှောင်ကျူဝမ်နှင့် ရှောင်ကျူယင်တို့၏ ခွန်အားက အများကြီး တိုးတက်လာနေသည်။ ထို့အပြင်က ရှန်းယုလင်းက ကုချင်းတစ်လက် ကိုင်ပြီး ပေါ်လာသည်။

သူမတို့ သုံးယောက်က ရန်သူကို မသတ်နိုင်သော်လည်း တားဆီးထားရန် ပြဿနာမရှိပေ။

"မဟာသခင်ချင်၊ သနားပါဗျာ...."

"အား..."

ချင်ယန်တို့ဘက်တွင် ကျန်ရှိသော တန်ခိုးရှင်နှစ်ယောက်အနက် တစ်ယောက်က ယွမ်ဟူ နယ်ပယ်အဆင့် (၂) သာ ရှိသဖြင့် ရှန်ကွမ်ယင်က ချက်ချင်းခေါင်းဖြတ်လိုက်သည်။ နောက် တစ်ယောက်ကို ချင်ယန်က သတ်ဖြတ် လိုက်သည်။

"သတ်...."

ထို့နောက် ချင်ယန်တို့ အားလုံးက ကျန်ရှိသည့် တန်ခိုးရှင် လေးယောက်ထံ ပြေးသွားကြသည်။

ရှောင်ကျူဝမ်တို့နှင့် တိုက်ခိုက်နေသော တန်ခိုးရှင် လေးယောက်က သိုင်းဝိညာဉ်များကို ထုတ်လွှတ် ထားသော်လည်း ချင်ယန်တို့ အဖွဲ့နှင့် ရင်ဆိုင်ရသောအခါ သိုင်းဝိညာဉ်က အသုံးဝင်ခြင်း မရှိတော့ပေ။

စက္ကန့် အနည်းငယ် ကြာသောအခါ သိုင်းဝိညာဉ်က ပြီးဆုံးသွားသည်။

ဟွာဝမ်ရိုက တန်ခိုးရှင် တစ်ယောက်ကို ငေးငိုင်သွားအောင် လုပ်ခဲ့ပြီး ချမ်ဟိုင်က လှံနှင့် ထိုးသတ်လိုက်သည်။

ရှောင်ကျူဝမ်နှင့် ကျန်သည့်လူများက ကျန်သည့် တန်ခိုးရှင် သုံးယောက်ကို ဆွမ်းကြီး ဝိုင်းလောင်း လိုက်ကြသည်။

ထိုအချိန်တွင် တိုက်ပွဲကလည်း ပြီးဆုံး သွားခဲ့သည်။

ရေးသားရတာ ရှည်လျား ထွေပြားနေသော ဇာတ်လမ်း အစအဆုံးက (၁၂) စက္ကန့်၊ (၁၃) စက္ကန့်အတွင်း ဖြစ်ပွားသွားခဲ့ခြင်း ဖြစ်သည်။

နှင်းများ ထူထပ်နေသော မြေပြင်ပေါ်တွင် အလောင်း (၁၂)လောင်း လဲနေပြီး စီးကျနေသော သွေးများကြောင့် နှင်းပြင်တစ်ခုလုံး နီရဲနေသည်။

အသက်လုတိုက်ပွဲ ဖြစ်သော်လည်း စွမ်းအား ကွာခြားမှု ကြီးမားသောကြောင့် တိုက်ပွဲက မကြာခဲ့ပေ။

အထူးသဖြင့် တစ်ဖက် ရန်သူကို လျှော့တွက်ခဲ့မိသည့်အတွက် ဖြစ်သည်။

"ရပ်စမ်း….."

မီတာ အနည်းငယ် ဝေးကွာသော နေရာတွင် အဘိုးအို တစ်ယောက်က ရုတ်တရုတ် အော်ဟာစ်ပြီး လက်ကို မြှောက်လိုက်ရာ ကျန်သည့် တန်ခိုးရှင် (၅) ယောက်လည်း ချက်ချင်း ရပ်တန့်သွား၏။

သေသေချာချာ နားထောင်သော အခါ ချင်ယန်တို့ ဘက်ခြမ်းတွင် မည့်သည့် အသံမှ

မကြားရတော့ပေ။ မသိပါက ဘာမှ မဖြစ်ခဲ့သလို ဖြစ်နေသည်။

"ပြန်ဆုတ်... လူစုခွဲ..."

အဘိုးအို၏ မျက်နှာ အမူအရာက အမှန်တကယ် ရုပ်ဆိုးနေသည်။ ယခုလေးတင် တိုက်ခိုက်နေသော အသံများနှင့် အော်ဟစ် အကူအညီ တောင်းနေသော အသံများကို ကြားခဲ့ရသေးသည်။ ယခုအခါ ဘာမှ မကြား ရတော့ပေ။

ချက်ချင်း ဆိုသလို တန်ခိုးရှင် (၆) ယောက်လုံးက လူစုခွဲပြီး ပြန်ပြေး သွားကြသည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များ ဖြစ်ကြသဖြင့် သူတို့ ထွက်ပြေးသွားသည့် အရှိန်က အလွန် လျင်မြန် လွန်းလှသည်။

## အခန်း(၁၈၆) - မှန်းချက်နဲ့ နှမ်းထွက် မကိုက်ခြင်း..

“ဟွာဝမ်ရို၊ မင်းနဲ့ငါက တစ်ယောက်စီကို လိုက်ဖမ်းမယ်...။ စီနီယာအစ်မ၊ မင်းနဲ့ ကျူယင်က နှစ်ယောက် ပေါင်းပြီးတော့ အစွမ်းထက်တဲ့ တစ်ယောက်ကို လိုက်ဖမ်း.... ။ ကျန်တဲ့လူတွေက ဒီနေရာမှာပဲ အတူတူ စုပြီးနေကြ....”

ချင်ယန်တို့ နောက်သို့ လိုက်လာခဲ့သော တန်ခိုးရှင် ခြောက်ယောက်က လူစုခွဲပြီး

ထွက်ပြေးသည့် အချိန်တွင် ချင်ယန်တို့နှင့် မီတာ နှစ်ရာသာ ဝေးကွာတော့သည်။

ရှီယန်နှင့် ကျန်သည့် လူများက ခေါင်းညိတ်လိုက်ပြီး ချင်ယန်တို့ လေးယောက်က ပြေးထွက် သွားကြသည်။

ကျန်ခဲ့သည့် ချမ်ဟိုင်တို့အဖွဲ့က သတိကြီးကြီး ထားပြီး ပတ်ဝန်းကျင်ကို စောင့်ကြည့် နေကြသည်။ ရှန်းယုလင်း လက်ထဲတွင် ကြယ် (၆) ပွင့် ငရဲမျက်လုံး အဆောင် ပေါ်လာပြီး တစ်ခုခု

ဖြစ်သည်နှင့် အသုံးပြုနိုင်ရန် အဆင်သင့် ကိုင်ထားသည်။

ငရဲမျက်လုံး အဆောင်က ရန်သူများကို စိတ်ရှုပ်ထွေးသွားအောင် ပြုလုပ်နိုင်သည်။ ကြယ် (၆) ပွင့် ငရဲမျက်လုံး အဆောင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ အပေါ်မှာပင် အလုပ် ကောင်းကောင်း ဖြစ်သော အဆောင်တစ်ခု ဖြစ်သည်။

တစ်ဖက်လူ၌ ခုခံကာကွယ်ရေး ရတနာနှင့် အဆောင်များ မပါသည့် အချိန် ဖြစ်သည်။

“တောက်စ်... မြန်လိုက်တဲ့ကောင်....”

ချင်ယန် လိုက်ဖမ်းနေသော တန်ခိုးရှင်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ဖြစ်ပြီး သူ့ခွန်အားက ထန်ကျန်းထက် သန်မာသဖြင့် ထွက်ပြေးနေသည့် အရှိန်က အလွန်လျ င်မြန်နေသည်။ သို့သော် ခဏအကြာ ချင်ယန်က သူ့အနား နီးကပ်လာသည်ကို ခံစားလိုက်မိသည်။

“ဘယ်လို ဖြစ်နိုင်မှာလဲ... ဒီလောက် မြန်တာ ဘယ်သူလဲ....”

ထိုတန်ခိုးရှင်က သူ့ပါးစပ်ထဲ ဆေးတစ်လုံး ပစ်ထည့်လိုက်ရာ ထွက်ပြေးနေသည့် အရှိန်က

ပိုမြန်သွားသည်။ သို့တိုင်အောင် ချင်ယန် လက်ထဲမှ မလွတ်သေးပေ။

ထိုတန်ခိုးရှင်က ချင်ယန်နှင့် ဝေးသွားသည်နှင့် ချင်ယန်က သိုင်းဝိညာဉ် အသုံးပြုပြီး လေထဲမှ လိုက်လာခဲ့ခြင်း ဖြစ်သည်။

အမှောင်ထု နတ်ဆိုးနဂါးက မြေပြင်ပေါ် ပြေးလွှားနေသော ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်နောက်သို့ လျှင်မြန်စွာ ပျံသန်းပြီး လိုက်ပါသွားသည်။ ကောင်းကင်ပေါ် ပျံသန်းနေခြင်းက မြေပြင်ပေါ် ပြေးလွှား

နေခြင်းထက် ပိုမို လျှင်မြန်သည်။ ဒါကလည်း ပုံမှန်ပင်။

အမှောင်ထု နတ်ဆိုးနဂါးက အလွန် အစွမ်းထက်သော သိုင်းဝိညာဉ် တစ်ခုပင်။ အမှောင်ထု နတ်ဆိုးနဂါး၏ အမြန်နှုန်းက ယွမ်ဟိုင် နယ်ပယ်ကိုပင် ရောက်ရှိနေသည်။

"မင်းငါ့ကို သတ်လို့ မရဘူး။ ငါက တန်ထန် အင်ပါယာ မိသားစုရဲ့ တန်ခိုးရှင်...."

"ဒါက ဘာလုပ် ရမှာလဲ...."

ချင်ယန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ ယွမ်ဟူနယ်ပယ် အဆင့် (၉) ထွက်ပြေးသွားသည့် နေရာတွင် သစ်ပင်များ ရှိနေသဖြင့် ရန်သူက မည်သည့် နေရာမှာလဲ ဆိုသည်ကို ရှာမတွေ့ ဖြစ်နေသည်။

"စောင့်ကြည့် နေတာလား..."

ချင်ယန်က နှာခေါင်း တစ်ချက် ရှုံ့လိုက်သည်။ တစ်ဖက်လူ၏ လူသတ်ချင်စိတ်က အလွန်ပြင်းထန် နေသဖြင့် တစ်ကီလိုမီတာ၊ နှစ်ကီလိုမီတာ အတွင်းတွင် ရှိနေမှန်း ကောင်းကောင်း သိနိုင်သည်။

“ဝေါင်း….”

အမှောင်ထု နတ်ဆိုးနဂါးက ရုတ်တရုတ် ဟိန်းဟောက်ပြီး နဂါးစွမ်းအားကို ချက်ချင်း ထုတ်လွှတ်လိုက်သည်။

လှည့်ပတ် ပြေးလွှားနေသော တန်ခိုးရှင်သည် မမြင်ရသော သစ်ပင်ကြီး တစ်ပင်နှင့် ဝင်တိုက်မိသလို ခံစားလိုက်ရသည်။

ရှီး…..

ကောင်းကင်ပေါ်တွင် ချင်ယန်က လက်ထဲမှ ဆေဘာကို ရုတ်တရက် ပစ်လွှတ်လိုက်သည်။ ဆေဘာက ဟင်းလင်းပြင်ကို ဖြတ်ကျော်ပြီး ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်ရှေ့တွင် ချက်ချင်း ပေါ်လာသည်။

ဒုတ်.....

ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်က နဂါးစွမ်းအား လွှမ်းမိုးမှုမှ ချက်ချင်း ပြန်လွတ်လာပြီး ကပျာကယာ ရှောင်တိမ်းလိုက်သည်။ သို့သော် ချင်ယန် ပစ်လွှတ်လိုက်သော ဆေဘာက

သူ့ ဘယ်ဘက်ပခုံးကို ဖောက်ထွက်သွားပြီး သစ်ပင်ပေါ်တွင် သံတစ်ချောင်းအလား စိုက်ဝင်နေသည်။

ဖောက်.....

ချင်ယန်၏ ဆေးဘာထဲတွင် ယွမ်ချီများ အပြည့်အဝ ထည့်သွင်းထားသဖြင့် ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင် သွေးတစ်လုပ် အန်ထွက်သွားပြီး မျက်နှာက ချက်ချင်း ဖြူဖျော့သွားသည်။

"ချင်ယန်.. မင်းကို....."

ချင်ယန်က ကောင်းကင်ပေါ်မှ ခုန်ဆင်းလာသောအခါ ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင် မျက်နှာပေါ်တွင် မယုံနိုင်မှုများ အတိုင်းသား ပေါ်နေသည်။

သူ့ကို လိုက်ဖမ်းသည့်လူက ချင်ယန် ဖြစ်နေသည်။

ချင်ယန်က စည်းမဟာသခင် မဟုတ်ပါလား...

ချင်ယန်က အလွန် ငယ်သေးသည်။

ဤမျှ ပြင်းထန်သော တိုက်ခိုက်ရေး အစွမ်းကို မည်ကဲ့သို့ ပိုင်ဆိုင်ထားသနည်း...

"ဒီအဘိုးကြီး မင်းနဲ့ တိုက်ခိုက်ပေးမယ်...."

ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ သူ့ ဘယ်ဘက်ပခုံးကို ဖောက်ဝင်ခဲ့သော ဆေဘာအား အတင်းဆွဲနှုတ်ပြီး ချင်ယန်ကို ပစ်ပေါက်လိုက်သည်။

ဝေါင်း......

ကောင်းကင်ပေါ်မှ ချင်ယန်၏ သိုင်းဝိညာဉ် အမှောင်ထု နတ်ဆိုးနဂါးက နောက်တစ်ကြိမ် ဟိန်းဟောက်လိုက်သည်။ နဂါး စွမ်းအားက နောက်တစ်ကြိမ် ထွက်ပေါ်လာပြီး ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်က တောင့်တင်းသွား၏။

"အမှောင်ထု နတ်ဆိုးနဂါး...."

ထိုတွေးက သူ့စိတ်ထဲ ပေါ်လာစဉ် ချင်ယန်၏ ဆေဘာက သူလည်ပင်းကို ဖြတ်သန်းသွားပြီး ခေါင်းနှင့်ကိုယ် အိုးစားကွဲကာ သွေးများ ပန်းထွက်လာသည်။

"မကြာခင် နှစ်ကူးတော့မယ်... ဘာဖြစ်လို့ အိမ်မှာ အေးအေး ဆေးဆေးနေပြီး သားသမီးတွေ၊ မြေးလေးတွေနဲ့ မပျော်တာလဲ..."

ချင်ယန်က ခနဲ့တဲ့တဲ့ ပြောလိုက်ပြီး ထိုတန်ခိုးရှင်၏ သိုလှောင် လက်စွပ်ကို ချွတ်ယူလိုက်သည်။

ထို့နောက် ချင်ယန်က အလောင်းကို မသိမ်းတော့ဘဲ လျင်မြန်စွာ ပြန် ထွက်သွားသည်။

"အမေ အဆင်ပြေလား...."

ချင်ယန်က ရှီယန်နှင့် အခြားလူများ ရှိနေသည့် နေရာသို့ လျင်မြန်စွာ ပြန် ရောက်လာသည်။ တိုက်ပွဲဖြစ်ထားသည့် အခြေအနေ လုံးဝ မရှိပေ။

ထွက်ပြေးသွားသော တန်ခိုးရှင်များကို သူတို့ကို လာ မသတ်ဝံ့တော့ပေ။ ရှီမိသားစုမှ တန်ခိုးရှင် နှစ်ယောက်လည်း အဝေး ထွက်ပြေးသွားသည်။

"အဆင်ပြေပါတယ်...."

ရှီယန်က ပြန် ပြောလိုက်သည်။

ခဏကြာပြီးနောက် ဟွာဝမ်ရှိနှင့် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်လည်း ပြန်ရောက်လာကြသည်။ သူမတို့၏ ခွန်အားနှင့် ရန်သူကို ခြေရာခံရန် မည်သည့် ပြဿနာမှ မရှိခဲ့ပေ။

"ဘယ်လိုလဲ...."

ချင်ယန်က မေးလိုက်သည်။

ဟွာဝမ်ရှိက တစ်ချက် ပြုံးလိုက်ပြီး.....

"သူဌေး... အောင်မြင်တယ်။ ပစ်မှတ်မှာ ကြွယ် (၅) ပွင့် အဆောင် ရှိနေတယ်။ ကံကောင်းတာက ငါ လက်ဦးသွားတယ်..."

ချင်ယန်က ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို လှမ်းကြည့်ပြီး ဖြည်းဖြည်းခြင်း ခေါင်းညိတ် ပြလိုက်သည်။

"သခင်လေး.. တော်တော်လေး လွယ်တယ်။ အစပိုင်းမှာ ငါတို့က သိုင်းဝိညာဉ် မသုံးခဲ့ဘူး။ အဲ့ကောင်နဲ့ နီးလာတဲ့ အချိန်မှ သိုင်းဝိညာဉ်ကို ရုတ်တရက် ထုတ်သုံးလိုက်တာ.."

ရှောင်ကျူဝမ်က ပြုံးပြီး ပြောလိုက်သည်။

ရှောင်ကျူဝမ်နှင့် ရှောင်ကျူယင်တို့၏ သိုင်းဝိညာဉ် ရေခဲဖီးနစ်များ ဖြစ်ကြသည်။ သူမတို့ လိုက်ဖမ်းခဲ့သည့် တန်ခိုးရှင် ယွမ်ဟူနယ်ပယ် အဆင့် (၆) ဖြစ်သော်လည်း နှင်းတောထဲတွင် ရေခဲဖီးနစ် သိုင်းဝိညာဉ်ထက် မြန်ဆန်အောင် ထွက်ပြေးရန် မည်သို့မှ မဖြစ်နိုင်ပေ။

ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က ယွမ်ဟူနယ်ပယ် အဆင့် (၆) တန်ခိုးရှင်ကို

လိုက်မီသွားသည်နှင့် အလွယ်တကူ ဖြေရှင်းနိုင်ခဲ့သည်။

“သွားကြမယ်.... တန်ခိုးရှင်တွေ ထပ်ရောက်လာလိမ့်မယ်...”

ချင်ယန်တို့ အဖွဲ့က နှင်းနဂါး မြင်းများအပေါ် နောက်တစ်ကြိမ် ပြန် တက်လိုက်ကြသည်။ တိုက်ပွဲကြောင့် နှင်းနဂါးမြင်းများက မထိခိုက်ခဲ့ပေ။

“ကျား....”

ချင်ယန်တို့ အဖွဲ့က လျင်မြန်စွာ ထွက်ခွာသွားသည်။

ဆယ်မိနစ် အနည်းငယ် ကြာပြီးနောက် ထွက်ပြေးသွားသော အင်ပါယာ မိသားစုမှ တန်ခိုးရှင် (၃) ယောက်အနက် တစ်ယောက်က သတိကြီးကြီးထားပြီး တိုက်ပွဲ ဖြစ်ပွားခဲ့သည့် နေရာသို့ ပြန်ရောက်လာကြသည်။

"ဟာ... ဘယ်လို ဖြစ်နိုင်မှာလဲ..."

ထိုတန်ခိုးရှင်က ယွမ်ဟူ နယ်ပယ် အဆင့် (၄) ရှိပြီး အစောပိုင်းက တိုက်ပွဲ ဖြစ်ပွားခဲ့သော နေရာသို့

ပြန်ရောက်လာသောအခါ တုန်လှုပ် ခြောက်ခြား သွားသည်။

တော်တော် များများက တစ်ချက်တည်းနှင့် သေဆုံး သွားခဲ့သောကြောင့်ပင်။

"ထန်ကျန်း....."

ထိုတန်ခိုးရှင်က ထန်ကျန်း၏ ခေါင်းပြတ်ကြီးကို မြင်ပြီး မျက်လုံး ပြူးသွား၏။ ထန်ကျန်းက ယွမ်ဟူနယ်ပယ် အဆင့် (၈) ဖြစ်သဖြင့် သူ့ထက် အများကြီး အစွမ်းထက်သည်။ သူတို့ နှစ်ယောက်သာ အသက်လု တိုက်ပွဲ

တိုက်ခိုက်ကြမည် ဆိုပါက ထန်ကျန်းက သူ့ကို ဆယ်ကွက်အတွင်း သတ်ဖြတ်နိုင်သည်။

ယခုအခါ ထန်ကျန်းက ခေါင်းပြတ်နေပြီး တစ်ချက်တည်းနှင့် သေဆုံး သွားခဲ့သည်။

"အရှင်မင်းမြတ်က မင်းကို ကြယ် (၆) ပွင့် အဆောင် ပေးထားတယ်လေ.. သုံးချိန်တောင် မရလိုက်ဘူးလား..."

ထိုတန်ခိုးရှင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

ထန်ကျန်း လက်ထဲတွင် ကာကွယ်ရေး အဆောင်တစ်ခု ရှိနေသည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်ကို လွှတ်လိုက်သည့် အချိန်တွင် ကြယ် (၆) ပွင့် ကာကွယ်ရေး အဆောင် တစ်ခုလည်း ထည့်ပေး လိုက်သည်။ တန်ရောင်ကူ ကလည်း ပစ္စည်းကောင်းများစွာ ထည့်ပေး လိုက်သေးသည်။ သို့တိုင်အောင် ရလဒ်က မယုံနိုင်စရာ ကောင်းနေသေးသည်။

"ပေါင်လောင်လည်း ဘာဖြစ်နေလဲ မသိဘူး..."

ထိုတန်ခိုးရှင်က ချင်ယန်က လိုက်ဖမ်းခဲ့သော တန်ခိုးရှင် ထွက်သွားသည့် ဘက်သို့ သဲလွန်စရှာပြီး လျင်မြန်စွာ လိုက်သွားသည်။

မိနစ်ကြာသောအခါ ထို တန်ခိုးရှင်က သွားချင်သော နေရာကို ရှာတွေ့သွားသည်။

"လူအိုကြီး ပေါင်၊ လူအိုကြီး ပေါင်..."

ထိုတန်ခိုးရှင်က အောင်ခေါ် နေသော်လည်း နှင်းတောထဲ လှဲနေသည့် လူသေ အလောင်းက မည်ကဲ့သို့ ပြန်ထူး နိုင်မည်နည်း....။

“ဘယ်လို ဖြစ်နိုင်မှာလဲ....”

“ချင်ယန်တို့ အဖွဲ့မှာ ဒီလို ခွန်အားမျိုး ဘယ်လို ရှိမှာလဲ....”

ထိုတန်ခိုးရှင်၏ စိတ်ထဲတွင် ကြောက်လန့်စိတ်များ ပေါ်လာသည်။ တွေးရင်း ပို ကြောက်လာသည်။

အကယ်၍ ချင်ယန်တို့ လိုက်ဖမ်းသည့် ပစ်မှတ်ထဲတွင် သူသာ ပါနေမည်ဆိုပါက ယခုအချိန်တွင် သေနေလောက်ပြီ......

..........

အင်ပါယာ မြို့တော်၊ စိတ်ဖြေရာ သင်္ဘောပေါ်တွင် မဟာသခင် ပွဲတော်က ပြီးဆုံးတော့မည်။

"ညီတော် (၆)... အချိန်ကို တွက်ကြည့်ရင် ပြန်ရောက်သင့်ပြီ မဟုတ်လား.."

တန်ချမ်ဒေါင်က အသံပို့လွှတ်ပြီး မေးလိုက်သည်။

တန်ရောင်ကူက ပြုံးရွှင်သော လေသံနှင့် အသံပြန်ပို့ပြီး.....

"အစ်ကိုတော် ဧကရာဇ်...။ ချင်ယန်တို့ အဖွဲ့ကို အဝေးရောက်မှ လှုပ်ရှားဖို့ ပြောလိုက်လို့ပါ။ ဒီလိုမှ မဟုတ်ရင် ဒီဘက်မှာ အနှောက်အယှက် ဖြစ်သွားလိမ့်မယ်။ ခုချိန်လောက်ဆို သတ်သင့်တဲ့ လူတွေကို သတ်ပြီး အရှင်ဖမ်းသင့်တဲ့ လူတွေကို အရှင်ဖမ်းပြီး လောက်ပါပြီ..."

တန်ချမ်ဒေါင်၏ မျက်လုံးထဲတွင် မျှော်လင့်ချက် အလင်းရောင် တောက်ပလာသည်။ ချင်ယန်ကို အရှင်ဖမ်းပြီး တန်ပင်ဂျီက ချင်ယန်၏ ပင်ကိုယ် ပါရမီကို မြို့ချလိုက်မည် ဆိုပါက အချိန်တန်လျှင်

တန်ပင်ဂျီက ချမ်ဂျူး အကယ်ဒမီ ရောက်သွားပြီး ကောင်းမွန်သော အနာဂါတ်တစ်ခုကို ပိုင်ဆိုင်ကာ တန်ထန် အင်ပါယာက ပိုမို တိုးတက်လာတော့မည်ဟု တွေးလိုက်မိသည်။

"အရမ်း ကောင်းတယ်.... သတင်း ရောက်တာနဲ့ ချက်ချင်း တင်ပြ.."

တန်ချမ်ဒေါင်က အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့.. အစ်ကိုတော် ကေရာဇ်..."

ထိုစဉ် တန်ခိုးရှင် နှစ်ယောက်က ရေပြင်ကို ဖြတ်ပြေးပြီး စိတ်ဖြေရာ သင်္ဘောပေါ်သို့ အမြန် တက်လာကြသည်။ ထိုတန်ခိုးရှင် နှစ်ယောက်က အင်ပါယာ မိသားစုမှ လွှတ်လိုက်သော တန်ခိုးရှင် နှစ်ယောက် မဟုတ်ဘဲ အခြား အင်းအာစုမှ တန်ခိုးရှင်များ ဖြစ်ကြသည်။

လမ်းတစ်လျှောက်တွင် တတ်နိုင်သမျှ အမြန်ဆုံး ပြေးလာခဲ့သဖြင့် မျက်နှာက ဖြူဖျော့ပြီး မောဟိုက် နေကြသည်။

## အခန်း(၁၈၇) - လမ်းစပျောက်ခြင်း...

"လောင်ဝူ၊ ယွမ်ဖန်၊ ဘာဖြစ်နေတာလဲ..."

တန်ချမ်ဒေါင်က လေးနက် တည်ကြည်သော မျက်နှာနှင့် မေးလိုက်သည်။

ထိုတန်ခိုးရှင် နှစ်ယောက် သဘော်ာပေါ် ရောက်သည်နှင့် တန်ချမ်ဒေါင်နှင့် ကျန်သည့် လူများက ချက်ချင်း သိသွားကြသည်။

မဟာသခင် ပွဲတော်ကလည်း ပြီးခါစသာ ရှိသေးသည်။

"အရှင်မင်းမြတ်။ မကောင်းတော့ဘူး ပြဿနာ အကြီးကြီး တက်နေပြီ..."

"ချင်ယန်တို့ကို ထောက်ပံ့နေတဲ့ တန်ခိုးရှင်တွေ ရှိနေတယ်။ ထောက်ပံ့နေတဲ့ တန်ခိုးရှင်က ယွမ်ဟိုင်နယ်ပယ် ဖြစ်နိုင်တယ်..."

ယွမ်ဖန်၏ မျက်နှာ အမူအရာက အမှန်တကယ် ရုပ်ဆိုးနေသည်။

တန်ရောင်ကူလည်း အတော်လေး မျက်နှာပျက်သွားသည်။

"အခြေအနေက ဘယ်လိုလဲ...."

ယွမ်ဖန်က အသက် ခပ်ပြင်းပြင်း ရှူလိုက်ပြီး.....

"မင်းသား ခြောက်၊ ထန်ကျန်းနှင့် ကျန်တဲ့လူတွေက ချင်ယန်တို့ကို လိုက်မှီသွားတယ်။ အဲ့အချိန်မှာ ငါတို့က နှစ်မိုင်လောက် လိုသေးတယ်။ သူတို့က ကျန်တဲ့လူတွေကို စောင့်ရင်း တိုက်ပွဲဝင်ခဲ့ကြတယ်။ မကြာဘူး.. ထန်ကျန်းနဲ့ ကျန်တဲ့

လူတွေရဲ့ အော်ဟစ် အကူအညီ တောင်းနေတဲ့ အသံတွေ ကြားလိုက်ရတယ်....”

“ငါတို့လည်း အဲ့ဘက်ကို အမြန် ပြေးသွားတယ်....”

“ဒါပေမဲ့ ငါတို့ မရောက်သေးခင် အဲ့ဘက်မှာ အသံတွေ တိတ်ဆိတ်သွားပြီ...”

“ဒါနဲ့ ပေါင်လောင်က ငါတို့ကို လူစုခွဲပြီး ချက်ချင်း ထွက်ပြေးခိုင်းတာနဲ့ ငါတို့ နှစ်ယောက်လည်း ပြန်ပြေး လာခဲ့ရတယ်။

ပေါင်လောင်နဲ့ ကျန်တဲ့လူတွေရဲ့ အခြေအနေတော့ မသိသေးဘူး…”

ယွမ်ဖန် ပြောပြီးနောက် တန်ရောင်ကူ၏ မျက်နှာက ဖြူဖျော့သွားသည်။ သူ့မျက်လုံးထဲတွင် မယုံကြည်နိုင်မှုများ ပေါ်လွင်နေသည်။

“ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်လေ။ ထန်ကျန်းဆီမှာ ကြယ် (၆) ပွင့် အဆောင်လည်း ရှိနေသေးတယ်။ မိနစ်ဝက်တောင် မကြာဘူး သေသွားတာလား….”

တန်ရောင်ကူက အေးစက်စွာ ပြောလိုက်သည်။

ပြန်ရောက်လာသည့် တန်ခိုးရှင် နှစ်ယောက်ထဲမှ အသက်ကြီးသည့် တစ်ယောက်က ခါးသီးစွာ ပြုံးလိုက်ပြီး....

"မင်းသား (၆) တိုက်ပွဲချိန်က (၁၂) စက္ကန့်၊ (၁၃) စက္ကန့်လောက်ပဲ ကြာတယ်..."

"တိုက်ပွဲစပြီး ဘာမှ မကြာဘူး ပြီးသွားတာပဲ.."

"ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ရှိနေဖို့ အလားအလာ များတယ်။ ပြီးတော့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က တစ်ယောက် မကနိုင်ဘူး..."

တန်ချမ်ဒေါင်၏ မျက်နှာ အမူအရာက အလွန် ရုပ်ဆိုးနေသည်။

ယွမ်ဖန်က…

"အရှင်မင်းမြတ်၊ ငါတို့ လာတဲ့လမ်းမှာ ပြောလာခဲ့ကြသေးတယ်။ ချင်ယန်က အင်အားကြီး အဖွဲ့အစည်း တစ်ခုခုနဲ့ ပူးပေါင်းသွားတာ ဖြစ်နိုင်တယ်…."

တန်ချမ်ဒေါင်နှင့် အခြားလူများ နှုတ်ဆိတ်နေကြသည်။ ဒီ ဖြစ်နိုင်ချေကလည်း ဖြစ်နိုင်ချေ များနေသည်။

ချင်ယန်၏ ပင်ကိုပါရမီက အလွန်ကောင်းမွန်နေသဖြင့် အင်အားကြီး အဖွဲ့အစည်း တစ်ခုမှ လက်ခံခြင်းမှာ ပုံမှန်သာ ဖြစ်သည်။

"အစ်ကိုတော် ဧကရာဇ် မဖြစ်နိုင်ဘူး။ ဒီလိုဆိုရင် ချင်ယန်တို့ အဖွဲ့က ထွက်ပြေးစရာ မလိုဘူးလေ။ ချင်ယန် လက်ထဲမှာ အစွမ်းထက်တဲ့ အဆိပ်ရှိနေဖို့ ဖြစ်နိုင်ချေ ပိုများတယ်....။ ပြီးတော့ မဟာသခင်တွေ စစ်ဆေးခဲ့တဲ့ အချက်အလက်တွေအရ ချင်ယန်က အစွမ်းထက်တဲ့

အဆိပ်တစ်မျိုးကို အသုံးပြုခဲ့တာ အမှန်ပဲ။ ဒါပေမဲ့ ဘာအဆိပ်လဲ ဆိုတာတော့ မခွဲခြားနိုင်သေးဘူး....”

တန်ရောင်ကူက ပြောလိုက်သည်။

“အစ်ကိုတော် ကေရာဇ်၊ အခုချိန်မှာ ချင်ယန်တို့နောက်ကိုလိုက်ဖို့ လူတွေ ထက်လွှတ်သင့်တယ်။ ချင်ယန်တို့ကို ထွက်ပြေးခွင့် ပေးလိုက်ရင် အချိန်ရင် ဘေးဒုက္ခ ဖြစ်လာပါလိမ့်မယ်....”

တန်ချမ်ဒေါင်၏ မျက်လုံးထဲတွင် ရက်စက်သည့် အရိပ်အယောင်များ ပေါ်လာသည်။ သူက ရဲရင့်သော ကေရာဇ် တစ်ယောက်လည်း

ဖြစ်နေသဖြင့် ချက်ချင်း အမိန့် ထုတ်ပြန်လိုက်သည်။

“ဗိုလ်ချုပ်ကြီး၊ တန်ထန်အင်ပါယာ ထဲမှာ ရှိတဲ့ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်တွေကို စုဝေးဖို့ ချက်ချင်း အမိန့် ထုတ်ပြန်လိုက်....”

“အင်ပါယာ မိသားစုမှာ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက် ရှိနေသေးတယ်။ ဆယ်ယောက် ခေါ်သွား....”

“ယွီမိသားစုကိုလည်း ဆင့်ခေါ်လိုက်...”

တန်ရောင်ကူက ချက်ချင်း အရိုအသေ ပေးလိုက်ပြီး...

"မှန်လှပါ အရှင်မင်းမြတ်...."

ယနေ့ ဒီနေရာကို ရောက်ရှိနေသော တန်ခိုးရှင်တော်တော်များများက အခြားနိုင်ငံမှ ဖြစ်သဖြင့် စုဆောင်းရန် ခက်ခဲသော်လည်း တန်ထန်အင်ပါယာမှ တန်ခိုးရှင်များကိုမူ စုဆောင်းနိုင်သေးသည်။

အချိန်တိုလေး အတွင်းမှာပင် တန်ရောင်ကူက ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးဆယ်ကို ဦးဆောင်ပြီး စိတ်ဖြေရာ သင်္ဘောပေါ်မှ ထွက်ခွာသွားသည်.။

“ဘာတွေ ဖြစ်နေတာလဲ…”

“ငါလည်း မသိဘူး..”

“ကလေးတစ်ယောက်ကို ကိုင်တွယ်ဖို့ ဒီလောက်များတဲ့ တန်ခိုးရှင်တွေ လွှတ်လိုက်တာလား….”

စာရင်းထဲ မပါသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော်က အနောက်မှ လိုက်သွားကြသော်လည်း အနီးကပ် မလိုက်ခဲ့ပေ။

"မင်းသား (၆)။ ဘာတွေ ဖြစ်နေတာလဲ.."

"ဟုတ်တယ်... အစ်ကို ရောင်ကူ..."

တန်ရောင်ကူသည် သူ့နောက်မှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များ လိုက်လာသဖြင့် စိတ်ရှုပ်သွားသည်။ ပြန်ဖြေ လိုက်သော်လည်း တိတိကျကျ မဖြေခဲ့ပေ။

"အင်ပါယာထဲမှ တန်ခိုးရှင်တွေ ခေါင်းဖြတ်ခံရလို့.."

"လူတိုင်းပဲ မကြာခင် တိုက်ပွဲ ဝင်ဖို့ အသင့်ပြင်ထား.."

တန်ရောင်ကူက အလေးအနက် ထားပြီး ပြောလိုက်သည်။

လေနှင့် နှင်းများကြားတွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များက ပြေးလွှား နေကြသည်။ တန်ရောင်ကူနှင့် အခြားလူများသည် မြို့ပြင်သို့ ရောက်သည်နှင့် အင်ပါယာ မိသားစုမှ မြို့ထဲ

ပြန်မရောက်သေးသော တန်ခိုးရှင်များကို တွေ့လိုက်ရသည်။

ထို တန်ခိုးရှင်များက တန်ရောင်ကူနှင့် အခြားလူများကို မြင်လိုက်မှ ကြောက်စိတ်ပြေသွားကြသည်။

"အစ်ကိုဟန်၊ ပေါင်လောင်နဲ့ တခြားလူတွေရော ဘယ်လိုလဲ...."

ယွမ်ဖန်က ကမန်းကတန်း မေးလိုက်သည်။ သို့သော် သူ့ကိုမြင်သည်နှင့် သူ့စိတ်ထဲတွင် ထူးဆန်းသော ခံစားချက် ပေါ်နေသည်။

တန်ရောင်ကူလည်း အလားတူး ခံစားနေ ရသည်။

“ပေါင်လောင်နဲ့ တခြားလူတွေ သေပြီ....”

ဟန်မျိုးရိုး နာမည်နှင့် တန်ခိုးရှင်က ကြောက်လန့်စိတ်နှင့် ပြောလိုက်သည်။

“ပေါင်လောင်တို့ အလောင်း သုံးလောင်းudk ပြန်ယူလာခဲ့တယ်။ သိုလှောင် လက်စွပ်ထဲမှာ ထည့်ထားတယ်...”

“လူအိုကြီးပေါင် သေပြီလား....”

“ဘယ်လို ဖြစ်နိုင်မှာလဲ....”

တန်ခိုးရှင်များက မယုံကြည်နိုင်သော စိတ်နှင့် ဆွေးနွေး နေကြသည်။

ပေါင်လောင်က ယွမ်ဟူနယ်ပယ် အဆင့်(၉) တန်ခိုးရှင် တစ်ယောက်ပင်။ ပေါင်လောင်ကို တန်ထန် အင်ပါယာထဲတွင် ထိပ်သီး တန်ခိုးရှင်ဟု သတ်မှတ်နိုင်သည်။ အင်ပါယာ မိသားစု၏ အားကိုးရာ ဖြစ်သဖြင့် ပေါင်လောင်တွင် အသက်ကယ် ပစ္စည်းများ ရှိသင့်သည်။

ယွမ်ဟူ နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်၊ သုံးယောက်ခန့် ဝိုင်းဝန်း

တိုက်ခိုက်လျှင်ပင် ပေါင်လောင်က ထွက်ပြေးနိုင်ခြေ များနေသေးသည်။

"အလောင်းတွေ ဘယ်မှာလဲ..."

တန်ရောင်ကူက အလိုမကျနေသော မျက်နှာနှင့် မေးလိုက်သည်။

ဟန်မျိုးရိုး တန်းခိုရှင်က အလောင်း သုံးလောင်ကို ထုတ်လိုက်သည်။ အလောင်းများကို မြင်လျှင် လူတိုင်း မျက်လုံး ပြူးသွားကြသည်။

အမှန်တကယ်ပင် ပေါင်လောင်၏ အလောင်း ဖြစ်နေသည်။

"ဒီဗိုလ်ချုပ်နောက် လိုက်ခဲ့..."

တန်ရောင်ကူက အလောင်း သုံးလောင်းကို သိမ်းရင်း တင်းမာစွာ ပြောလိုက်သည်။

တန်ရောင်ကူနှင့် အခြားလူများက တိုက်ပွဲ စတင် ဖြစ်ပွားသည့် နေရာသို့ ရောက်ရှိရန် အချိန်သိပ် မကြာလိုက်ပေ။

မြေပြင်ပေါ်တွင် အလောင်း (၁၂) လောင်းက တောင့်တင်းနေပြီး အလောင်းအချို့က ကြောက်လန့်နေသော အမူအရာ၊ ပြူးနေသော မျက်လုံးများဖြင့် သေဆုံး နေကြသည်။

သို့သော် နောက်ပြန်လှည့်ရန် မည်သူမျှ ထုတ်မပြောကြပေ။

ဒါသည် တန်ချမ်ဒေါင်၏ အမိန့် ဖြစ်နေသည်။ သူတို့ မိသားစုက တန်ထန် အင်ပါယာကို မစွန့်လွှတ်နိုင်သရွေ့ တန်ချမ်ဒေါင်၏ အမိန့်ကို နားထောင်နေရအုံးမည်။

"အားလုံးပဲ စိတ်မပူနဲ့. . ငါတို့မှာ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးဆယ် ရှိတယ်"

"ပြီးတော့ ဒီဗိုလ်ချုပ်မှာ ကြယ် (၅) ပွင့် အဆောင်နဲ့ ကြယ် (၆) ပွင့် တိုက်ခိုက်ရေး အဆောင်တွေလည်း ရှိသေးတယ်..."

တန်ရောင်ကူက လေးနက်စွာ ပြောလိုက်သည်။ သူ့စကားကြောင့် အနည်းငယ် စိတ်အေးသွားကြသည်။

"လိုက်မယ်..."

တန်ခိုးရှင် လေးဆယ်က ချက်ချင်း ပြေးလိုက်သွားကြသည်။

.....

နာရီဝက်ခန့် ကြာပြီးနောက် တန်ရောင်ကူနှင့် အခြားလူများ ရပ်တန့် သွားကြသည်။ သူတို့အနားတွင် နှင်းနဂါးမြင်း ဆယ်ကောင် ရပ်နေသည်။

မြင်းအားလုံး၏ ကျောပေါ်တွင် ကီလို တစ်ရာကျော် လေးသော ကျောက်တုံး အိတ်များကို တင်ဆောင် ထားကြသည်။

"မြင်းတွေရဲ့ တင်းပါးမှာ နာကျင်ခြင်း စည်းတံဆိပ် ရေးထားတယ်။ ဒီစည်းတံဆိပ်တွေက မြင်းတွေကို ဆက်ပြေးနေအောင် လှုံ့ဆော် ပေးနေတာပဲ"

တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။ ထိုတန်ခိုးရှင်က စည်း နယ်ပယ်ဘက်တွင် အနည်းငယ် အောင်မြင်မှု ရနေသော တန်ခိုးရှင် တစ်ယောက်လည်း ဖြစ်သည်။

"ခွေးမသား..."

တန်ရောင်ကူ၏ မျက်နှာက မည်းမှောင်နေသည်။ သူတို့က နာရီဝက်ကျော် ကြာအောင် ကြိုးစား

ပန်းစား လိုက်ခဲ့ရသည်။ နောက်ဆုံးတော့ သူတို့ လိုက်နေသည့် အရာက လူမပါသော မြင်းများ ဖြစ်နေသည်။

လေတိုက်ပြီး နှင်းများ ကျနေသဖြင့် ချင်ယန်တို့အဖွဲ့၏ ခြေရာများ ကျန်ရစ်ခဲ့လျှင်ပင် မကြာခင် ခြေရာ ပျောက်သွားလိမ့်မည်ဟု ခန့်မှန်းရသည်။

“မင်းသား ခြောက်၊ ငါ့မှာ နည်းလမ်း ရှိတယ်..”

တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။

"ပြော...."

"မင်းသား ခြောက်၊ ငါ့မှာ သားရဲနဲ့ ပက်သက်တဲ့ အတွေ့အကြုံ တချို့ ရှိတယ်..."

တန်ရောင်ကူ၏ မျက်လုံးက တောက်ပလာပြီး....

"မြန်မြန်လုပ်..."

မကြာခင် ထိုတန်ခိုးရှင်က မြင်းတစ်ကောင်ကို ထိန်းချုပ်လိုက်သည်။

တန်ရောင်ကူနှင့် အခြားလူများက မြင်းနောက်မှ လိုက်သွားကြသည်။

မိနစ် နှစ်ဆယ်ခန့် ကြာပြီးနေသော ထိန်းချုပ်ခံထားရသော မြင်းက ရပ်တန့်လိုက်ပြီး တဟီဟီ မြည်ဟီးလိုက်သည်။

"မင်းသား ခြောက်။ ချင်ယန်တို့ ဒီနေရာမှာ မြင်းတွေနဲ့ လမ်းခွဲသွားတာပဲ…"

"ရှာကြ…."

တန်ရှောင်ကူက အမိန့် ပေးလိုက်သည်နှင့် တန်ခိုးရှင်တိုင်းက ချက်ချင်း လိုက်ရှာကြသည်။ သို့သော် နှစ်မိနစ်၊ သုံးမိနစ်သာ ကြာသွားသည် မည်သည့် ခြေရာကိုမှ မတွေ့ရပေ။

"အစ်ကို ရောင်ကူ၊ ဖြစ်နိုင်ခြေ တစ်ခုပဲ ရှိတော့မယ်။ ချင်ယန်တို့က လမ်းလျှောက်သွားတာ မဟုတ်ဘဲ ပျံသွားတာ ဖြစ်မယ်..."

တန်ရောင်ကူက ကောင်းကင်ပေါ် မော့ကြည့်လိုက်ပြီး မျက်နှာ အမူအရာက ရုပ်ဆိုး သွားသည်။

ညည့်နက်နေပြီး လရောင် မရှိသလို ကောင်းကင်ပေါ်မှ နှင်းများ ကျဆင်းနေသဖြင့် ကောင်းကင် တစ်ခုလုံး မည်းမှောင်နေသည်။

ဤကဲ့သို့ အခြေအနေတွင် သိုင်းဝိညာဉ် သုံးပြီး ပျံသန်းသွားပါက မည်ကဲ့သို့ လိုက်ကြမည်နည်း....

"ဘောပဲ... ဘောပဲ...."

တန်ရောင်ကူက စိတ်ထဲမှ အော်ဆဲနေသည်။

တန်ရောင်ကူ၏ ဆုံးရှုံးမှုက အလွန် ကြီးမား လွန်းလှသည်။

ယခုအချိန် မတိုင်ခင်က ယွမ်ဟူနယ်ပယ် တန်ခိုးရှင် သုံးယောက်နှင့် မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင် (၁၅) ယောက် သေဆုံးခဲ့ရသည်။

ယခုအခါ ထန်ကျန်း အပါအဝင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက် ထပ်မံ သေဆုံး သွားပြန်ပြီ......

ထိုတန်ခိုးရှင် အားလုံးက တန်ရောင်ကူ၏ ယုံကြည်မှု ဖြစ်သည်။ ယခုအခါ သူ့ ယုံကြည်မှုများက မရှိတော့ပေ။

ထို့အပြင် သူ့သား တန်ရောင်နန်လည်း သေဆုံးသွားသည်။

ဖူး....

တန်ရောင်ကူ၏ ဒေါသစိတ်က ငယ်ထိပ် ရောက်သွားသဖြင့် သွေးအန် ထွက်သွားပြီး ခန္ဓာကိုယ်က ယိုင်သွားသဖြင့် တန်ခိုးရှင်နှစ်ယောက် အမြန် ထူလိုက်ရသည်။

"ရတယ်...."

တန်ရောင်ကူက အံကြိတ်ပြီး ပြောလိုက်သည်။

"ပြန်ဆုတ်မယ်..."

ယခုလက်ရှိ အခြေအနေတွင် ဆက်လိုက်ခိုင်းရန် အကြောင်းပြချက် မရှိတော့ကြောင်း တန်ရောင်ကူ

သိနေသည်။ အကယ်၍ သူတို့ပဲ သီးခြား လိုက်ဖမ်းမည် ဆိုပါက အန္တရာယ် များလွန်းလှသည်။

အကယ်၍ ကျန်သည့် တန်ခိုးရှင်များပါ ထပ်သတ်ခံရမည် ဆိုပါက ဒေါသစိတ်နှင့် တန်ရောင်ကူ အသက်ထွက် သွားလိမ့်မည်။

## အခန်း(၁၈၈) - နောက်မှ လိုက်လာခြင်း...

“မင်းသား ခြောက် ၊ ခဏနေအုံး...”

အဖြူရောင် ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုက ပြောလိုက်သည်။

“လူအိုကြီး ယွန်း၊ ဘာကိစ္စလဲ...”

တန်ရောင်ကူက ယဉ်ကျေးစွာ ပြန်မေးလိုက်သည်။

အဖြူရောင် ဝတ်စုံ ဝတ်ဆင်ထားသော ထိုအဘိုးအိုက တန်ရောင်ကူထက် အများကြီး အသက်ကြီးသည်။ အသက် (၁၄၀) ခန့်ရှိပြီး ယွမ်ဟူနယ်ပယ် အဆင့်ကိုး ဖြစ်သောကြောင့် နန်းတော်ထဲတွင်လည်း တိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေသည်။

တန်ချမ်ဒေါင်ကပင် အဖြူရောင် ဝတ်ထားသော ထိုအဘိုးအိုကို ကြင်ကြင်နာနာ ဆက်ဆံတတ်သည်။

အဖြူရောင်ဝတ် အဘိုးအိုက လက်ကို ဆန့်ထုတ်လိုက်ရာ လက်ထဲတွင် (၂) စင်တီမီတာ၊

(၃) စင်တီမီတာ ရှည်သော ပိုးကောင်းလေး တစ်ကောင်ကို ကိုင်ထားသည်။

"တောင်ပံခြောက်ခု ဝိညာဉ် ရှာဖွေသူ...."

တန်ရောင်ကူ၏ မျက်လုံးက တောက်ပလာသည်။

အဖြူရောင် ဝတ်ထားသော အဘိုးအိုက...

"မင်းသား ခြောက်က ဗဟုသုတ ကြွယ်ဝ ပါပေတယ်။ အမှန်ပဲ။ ဒါက တောင်ပံခြောက်ခု ဝိညာဉ်ရှာဖွေသူ။ သေသွားပြီ ဆိုပေမဲ့ ကျန်နေတဲ့

စွမ်းအားကို အချိန်အကြာပြီး အသုံးပြုနိုင်သေးတယ်...”

တန်ရောင်ကူက စိတ်လှုပ်ရှားသော လေသံနှင့်.....

“တောင်ပံ ခြောက်ခု ဝိညာဉ် ရှာဖွေသူက အဆင့် (၇) အင်းဆက် တစ်ကောင်ပဲ။ ယွမ်လောင်ဆီမှာ ဒီလို ပစ္စည်းကောင်းလေး ရှိနေမယ်လို့ မထင်ထားမိဘူး...”

“မင်းသား ခြောက်၊ ဒါက အရှင်မင်းမြတ်ရဲ့ လက်ဆောင်ပါ။ အရေးကြုံရင် သုံးလို့ရအောင် အရှင်မင်းမြတ်က ထည့်ပေးလိုက်တာ။ ဒီပစ္စည်းက

ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ မင်းသား ခြောက်လည်း သိပါတယ်။ ဒါကို သုံးပြီးရင်တော့ ချင်ယန်ကို ရကိုရမှ ဖြစ်လိမ့်မယ်...”

အဖြူရောင် ဝတ်ဆင်ထားသော အဘိုးအိုက ပြောလိုက်သည်။

တန်ရောင်ကူက လေးလေးနက်နက် ခေါင်းညိတ်လိုက်သည်။

အဖြူရောင် ဝတ်ထားသော အဘိုးအို၏ စွမ်းအင် အရင်းအမြစ်က အင်းဆက် အသေကောင်ထဲ ချက်ချင်း စီးဝင်သွားသည်။

ထိုကာလ အတွင်းတွင် အဖြူရောင် ဝတ် အဘိုးအိုက အင်းဆက် အသေကောင်ထဲသို့ စွမ်းအင် ထည့်သွင်းပြီး ပြန်လည် အသက် သွင်းလိုက်သည်။

“ဒီဘက်ပဲ.... လိုက်...”

မကြာခင် တောင်ပံခြောက်ခု ဝိညာဉ် ရှာဖွေသူက ချင်ယန်တို့ ထွက်သွားသည့် လမ်းကြောင်းကို ပြသပေးလိုက်သည်။

အဖြူရောင် ဝတ်စုံရှည် ဝတ်ဆင်ထားသော အဘိုးအိုက တောင်ပံခြောက်ခု ဝိညာဉ် ရှာဖွေသူကို ပြန်သိမ်းလိုက်သည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးဆယ်က ချင်ယန်တို့ ပြေးသွားသည့် ဘက်သို့ တည့်တည့် ပြေးလိုက် သွားကြသည်။

လမ်တစ်လျှောက်တွင် တောင် အထပ်ထပ်ကို ဖြတ်ကျော်ခဲ့ရသည်။ သို့သော် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များအတွက် သာမန် မြေပြင် အတားအဆီးများက အတားအဆီး မဟုတ်ပေ။ သူတို့အပေါ် သက်ရောက်မှု အနည်းငယ်သာ ရှိသည်။

နောက်မှ လိုက်လာသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များက ချင်ယန်တို့ တိုက်ပွဲ ဖြစ်ပွားသော နေရာသို့ ရောက်လာကြသည်။

"သွေးတွေ အများကြီးပဲ.... ဒီမှာ ဘာတွေ ဖြစ်ခဲ့တာလဲ.."

"တန်ခိုးရှင် တော်တော်များများ ခေါင်းဖြတ် ခံထားရတယ်..."

"သဲလွန်စကို ကြည့်ရတာတော့ တန်ခိုးရှင် (၁၂) ယောက် ဖြစ်နိုင်တယ်။ မြန်မြန်ဆန်ဆန် သတ်ပစ်ခဲ့တဲ့ ပုံပဲ.."

"ကြည့်ရတာ တန်ထန် အင်ပါယာက တန်ခိုးရှင်တွေက လက်စားချေဖို့ လိုက်သွားတဲ့ ပုံပဲ။ ငါတို့ ဆက်လိုက် ကြအုံးမလား."

တန်ခိုးရှင်များက အချိန် အတော်ကြာအောင် ဆွေးနွေး နေကြသည်။ အချိန်အတော် ကြာပြီးနောက် တန်ခိုးရှင် လေးဆယ်နောက်သို့ မည်သူမှ မလိုက်ကြတော့ပေ။

ချင်ယန်တို့ကို သတ်ဖြတ်ရန် စေလွှတ်ခဲ့သည့် တန်ခိုးရှင်များ သေဆုံးသွားခြင်း ဖြစ်နိုင်သည်။

ချင်ယန် နောက်သို့ လိုက်သွားခဲ့ကြသည့် တန်ခိုးရှင်များက ချင်ယန်တို့ကို မသေ သေအောင် သတ်မည်ဟု စိတ်ပိုင်းထားကြသည့် လူများ ဖြစ်သည်။ သို့သော် လိုက်သွားခဲ့သည့် တန်ခိုးရှင်များကို ချင်ယန်တို့က ပြန်လည် သတ်ဖြတ်ခဲ့သည်။

"ငါတို့ ဘာမှ မတွေ့ဘူးနော်..."

"မတွေ့ပါဘူး.."

"ချင်ယန်က အင်အားကြီး အဖွဲ့အစည်း တစ်ခုခုနဲ့ ပက်သက် နေနိုင်တယ်... ငါတို့ ဝင်ရှုပ်သင့်တဲ့ ကိစ္စ မဟုတ်တော့ဘူး."

"ချင်ယန် အကြောင်း မပြောကြနဲ့တော့။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော် သေသွားပြီ။ ငါတို့ ရန်စဖို့ တတ်နိုင်တဲ့ကိစ္စ မဟုတ်တော့ဘူး...."

"ဒီတစ်ကြိမ်မှာ မဟာသခင်ချင် မသေရင် တန်ထန် အင်ပါယာတော့ ဒုက္ခလှလှကြီး ရောက်ပြီလို့ ခန့်မှန်းရတယ်.."

ထို တန်ခိုးရှင်များက လျင်မြန်စွာ ပြန်ထွက်သွားကြသည်။

....

"ယန်အာ.. အမေတို့ ထွက်လာတော တော်တော်လေးတောင် ဝေးနေပြီ။ လုံခြုံပြီ ထင်တယ်နော်.."

ရှီယန်က ပြောလိုက်သည်။

ချင်ယန်တို့ အဖွဲ့က သတ်ဖြတ်ပြီးနောက် ထွက်လာခဲ့သည်မှာ ယခုဆို (၂) နာရီပင်

ကျော်သွားခဲ့ပြီ။ ချင်ယန်တို့ အဖွဲ့ထဲမှ အချို့လူများက သိုင်းဝိဉာဉ် အသုံးပြုပြီး ကီလိုမီတာ နှစ်ဆယ်ကျော် ပျံသန်း လာခဲ့ကြသည်။ ထို့နောက် မြေပြင်မှာ အဆက်မပြတ် ခရီးနှင် ခဲ့ကြသည်။

ရှီယန်နှင့် အခြားလူများက အားမနည်း ကြသော်လည်း ယခုလက်ရှိ အခိုက်အတန့်က သူမတို့အတွက် ကြမ်းတမ်း လွန်းလှသည်။

"ဘာမှ မဖြစ်ဘူး ဆိုရင်တော့ လုံခြုံနိုင်ပါတယ်.."

ချင်ယန်က ပြောလိုက်သည်။

နှစ်နာရီအတွင်းတွင် ချင်ယန်တို့ အဖွဲ့က ကီလိုမီတာ နှစ်ရာကျော် ခရီးနှင် ခဲ့ကြသည်။ ယခုလက်ရှိတွင် ညအချိန်ဖြစ်ပြီး နှင်းများ ကျဆင်းနေသဖြင့် သာမန် နည်းလမ်းနှင့် ဆိုလျှင် ခြေရာကောက်ရန် ခက်ခဲနေသည်။

“ယန်အာ.. ဘေးကင်းလောက်ပြီဆိုရင် ခဏ အနားယူရအောင်။ ယုလင်းနဲ့ တခြားလူတွေလည်း ပင်ပန်း နေကြပြီ.”

ရှီယန်က ပြောလိုက်သည်။

ရှီယန်၏ အခြေအနေက အမှန်တကယ် အဆင်ပြေနေသည်။

ရှီယန်က နတ်ရတနာ 'အသက်' ကြောင့် ခံနိုင်ရည် အလွန် အားကောင်းနေသည်။

"အင်း..."

ချင်ယန်က ခေါင်းညိတ် လိုက်သည်။ ရှောင်ကျူဝမ်နှင့် အခြားလူများက ပုံသန်းရာတွင် ခွန်အား အလွန်အကျွံ သုံးစွဲခဲ့ရသည်။ အကယ်၍ ဆက်သွားနေမည် ဆိုပါက တိုက်ခိုက်ရန် ခွန်အား ကျန်တော့မည် မဟုတ်ပေ။

"သခင်လေး.. ငါထင်တာ မမှားရင် ရှေ့တစ်ပြလောက်မှာ ကူတို့ဆိပ် ရှိနိုင်တယ်။ ငါတို့ လှေစီးလို့ ရတာပဲ..."

ရှန်းယုလင်းက ပြောလိုက်သည်။

"ကောင်းပြီလေ...."

ချင်ယန်တို့အဖွဲ့က ကူတို့ဆိပ်သို့ လျှင်မြန်စွာ ရောက်ရှိ လာကြသည်။ ကူတို့ဆိပ်တွင် လှေတစ်စင်း ရှိနေသည်။

"လှေသမား.. ငါတို့ လှေဝယ်မယ်.."

လှေပေါ်တွင် လူများ အိပ်နေကြသည်။

ချင်ယန်က သူတို့ကိုနှိုးပြီး ဘဏ်စာရွက် ထုတ်ပေးလိုက်သည်။ မကြာခင် ချင်ယန်တို့ အဖွဲ့က လှေပေါ်တက်ပြီး ရေစုန်ကို ရွက်လွှင့် သွားကြသည်။ ထိုအရှိန်က မမြန်သော်လည်း နာရီအနည်းငယ်ကြာလျှင် အဝေး ရောက်သွားနိုင်သည်။

"ငတုံးတွေ..."

လှေသမားက အပျော်လွန်ပြီး ကမန်းကတန်း ထွက်ပြေးသွားသည်။ ချင်ယန်က မတန်တဆပေးပြီး လှေကို ဝယ်ယူသွားသဖြင့် စိတ်ပြောင်းပြီး ပိုက်ဆံ

ပြန်လာတောင်းမည်ကို လှေသမားက ကြောက်လန့်ပြီး ထွက်ပြေး သွားခြင်းပင်။

"လူတိုင်းပဲ အား ပြန်ဖြည့်ထားကြ။ မကြာခင် ခက်ခဲတဲ့ တိုက်ပွဲတစ်ခု ဖြစ်လာတော့မယ်.."

ချင်ယန်က ဆေးလုံးများကို ထုတ်ယူရင်း ပြောလိုက်သည်။

"သူဌေး၊ ဆေးသောက်ဖို့ မလိုဘူး မဟုတ်လား..။ ငါတို့ စွမ်အားက အများကြီး မကုန်ပါဘူး။ နာရီ နည်းနည်းလောက် လေ့ကျင့်လိုက်ရင် အား ပြန်ပြည့်သွားမှာပါ.."

ချမ်ပိုင်က ပြောလိုက်သည်။

အားပြန်ဖြည့်ရန် ချင်ယန် ထုတ်ပေးနေသည့် ဆေးများက အဆင့် (၄) ဆေးများ ဖြစ်နေသဖြင့် ချမ်ပိုင်၏ အမြင်တွင် ဖြုန်းတီးရာ ကျလွန်း နေသည်။

သာမန် အဆင့်လေး ဆေးလုံးတစ်လုံးကို ငွေတုံး တစ်သန်း တန်ကြေး ရှိသည်။

ချင်ယန် သန့်စင်ထားသည့် ဆေးလုံးများ ပြည့်စုံခြင်းအဆင့် ရှိနေသဖြင့် အနည်းဆုံး ငွေတုံး ငါးသန်းနှင့် ရောင်းချနိုင်သည်။ ထိုအထဲမှ ဆေးအချို့

ဆိုလျှင် သန်း ဆယ်ဂဏန်း အနည်းငယ်နှင့် ရောင်းချနိုင်သည်။

"နားညည်းအောင် စကား ပြောမနေကြနဲ့။ တစ်ယောက်ကို တစ်လုံးသောက်.."

ချင်ယန်က ပြောလိုက်သည်။

ချင်ယန်၏ ဆေးလုံးများက စျေး မနည်းသော်လည်း ယခုလက်ရှိ အချိန်တွင် ချင်ယန်က မချွေတာ နိုင်တော့ပေ။

ချင်ယန်၏ အားဖြည့် ဆေးလုံးများက ပြည့်စုံခြင်းအဆင့် ဆေးလုံးများ ဖြစ်သဖြင့် သာမန် အားဖြည့် ဆေးလုံးများထက် အား ပြန်ပြည့်မှု ပိုမြန်သည်။

(၁၅) မိနစ်ခန့် ကြာပြီးနောက်....

တင်ပျဉ်ခွေ ထိုင်နေသော ချင်ယန်က ရုတ်တရုတ် မျက်နှာ ပျက်သွားသည်။

လူသတ်ချင်စိတ်ကို ချင်ယန် သတိထား လိုက်မိလိုက်သောကြောင့်ပင်။

ဒါသည် ကီလိုမီတာ အနည်းငယ် ဝေးကွာသော နေရာမှ တန်ခိုးရှင် တစ်ယောက်၏ လူသတ်ချင်စိတ် ဖြစ်ပြီး သူတို့ထံ ချဉ်းကပ် လာနေသည်။ ထို့အပြင် လူသတ်ချင်စိတ်က တစ်ခုထက် ပိုများနေသည်။

"သတိထား... ရန်သူတွေ လာနေပြီ။ လူများတယ်.."

"ဟိုဘက်ကို သွား..."

ချင်ယန်က အော်ဟစ်လိုက်သည်။

ချင်ယန်တို့ အဖွဲ့က လှေပေါ်မှ ချက်ချင်း ထွက်ပြီး ရေပြင်ကို ဖြတ်ကျော်ကာ တစ်ဖက်ကမ်းသို့ လျှင်မြန်စွာ ရောက်ရှိသွားကြသည်။

အချိန်တိုလေး အတွင်းမှာပင် လူများ လုံးဝ ပျောက်ကွယ်သွားသည်။

ဆောင်းတွင်း၏ မနက် လေးနာရီမှ ငါးနာရီကြားသည် အမှောင်ဆုံးအချိန် ဖြစ်သည်။

သို့သော် ချင်ယန်တို့ အဖွဲ့၏ ခွန်အားနှင့်ဆိုလျှင် မီတာ ဒါဇင်ပေါင်းများစွာ အဝေးသို့ လှမ်းကြည့်ရန် ပြဿနာ မရှိပေ။

"ယန်အာ.. ရန်သူတွေ ဘယ်လောက်များလဲ... အမေတို့ မပျံတော့ဘူးလား.."

ရှီယန်က ပြောလိုက်သည်။

ချင်ယန်၏ မျက်နှာ အမူအရာက အမှန်တကယ် သုန်မှုန်နေပြီး...

"တဖက်လူက ရှာတွေ့တယ်ဆိုတော့ သားတို့ကို တစ်ခါတည်း ရှာနိုင်တဲ့ ရတနာတစ်ခု ရှိနေတယ်။ သူတို့ကို လမ်းလွှဲလို့မရလို့ သိုင်းဝိညာဉ် သုံးလည်း အကျိုးမထူးဘူး..."

"ပြီးတော့ သိုင်းဝိဇ္ဇာဥ် သုံးရင် စွမ်းအင် ကုန်ဆုံးမှု ပိုများတယ်..."

ရှီယန်က

"ရန်သူ ဘယ်လောက်များလဲ..."

"လေးဆယ်.."

ချင်ယန်က တည်တည်ငြိမ်ငြိမ် ပြန် ဖြေလိုက်သော်လည်း စိတ်ထဲတွင် မချိပြုံး ပြုံးနေမိသည်။ တန်ချမ်ဒေါင်နှင့် အခြားလူများက အမှန်တကယ် ရက်စက်လွန်းပြီး ဤမျှ များပြားသော

တန်ခိုးရှင်များကို သူတို့နောက် လိုက်ရန် အမှန်တကယ် စေလွှတ်လိုက်သည်။

ထိုအပြင် ဤမှူ အဝေးကြီး လိုက်လာခဲ့သေးသည်။

"ယွမ်ဟူ နယ်ပယ်လား..."

ဟွာဝမ်ရိုက မျှော်လင့် ထားသဖြင့် အံ့အောသင့် နေသော အမူအရာနှင့် မေးလိုက်သည်။

ချင်ယန်က ခေါင်းညိတ် ပြလိုက်သဖြင့် ဟွာဝမ်ရိုနှင့် ကျန်သည့်လူများ ထိတ်လန့် သွားကြသည်။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်

လေးဆယ်နှင့် (၁၂) ယောက်ဆိုသည်မှာ မတူသော ဇတ်လမ်း တစ်ပုဒ်ပင်။

ထို့အပြင် သူတို့နောက်သို့ လိုက်ခဲ့သော ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်က သူတို့ကို လျှော့တွက် ခဲ့ကြသည်။

ဤနေရာအထိ လိုက်လာသော တန်ခိုးရှင်များက လျှော့တွက်တော့မည် မဟုတ်ပေ။

"မြစ်တစ်ဖက်မှာ... မြန်မြန်ပြေး..."

"မြန်မြန်လိုက်.."

အဖြူရောင် ဝတ်ထားသော အဘိုးက အော်ဟစ်လိုက်သည်။

တန်ရောင်ကူကလည်း အော်ဟစ် လိုက်သည်။ သူတို့အဖွဲ့က မြစ်အစပ်သို့ ရောက်နေကြပြီ။

မြစ်က မီတာ ရာပေါင်းများစွာ ကျယ်ဝန်းသည်။

ဒါသည် သာမန် လူတစ်ယောက်အတွက် ခက်ခဲသော်လည်း ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက်အတွက်မူ ဆယ်စက္ကန့်သာ အချိန်ယူရမည့် ကိစ္စ ဖြစ်သည်။

## အခန်း(၁၈၉) - မြင်သာမြင် မကြြင်ရ....

တန်ရောင်ကူတို့က မြစ်ကို ဖြတ်ကျော်ပြီး ချိုင့်ဝှမ်းတစ်ခု အနားသို့ လျှင်မြန်စွာ ချည်းကပ်လာကြသည်။

ချင်ယန်တို့ အဖွဲ့က ချိုင့်ဝှမ်းထဲတွင် ရှိနေသည်။

အချက်ပြ မီးကျည်တစ်ခုကို ကောင်းကင်ပေါ် ပစ်ဖောက်လိုက်ရာ ချိုင့်ဝှမ်းတစ်ခုလုံး လင်းထိန်သွားသည်။

ထိုအခါ လက်ဖက်ရည် စားပွဲတစ်လုံး ချထားပြီး သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်ကာ လက်ဖက်ရည်ကို အေးအေးဆေးဆေး ဇိမ်ခံသောက်နေသည့် ချင်ယန်ကို တွေ့လိုက်ရသည်။

ထို့အပြင် ရှန်းယုလင်းက ဘေးနားမှနေ၍ ကုချင်းတစ်လက်ကို သာယာ ငြိမ့်ညောင်းစွာ တီးခတ်နေသေးသည်။

"ရပ်.."

တန်ရောင်ကူက လက်ကို ရုတ်တရက် မြှောက်တင်လိုက်သည်။

ချိုင့်ဝှမ်းထဲတွင် မြူခိုးများနှင့် ရစ်ဆိုင်းနေသဖြင့် တန်ရှောင်ကူက သတိထားပြီး စိုက်ကြည့်နေသည်။ ယခင်က သေဆုံးသွားသည့် တန်ခိုးရှင်များသည် ချိုင့်ဝှမ်းထဲတွင် သေဆုံးခဲ့ခြင်း မဟုတ်ပေ။

ထိုနေရာက ချိုင့်ဝှမ်းတစ်ခု ဖြစ်နေသဖြင့် အဆိပ်များ ရှိနေမည် ဆိုပါက အဆိပ်ချီများက လေနှင့် အလွယ်တကူ လွင့်ပါသွားမည် မဟုတ်ပေ။

"ညော့်သည်တွေ ရောက်လာပါလား.... လာပါ.. ချိုင့်ဝှမ်းထဲကို လာခဲ့ပါ.... လက်ဖက်ရည်လေး၊ ဘာလေး သောက်ကြအုံးလေ..."

ချင်ယန်က ပြုံးနေသော မျက်နှာ အမူအရာနှင့် ဖိတ်ခေါ်လိုက်သည်။

တန်ရောင်ကူနှင့် အခြားလူများက ချိုင့်ဝှမ်းထဲသို့ စိုက်ကြည့် နေကြသည်။ ထိုချိုင့်ဝှမ်းက သိပ်မကြီးသလို အန္တရာယ် ရှိသည့် ပုံစံမျိုးလည်း မရှိပေ။

သို့သော် တန်ရောင်ကူ စိတ်ထဲတွင် ထိုကဲ့သို့ မထင်ကြပေ။

သူက ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၃) ယောက်နှင့် မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်

(၁၅) ယောက်ကို ပထမဦးဆုံး စေလွှတ်ခဲ့ဖူးသည်။ သို့သော် သူတို့အားလုံးက တစ်ချက်တည်းနှင့် အသတ် ခံလိုက်ရသည်။ စစ်ဆေးကြည့်ရာ သူတို့ ခန္ဓာကိုယ်ထဲတွင် အဆိပ်များ ရှိနေကြသည်။

ဒုတိယ တစ်ကြိမ်တွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၅) ယောက် သေဆုံးခဲ့ပြီး ထိုအထဲတွင် ပေါင်လောင်နှင့် ထန်ကျန်းတို့ ကဲ့သို့ အစွမ်းထက်သော တန်ခိုးရှင်များလည်း ပါဝင် နေသေးသည်။

လူတစ်ယောက်ကို အဆိပ်ခတ်နိုင်လျှင် ဆယ်ယောက်ကိုလည်း အဆိပ် ခတ်နိုင်သည်။ လူတစ်ရာလည်း အဆိပ် ခတ်နိုင်သည်။ ချိုင့်ဝှမ်းထဲ ဝင်သွားပါက သေသွားနိုင်သည်။

"မင်းသား ခြောက်၊ ဒီချိုင့်ဝှမ်းက ပြဿနာ ရှိကို ရှိနိုင်တယ်နော်..."

"အစ်ကိုရောင်နန်... ပေါ့ပေါ့ဆဆ မဝင်ပါနဲ့.."

ယခုလက်ရှိ ရောက်လာသော တန်ခိုးရှင်တိုင်းက ယွမ်ဟူနယ်ပယ် ဖြစ်သော်လည်း ချိုင့်ဝှမ်းထဲ

ဝင်သွားရန် ကျောတွန့် နေကြသည်။ ထို့ကြောင့် တန်ရောင်ကူကို ပြောလိုက်ကြခြင်းပင်။

"ဟား ဟား...၊ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၄၁) ယောက် လား..... မဆိုးပါဘူး..."

ချင်ယန်က တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

တန်ရောင်ကူလည်း မျက်နှာ ပျက်သွား၏။

'ချင်ယန် ဘယ်လို သိတာလဲ....'

ချင်ယန်က အလင်းထဲတွင် ရှိနေပြီး သူတို့က အမှောင်ထဲတွင် ရှိနေခြင်း ဖြစ်နိုင်သည်။

ထို့အပြင် သူတို့ထဲမှ အချို့က ချိုင့်ဝှမ်း အနားမကပ်ဘဲ အဝေးမှ စောင့်ကြည့် နေကြသည်။

ချင်ယန်က လူတိုင်းကို မတွေ့နိုင်အောင် ပုန်းနေကြခြင်း ဖြစ်သည်။

"လူတိုင်း သတိထား။ ပတ်ဝန်းကျင်မှာင် ငါတို့ကို စောင့်ကြည့်နေတဲ့ တန်ခိုးရှင်တွေ ရှိနေနိုင်တယ်.."

တန်ရောင်ကူက အော်ဟစ်လိုက်သည်။

ချင်ယန်က ရယ်မောနေရင်း.....

"မင်းသား ခြောက် ။ မဟာသခင် ပွဲတော် ပြီးသွားတာကို အိမ်မှာ အသုဘမလုပ်ဘဲ ဘာဖြစ်လို့ ဒီရောက်နေတာလဲ..."

တန်ရောင်ကူ၏ မျက်လုံးထဲတွင် မီးဝင်းဝင်း တောက်သွားသည်။

"မင်းသား (၆) သတိထား...။ ချင်ယန်က တမင်သက်သက် စိတ်ဆွနေတာ...။ ချိုင့်ဝှမ်းထဲမှာ မဟုတ်တာတွေ စီစဉ် ထားရတာပဲ ဖြစ်ရမယ်..."

တန်ခိုးရှင် တစ်ယောက်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ချင်ယန်က လက်ဖက်ရည်ကို အရသာ ခံသောက်လိုက်ပြီး တစ်ချက် ပြုံးလိုက်ကာ...

"မင်းသား ခြောက်၊ ဒီမှာ လက်ဖက်ရည် ပူပူလေးနဲ့ မီးပုံရှိတယ်။ အပြင်မှာ အေးက အေးနဲ့... လာလေ..."

"မင်းဘက်မှာ ယွမ်ဟူ နယ်ပယ် တန်ခိုးရှင် (၄၁) ယောက်လေ။ ဘာကို ကြောက်နေတာလဲ။ ငါတို့ ဆယ်ယောက်က ယွမ်ဟူနယ်ပယ် ရောက်နေတယ်ပဲ ထားအုံး။ မင်းတို့ လူအင်အားက ငါတို့အားလုံးကို တစ်ခါတည်း သတ်လို့ ရပါတယ်"

"မြန်မြန်သွားပြီး အဆိပ် ရှိ၊ မရှိ စစ်ဆေးလိုက်."

"ပြီးတော့ ဒီကောင် ချင်ယန်ကို သတ်ချင်လို့ အဝေးက လာခဲ့ကြတာ မဟုတ်လား..."

တန်ရှောင်ကူက အေးစက်စွာ ပြောလိုက်သည်။

စကားပြောခဲ့သည့် တန်ခိုးရှင်ကပင် အသံ ပို့လွှတ်ပြီး......

"မင်းသားခြောက် သတိထားပါ။ ငါတို့က ချင်ယန်နဲ့ ရှီယန်ကို အရှင်လတ်လတ် ဖမ်းဖို့ လိုတယ်။ ဒါက အရှင်မင်းမြတ်ရဲ့ အမိန့်ပဲ..."

"ငါ သိတယ်..."

အချိန်များ တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးသွားခဲ့သည် ချင်ယန်တို့ အဖွဲ့ကို အဝေးမှ တိုက်ခိုက်သော်လည်း အသုံးမဝင်ပေ။

ထိုချိုင့်ဝှမ်းက အကြီးကြီး မဟုတ်သော်ငြားလည်း အလွန် သေးငယ်သည်လည်း မဟုတ်ပေ။ သူတို့က တိုက်ခိုက်လိုက်သည့် အခါ ချင်ယန်တို့က အလွယ်တကူ ရှောင်နိုင်ကြသည်။

မီးရှို့လည်း အသုံးမဝင်ပေ။ ယခုလက်ရှိတွင် နှင်းများ ကျနေသောကြောင့် ချိုင့်ဝှမ်းထဲတွင်

နှင်းများ ထူထပ်နေသည်။ ချိုင့်ဝှမ်းထဲမှ သစ်ပင်များကို မီးရှို့မည်ဆိုပါက စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်လိမ့်မည်။

"မင်းသား ခြောက်။ ဘာတွေ ဆုံးဖြတ်ရ ခက်နေတာလဲ... လူလွှတ်ပြီး စုံစမ်း ခိုင်းလိုက်လေ...။ ဒီလောက် ရိုးရှင်းတာကို..."

ချင်ယန်က ရယ်မောပြီး ပြောလိုက်သည်။

တန်ရောင်ကူ၏ မျက်နှာက အမှန်တကယ် ပုပ်သိုးနေသည်။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များကို အလွယ်တကူ စေလွှတ်၍ ဖြစ်ပါမည်လော....

အင်ပါယာ မိသားစုတွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် (၁၂) ယောက်ကျော်သာ ရှိပြီး သူတို့ကို သေတွင်းထဲ ပို့လိုက်ပါက တန်ချမ်ဒေါင်က ကောင်းကောင်း အမှုန့်ကြိတ် လိမ့်မည်။

အခြား အင်းအားစုကရော ဝမ်းသာအားရ သွားမည်လော....

ပို၍ပင် မဖြစ်နိုင်သေးချေ။

အကယ်၍ ထိုလူများက အဆိပ်ရှိနေမည်ကို မကြောက်ပါက ချက်ချင်း ဝင်သွားလိမ့်မည်။

တန်ရောင်ကူ၏ မျက်နှာက အမှန်တကယ် ရုပ်ဆိုးနေသည်။

သူတို့က ဒီရောက်ပြီး ချင်ယန်ကို မျက်နှာချင်းဆိုင် တွေ့နေရသော်လည်း မလှုပ်ရှားနိုင် ဖြစ်နေသည်။

“ကြယ် (၆) ပွင့် အဆောင်ကို သုံးရင် ကောင်းမလား…”

တန်ရောင်ကူ စိတ်ထဲတွင် ထိုအတွေး ဖြတ်ခနဲ ပေါ်လာသည်။ သို့သော် ချင်ယန်တို့ကို

အရှင်လတ်လတ် ဖမ်းရမည် ဖြစ်သောကြောင့် ထိုနည်းကို သုံး၍ကလည်း မဖြစ်ပေ။

ထို့အပြင် ကြယ် (၆) ပွင့် အဆောင်က ချိုင့်ဝှမ်း တစ်ခုလုံးကို မလွှမ်းခြုံနိုင်ပေ။ ချင်ယန်တို့ အဖွဲ့က တွင်းထူးပြီး ပုန်းလိုက်မည် ဆိုပါက သူတို့ကို မထိခိုက်နိုင်တော့ပေ။

ဒါလည်း အလကားပဲ.....

“မင်းသား ခြောက်။ ချင်ယန်တို့က အဆိပ် သုံးတယ်ဆိုရင် ငါတို့လည်း အဆိပ်သုံးလို့ ရတာပဲ..”

ရုတ်တရုတ် ဆိုသလို လူတစ်ယောက်က ထ ပြောလိုက်သည်။

တန်ရောင်ကူ၏ မျက်လုံးက တောက်ပလာသည်။ ဒါက နည်းလမ်းကောင်းပဲ.....

"မင်းမှာ မသေနိုင်တဲ့ အဆိပ် ရှိလား..။ ချိုင့်ဝှမ်း တစ်ခုလုံးကို ဖုံးလွှမ်းနိုင်တဲ့ အဆိပ်မျိုး...."

တန်ရောင်ကူက ပြောလိုက်သည်။

ထိုအကြံပေးသည့် တန်ခိုးရှင်က ပါးစပ်ပိတ် နေသည်။

တန်ရောင်ကူက လေးနက်သော လေသံနှင့်......

"လူတိုင်းပဲ.. အချိန်တန်ရင် အင်ပါယာက ပြန်ပေးမယ်။ ချင်ယန်ကို ဖမ်းနိုင်ရင် အကျိုးအမြတ်တွေလည်း ရအုံးမယ်..."

ပြောခဲ့သည့် တန်ခိုးရှင်က ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

ကမ်းစပ်သို့ လမ်းလျှောက်သော လူက ခြေထောက် ရေစိုနိုင်သည်။ အဆိပ်ကို အသုံးပြုသူက အဆိပ် မိနိုင်သည်။ အဆိပ်က ကိုင်တွယ်ရ အလွန်ခက်သော အမျိုးအစား ဖြစ်သည်။ ထို့အတူ

တန်ခိုးရှင်များကိုလည်း အလွယ်တကူ သတ်ပစ်နိုင်သည်။

"ချင်ယန်တို့ အဖွဲ့ကို ပစ်ပေါက် ကြ..."

တန်ရောင်ကူက အမိန့်ပေးလိုက်သည်နှင့် ပစ္စည်း အခု (၂၀) က ချင်ယန်တို့အနား ပြုတ်ကျလာပြီး မီးခိုးများ အူထွက်လာသည်။ ထို့နောက် မီးခိုး အငွေ့များက လျှင်မြန်စွာ ပျံ့နှံ့သွားသည်။

"စည်းတံဆိပ် သုံး..."

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ရှီယန်နှင့် အခြားသူများတွင် အထူး အဆောင်တစ်ခုစီ ရှိကြသည်။ ထိုအဆောင်က သူတို့ ပတ်ပတ်လည်ကို ကာကွယ်ပေးထားသော ဒိုင်အလွှာ ပါးပါးလေး တစ်ခု ထုတ်ပေးနိုင်သည်။ ထိုအဆောင်က တိုက်ခိုက်မှုကို မကာကွယ် နိုင်သော်လည်း အဆိပ်ငွေ့များကို ကာကွယ် ပေးနိုင်သည်။

ထို့အပြင် ရှီယန်နှင့် အခြားလူများက ဆေးများ သောက်သုံး ထားကြသေးသည်။ ထိုဆေးများက တန်ထန် အင်ပါယာတွင် လုံး၀ မရှိပေ။

ထိုဆေးကို သောက်သုံး ထားပါက နာရီအနည်းငယ် ကြာအောင် အသက်မရှူ ရ၍လည်း ဘာမှ မဖြစ်ပေ။

မိနစ် အနည်းငယ် ကြာသွားသည်။

ချိုင့်ဝှမ်းထဲတွင် ချင်ယန်က အပြုံးမပျက် ရှိနေသေးသည်။

"မင်းသားခြောက်၊ အပြင်ဘက်မှာ ကောင်းကောင်း မှတ်တမ်း တင်ထားနော်။ ဒါမှ အလုပ်ကောင်းကောင်း လုပ်ခဲ့တယ်ဆိုပြီး ပြန်ပြောလို့ ရမှာ....."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

တန်ရောင်ကူ၏ မျက်နှာက ပုပ်သိုးနေသည်။ သူက အသံပို့လွှတ်လိုက်ပြီး....

“အဆိပ်သာ အလုပ်ဖြစ်ရင် ချင်ယန်တို့က ဘယ်လို ဖြစ်လာမှာလဲ..”

“မင်းသား ခြောက် အဆိပ်က အလုပ်ဖြစ်ရင် ချင်ယန်တို့က နာကျင် ကိုက်ခဲပြီး လဲကျသွားလိမ့်မယ်”

တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။ ထိုတန်ခိုးရှင်က ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက်ဖြစ်ပြီး ဆေးမဟာသခင် တစ်ယောက်လည်း ဖြစ်သည်။

တန်ရောင်ကူက မျက်မှောင် ကြုတ်လိုက်ပြီး

"ဒါဆိုရင် ချင်ယန်တို့ အဆိပ်မိနေပြီလား.."

"မင်းသားခြောက်... ထပ်ကြည့်ပါအုံး.... အချိန် ဒီလောက် ကြာတာတောင် တုံ့ပြန်မှု မရှိသေးဘူး.... ဒီကောင်တွေက အစွမ်းထက်တဲ့ အဆိပ်ဖြေဆေး သောက်ထားတာ ဖြစ်မယ်။ ပြီးတော့ သူတို့မှာ

အစွမ်းထက်တဲ့ အဆိပ် ရှိတော့ အဆိပ်ဖြေဆေးလည်း ရှိမှာပဲ...”

ထိုတန်ခိုးရှင်က ပြောလိုက်သည်။

“အင်း....”

နောက်ထပ် မိနစ် အနည်းငယ် ထပ်ကြာသွားသည်။

ချိုင့်ဝှမ်းထဲတွင် ချင်ယန်နှင့် အခြားလူများက အကောင်းတိုင်း ရှိနေကြသေးသည်။ ရှန်းယုလင်း၏

ကုချင်း တီးခတ်သံက ပို၍ပင် သာယာလာသေးသည်။

"ယန်အာ.... အခြေအနေက ဒီတိုင်း မပြီးဘဲ တန်ခိုးရှင်တွေ အထဲ ဝင်လာရင် ဘယ်လိုလုပ်မလဲ..."

ရှီယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ထိုချိုင့်ဝှမ်းထဲတွင် မည်သည့်အဆိပ်မှ မရှိသည်ကို ရှီယန်နှင့် အခြားလူများက သိနေကြသည်။

ချင်ယန်က အဆိပ်ကို ကောင်းကောင်း သန့်စင်နိုင်သော်လည်း ထိပ်တန်း အဆိပ်ကို သန့်စင်ရန် ထိပ်တန်း ပစ္စည်းများ လိုအပ်သည်။ ချင်ယန် လက်ထဲတွင် ယခုလက်ရှိ အချိန်ထိ ပစ္စည်းကောင်းကောင်း မရှိသေးပေ။

ယေဘုယျအားဖြင့် သူ သန့်စင်ထားသော အဆိပ်များက ရေထဲ၊ အစားအသောက်ထဲ ထည့်ပါက အကျိုးသက်ရောက်မှု ကောင်းသော်လည်း လေထဲ ရောက်သွားပါက လေနှင့် လွင့်ပါပြီး အကျိုးသက်မှု မရှိတော့ပေ။

"အင်ပါယာ မြို့ဘက်မှာ အစီအစဉ် တစ်ခု လုပ်ထားတယ်။ တကယ်လို့ အလုပ်မဖြစ်ရင်တော့ အတင်းအကျပ် ဖောက်ထွက် ရမှာပဲ..."

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

## အခန်း(၁၉၀) - ဂျင်းမိခြင်း....

အင်ပါယာ မြို့တော်....

တစ်ချိန်တည်းမှာပင် အင်ပါယာ မြို့တော်ရှိ အိမ်တော်တော် များများက မီးလောင် နေကြသည်။ ထိုအိမ်များတွင် ဆောင်းတွင်းအတွက် ထင်းများ သိုလှောင် ထားကြသည်။

ထင်းကလည်း ထင်းရှူးသား ဖြစ်နေသောကြောင့် မီးစွဲသည်နှင့် ဟုန်းခနဲ ထတောက်ပြီး မီးခိုးနှင့် မီးများက ကောင်းကင်ပေါ်အထိ ထိုးတက်သွားသည်။

ဖုန်း... ဖောင်း... ဒိုင်း....

နေရာကို မီးလောင်ပြီး သိပ်မကြာခင် အင်ပါယာမြို့တော်ကို ဝိုင်းထားသော တောင်များဘက်မှ ပေါက်ကွဲ သံများ ထွက်ပေါ်လာသည်။ ပေါက်ကွဲသံများက ကမ္ဘာ ပျက်နေသည့်အလား ကြောက်စရာ ကောင်းလွန်းလှသည်။ ထို့အတူ မြို့အတွင်း အချို့

နေရာများတွင်လည်း ပေါက်ကွဲသံများ ထွက်ပေါ်နေသောကြောင့် တစ်မြို့လုံး ကြောက်လန့်တကြား ဖြစ်နေကြသည်။

ထို့အပြင် ပေါက်ကွဲသံက အဝေးမှပင် ကြားနေရသည်။

"မကောင်းတော့ဘူး....... မီးပြတိုက် မျှော်စင်ကို မြန်မြန် မီးရှို့..... မြို့တော်ကို ရန်သူတွေ တိုက်ခိုက်နေပြီ.."

ကီလိုမီတာ ရှစ်ဆယ်ကွာသော တန်းလျားတစ်ခုမှ အချက်ပြ မီးမျှော်စင်ကို

လျှင်မြန်စွာ မီးရှို့လိုက်သည်။ ဆီများ၊ ခါတ်ငွေ့များကို လောင်းထည့် နေသောကြောင့် မီးမျှော်စင်၏ အလင်းရောင်ကို ကီလိုမီတာ ရာပေါင်းများစွာ ဝေးသော နေရာမှပင် တွေ့နေရသည်။

"မြန်မြန်၊ မြန်မြန်။ မြို့တော်ကို ရန်သူတွေ တိုက်ခိုက်နေပြီ....."

"အချက်ပြ မီးကျည်ပစ်...."

အနီးအနား မြို့များရှိ စစ်တန်းလျားများမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

သူတို့ကလည်း အချက်ပြ မီးမျှော်စင်ကို မီးရှို့လိုက်ကြသည်။

တစ်...

နှစ်...

သုံး..

သုံးမိနစ် အတွင်းမှာပင် မီးမျှော်စင် (၁၂) ခု က လင်းထိန်သွားသည်။

ချင်ယန်တို့နှင့် ကီလိုမီတာ ဒါဇင်ပေါင်းများစွာ ဝေးကွာသော နေရာမှ မြို့ကလည်း အလားတူ မီးမျှော်စင်ကို မီးရှို့လိုက်ကြသည်။

"မင်းသား ခြောက်.. ကြည့်....

ရုတ်တရက် ဆိုသလို ချိုင့်ဝှမ်း အပြင်ဘက်ရှိ တန်ခိုးရှင် တစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သူ မအော်လည်း တန်ရောင်ကူနှင့် အခြား တန်ခိုးရှင်များက လင်းထိန်လာသော မီးမျှော်စင် အလင်းရောင်ကို မြင်နေရသည်။

"မကောင်းတော့ဘူး...."

တန်ရောင်ကူက ရုတ်တရုတ် မျက်နှာ ပျက်သွားသည်။

နိုင်ငံတော် ကာကွယ်ရေးတပ်၏ ဗိုလ်ချုပ်ကြီး တစ်ယောက်အနေနှင့် ထို အလင်းရောင်က ဘာကို ဆိုလိုမှန်း သိနေသည်။ ဤကဲ့သို့ မီးမျှော်စင်များ လင်းထိန်လာခြင်းက ပြဿနာ အကြီးကြီး ဖြစ်နေကြောင်း ပြောဆိုနေသည်။

"တောင်ပေါ်က ကျားကို မျှားခေါ်ခြင်း...."

"တောက်စ်..။ ချင်ယန်က တခြားတပ်ဖွဲ့နဲ့ ပူးပေါင်းလိုက်တာ ဖြစ်နိုင်တယ်။ ငါတို့ကို ဒီနေရာ မျှားခေါ်ပြီး အင်ပါယာ မြို့တော်ကို တပြိုင်နက်တည်း တိုက်ခိုက်နေတာ ဖြစ်နိုင်တယ်...."

"စောစောတုန်းက ချင်ယန်က တန်ခိုးရှင် (၄၁) ယောက်လို့ ပြောခဲ့တာ မဆန်းတော့ဘူး..."

ချိုင့်ဝှမ်းထဲတွင် ချင်ယန်တို့ အဖွဲ့ကလည်း ကောင်းကင်ပေါ်မှ မီးအလင်းရောင်ကို ကောင်းကောင်း မြင်နေရသည်။

"မင်းသား ခြောက်။ ငါသာဆိုရင် အရင် မပြန်သေးဘူး။ ဒီထိ ရောက်အောင် ပြေးလာပြီးမှ ကလေး ဆုံးရှုံးသွားတဲ့ သွေးကြွေးကို အရင်ဆပ်တယ်..."

ချင်ယန်က စပ်ဖြဲဖြဲ ပြုံးပြီး ပြောလိုက်သည်။

တန်ရောင်ကူက တင်းမာသော လေသံနှင့်....

"ချင်ယန်၊ မင်းက တန်ထန် အင်ပါယာ နိုင်ငံသား ဖြစ်ပြီးတော့ တခြား တပ်ဖွဲ့တွေနဲ့ ပူးပေါင်း နေတယ်ပေါ့လေ။ မင်း သေခြင်းတရားက ဘယ်တော့မှ မလွတ်မြောက်နိုင်ဘူး.."

ချမ်ဟိုင်နှင့် အခြားလူများက ပြုံးနေကြသည်။

ချင်ယန်က သူတို့ကို လုပ်ခိုင်းခဲ့ခြင်း ဖြစ်သည်။ ထင်းများ သိုလှောင်ရန် ဂိုဒေါင်အချို့ကို ဝယ်ယူခဲ့ပြီး ထင်းများ သိုလှောင်ကာ ထိုအပေါ်တွင် အချိန်ကိုက် မီးလောင်စေသော အဆောင်များကို တင်ထားခဲ့သည်။

လူရှင်းသော တောင်များပေါ်တွင် ဗုံးအနည်းငယ် မြှုပ်နှံရန် မခက်ခဲပေ။ ချင်ယန် ကိုယ်တိုင်ပင် လုပ်နိုင်သည်။ ပေါက်ကွဲသံ ကြီးမားစေရန် အလွန်ကောင်းမွန်သော ပစ္စည်းများ မလိုအပ်ပေ။

"မင်းသားခြောက်။ ချင်ယန့်တို့ကို နောက်တစ်ကြိမ် လာသတ်လို့ ရသေးတယ်။ မီးမျှော်စင်ကလည်း လင်းနေပြီ ဆိုမှတော့ ချက်ချင်း ပြန်သွားပြီး သွားကူမှ ဖြစ်မယ်..."

ဝတ်စုံဖြူ ဝတ်ထားသော အဘိုးအိုက ပြောလိုက်သည်။

"ဟုတ်တယ်.... မင်းသားခြောက်... ချင်ယန် လှည့်ကွက်ထဲကို ငါတို့ဝင်လို့ မဖြစ်ဘူး..."

"မင်းသား ခြောက်။ ချင်ယန်ကို သတ်တဲ့ကိစ္စက အသေးအမွှားလေးပဲ။ အခု မြို့တော်က အန္တရာယ် ရှိနေပြီ...."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များလည်း စိုးရိမ်ပူပန် နေကြသည်။

အခြေခံအားဖြင် အင်ပါယာ မြို့တော်တွင် သူတို့၏ ပိုင်ဆိုင်မှုများနှင့် မိသားစုများ ရှိနေသည်။

မဟာသခင် ပွဲတော်မှ တန်ခိုးရှင်များက အခြေခံအားဖြင့် အင်ပါယာ မြို့တော်ကို လာလည်ကြသည့် တန်ခိုးရှင်များသာ ဖြစ်သည်။

ယခုလက်ရှိ အင်ပါယာ မြို့တော် တိုက်ခိုက်ခံနေရသည့် ကိစ္စက သူတို့ကိစ္စ မဟုတ်ပေ။

တန်ရောင်ကူက အေးစက်သော မျက်လုံးများနှင့် ချင်ယန်တို့ကို စိုက်ကြည့်နေသည်။

ချင်ယန်တို့ကို သတ်ဟု အမှန်တကယ်ပဲ အမိန့်ပေးလိုက်ချင်သည်။

သို့သော် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များ သေဆုံးခဲ့သည်မှာ တစ်ကြိမ်မကဘဲ နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ပြီ ဖြစ်သဖြင့် မဆင်မခြင် မလုပ်ရဲပေ။

ချိုင့်ဝှမ်းထဲသို့ ကမူးရှူးထိုး ဝင်သွားပါက ဆုံးရှုံးမှု ကြီးမား သွားနိုင်သည်။

"ပြန်ဆုတ်မယ်.... အင်ပါယာ မြို့တော်ကို အမြန်ပြန်မယ်.."

တန်ရောင်ကူက အံကြိတ်ပြီး အမိန့် ပေးလိုက်သည်။ ကီလိုမီတာ နှစ်ရာကျော် ခရီး ဖြစ်သောကြောင့် အင်ပါယာ မြို့တော်သို့ ပြန်ရောက်ရန် တစ်နာရီကျော် အချိန် ယူရအုံးမည်။ တတ်နိုင်သမျှ မြန်မြန်ပြန်မှ ဖြစ်လိမ့်မည်။

အင်ပါယာ မြို့တော်၏ အင်အားက အလွန် အားကောင်းသော်လည်း တစ်နာရီထက် ပိုပြီး တောင့်ခံရန် မဖြစ်နိုင်ပေ။

"ဟုတ်ကဲ့...."

ချိုင့်ဝှမ်း အပြင်ဘက်မှ တန်ခိုးရှင်များက အလျင်စလို ပြန်လည် ဆုတ်ခွာ သွားကြသည်။ တန်ခိုးရှင် အများစုက ကြိတ်ပြီး စိတ်သက်သာရာ ရသွားသည်။

အင်ပါယာ မြို့တော်ကို တိုက်ခိုက်ခဲ့ပါက သူတို့ မိသားစုလည်း သေဆုံး သွားနိုင်သည်။

"ဟူး...."

ချင်ယန်က ကြိတ်ပြီး သက်ပြင်းချလိုက်သည်။ ထိုကဲ့သို့ အရန် လှည့်ကွက်ကို လိုရမယ်ရ စီစဉ်ထားခဲ့သော်လည်း အမှန်တကယ် အသုံးဝင်လာလိမ့်မည်ဟု မထင်မှတ် ထားခဲ့ပေ။

"ယန်အာ.. သူတို့ ပြန် ထွက်သွားကြပြီ.. အချိန်တန်ရင် ငါတို့ကို ပြန်လာရှာမှာ မဟုတ်လား..."

ရှီယန်က ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

“မဖြစ်နိုင်ဘူး.. သူတို့က ဝိညာဉ် သားရဲလား၊ ဘာကို သုံးထားတာလဲတော့ မသိဘူး။ ဒါပေမဲ့ ဒီလို ရတနာမျိုးက တစ်ခေါက် သုံးပြီး ပြန်လည်စုဆောင်းဖို့ အချိန်ယူရတယ်။ အကြိမ်ကြိမ် သုံးနိုင်တယ် ဆိုရင်တောင် တစ်ရက်ကို တစ်ခေါက်လောက်ပဲ အများဆုံး သုံးနိုင်မှာ ။ သားတို့ကို ပြန်ရှာတွေ့ဖို့ ဖြစ်နိုင်ခြေ နည်းပါတယ်...”

“အဆင်သင့်ပြင်။ သွားကြမယ်...”

"သူတို့က မှားနေတယ်လို့ သတင်းရတာနဲ့ ပြန်လှည့် လာမယ်လို့ ခန့်မှန်းမိတယ်..."

တန်ရောင်ကူတို့ ထွက်သွားပြီး ကီလိုမီတာ အနည်းငယ် ဝေးသွားသည့်အချိန်တွင် ချင်ယန်၏ အမှောင်ထု နတ်ဆိုးနဂါးနှင့် ရှောင်ကျူဝမ်တို့၏ ရေခဲဖီးနစ်ငှက်များ ပေါ်လာသည်။ သူတို့၏ ယခုလက်ရှိ ခွန်အားနှင့် လူဆယ်ယောက်ကို အခက်အခဲ မရှိ သယ်ဆောင်ပြီး ပျံသန်း သွားနိုင်သည်။

ဝုန်း....

မကြာခင် ချင်ယန်တို့ အဖွဲ့က သိုင်းဝိညာဉ်များ၏ အကူအညီနှင့် နှင်း တောထဲဝင်ပြီး ကောင်းကင်ပေါ်တွင် ပျောက်ကွယ် သွားကြသည်။

သုံးမိနစ် ကြာသွားခဲ့သည်။

တန်ရောင်ကူနှင့် အခြားလူများက ရုတ်တရက် ရပ်တန့် လိုက်ကြသည်။

ခမ်းလှမ်းလှမ်းမှ ကောင်းကင်ပေါ်တွင် မီးကျည် နှစ်ခု ဆက်တိုက် မြင့်တက်လာနေသည်။

"သတိပေးချက် မှားနေတာလား..."

တန်ရောင်ကူ မျက်နှာ ပျက်သွားသည်။ မီးကျဉ် တစ်ခုတည်း ပစ်ဖောက်ပါက အရေးပေါ် ကိစ္စ ဖြစ်နေခြင်း ဖြစ်ပြီး မီးကျည်နှစ်ခုကို ဆက်တိုက် ပစ်ဖောက်ပါက ယခင် သတိပေးမှုကို ပြန်လည် ပယ်ဖျက်ခြင်း ဖြစ်သည်။

"မြန်မြန်လုပ်... ချိုင့်ဝှမ်းထဲ ပြန်သွားကြမယ်...."

တန်ရောင်ကူတို့ အဖွဲ့က ချင်ယန်တို့ ရှိနေခဲ့သည့် ချိုင့်ဝှမ်းဘက်သို့ အသည်းအသန် ပြန်ပြေး သွားကြသည်။

သူတို့ ရောက်သွားသောအခါ လူသူ ကင်းရှင်းနေသော ချိုင့်ဝှမ်းကြီးက ဆီးကြို နှုတ်ဆက်နေသည်။

"အဘိုးအိုယွန်း...."

တန်ရောင်ကူက တောင်ပံခြောက်ခု ဝိညာဉ် ရှာဖွေသူ အင်းဆက် အလောင်းကို ထုတ်ခဲ့သော အဘိုးအိုကို လှမ်းကြည့်လိုက်သည်။

ဝတ်စုံဖြူ ဝတ်ထားသော အဘိုးအိုက ခါးသီးစွာ ပြုံးလိုက်ပြီး...

"ငါတို့ ချိုင့်ဝှမ်းအနားမှာ အချိန်ဆွဲနေတဲ့ အချိန်ကတည်းက တောင်ပံခြောက် ဝိညာဉ် ရှာဖွေသူရဲ့ စွမ်းအားက ကုန်သွားပြီ။ ငါ့မှာ ဒီလို ရတနာ ထပ်မရှိတော့ဘူး...."

"အား..............."

တန်ရှောင်ကူက ကောင်းကင်ပေါ် မော့ကြည့်ပြီး ဒေါသတကြီး အော်ဟစ်ကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။ ပြင်းထန်သော စွမ်းအားကြောင့် ခပ်လှမ်းလှမ်းမှ ကျောက်တုံးကြီး တစ်ခုက ပေါက်ကွဲသွားသည်။

"လူတိုင်းပဲ. ချင်ယန်နောက်ကို အမီလိုက်နိုင်ဖို့ ဘာရှိလဲ..."

တန်ရောင်ကူက နီရဲနေသော မျက်လုံးများနှင့် အော်ဟစ်လိုက်သည်။

တန်ခိုးရှင်များက ခေါင်းခါ လိုက်ကြသည်။

တောင်ပံခြောက်ခု ဝိညာဉ် ရှာဖွေသူကဲ့သို့ ရတနာမျိုးက အလွန် ရှားပါးလှသည်။

အင်ပါယာ မိသားစုပင် ခက်ခက်ခဲခဲ စုဆောင်းရသောကြောင့် သူတို့ကဲ့သို့ သာမန် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များတွင် မည်ကဲ့သို့ ရှိမည်နည်း....

ထို့အပြင် တန်ခိုးရှင် အများစုက သူတို့တွင် ရှိနေလျှင်ပင် ထုတ်ရန် တွန့်ဆုတ် နေကြသည်။ ထုတ်ချင်စိတ် မရှိကြပေ။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးဆယ်ထဲတွင် အနည်းစုကသာ ချင်ယန်တို့ကို အမှန်တကယ် သတ်ပစ်ချင် နေကြခြင်း ဖြစ်သည်။ ကျန်သည့်

လူများကမူ ချင်ယန်တို့နှင့် မတိုက်ခိုက်ရပါက ပိုကောင်းသည်။

ချင်ယန်ကဲ့သို့ အလွန် ငယ်ရွယ်သော မဟာသခင် တစ်ယောက်ကို သတ်ရန် ကြိုးစားပါက သတ်နိုင်ခဲ့လျှင် ကောင်းသည်။ အကယ်၍ မသတ်နိုင်ခဲ့ပါက အချိန်တန်လျှင် အကျိုးဆက်များ ပြင်းထန် လာလိမ့်မည်။

"မင်းသားခြောက်၊ အင်ပါယာ မြို့တော်ကိုပဲ ချက်ချင်း ပြန်သွားရအောင်။ အဲ့ဘက်မှာ တစ်ခုခု ဖြစ်ချင် ဖြစ်နေနိုင်တယ်.."

"သတိပေးမှု ဖျက်သိမ်းတဲ့ မီးကျည်ကလည်း ရန်သူဘက်က လုပ်တာ ဖြစ်နိုင်တယ်...."

လူအိုကြီးယွန်းက အခြားသူများ၏ အနေခြအနေကို ကြည့်ပြီး လေးနက်စွာ ပြောလိုက်သည်။ ချင်ယန်တို့ အဖွဲ့က ကောင်းကင်ပေါ် ပျံတက်ပြီး ထွက်ပြေးသွားခြင်း ဖြစ်သဖြင့် လိုက်ဖမ်းရန် ခက်ခဲ သွားခဲ့ပြီ.....

"သွားကြမယ်.."

တန်ရှောင်ကူက ဒေါသတကြီး အော်ဟစ် လိုက်သည်။

တန်ခိုးရှင် (၄၁) ယောက်က ချိုင့်ဝှမ်းထဲမှ နောက်တစ်ကြိမ် ပြန်ထွက်သွားသည်။

ကောင်းကင်ပေါ်တွင် ချင်ယန်တို့ အဖွဲ့က လျှင်မြန်စွာ ပျံသန်း နေကြသည်။ လူသတ်ချင်စိတ်က သူတို့နောက်ကို မလိုက်လာသဖြင့် ချင်ယန်က စိတ်အေး သွားသည်။

"ကြည့်ရတာ ငါတို့ ဘေးကင်းသွားပြီ ထင်တယ်...."

ချင်ယန်က ပြုံးလိုက်ပြီး....

“ဒါပေမဲ့ အနား မယူနဲ့အုံး… အင်ပါယာ မြို့တော်ကနေ တတ်နိုင်သမျှ အဝေးဆုံး ရောက်အောင် သွားကြမယ်..”

“အင်း..”

ရှီယန်နှင့် အခြားလူများက ခေါင်း ညိတ်လိုက်ကြသည်။

တစ်နာရီကျော် ကြာပြီးနောက်…

ချင်ယန်တို့ အဖွဲ့က အင်ပါယာ မြို့တော်နှင့် ကီလိုမီတာ လေးရာကျော် ဝေးကွာသွားခဲ့ပြီ။

တန်ရောင်ကူတို့ကလည်း အင်ပါယာ မြို့တော်ကို အမြန် ပြန်ရောက် သွားကြသည်။

အာရုဏ်တက်နေပြီ.....

“ညီတော် ခြောက်.... ဘယ်လိုလဲ...”

တန်ချမ်ဒေါင်က လေးနက်စွာ မေးလိုက်သည်။ သူက နန်းတော်ထဲတွင် ရှိမနေဘဲ မြောက်ဘက် မြို့တံခါးတွင် ရှိနေခဲ့ပြီး တန်ရောင်ကူကို မြင်သည်နှင့် ဆီးကြိုပြီး မေးလိုက်ခြင်းပင်။

တန်ရောင်ကူနှင့် အခြားလူများက တန်ချမ်ဒေါင်ကို မြင်သည်နှင့် လျင်မြန်စွာ အရိုအသေ ပေးလိုက်ကြသည်။

"အရှင်မင်းမြတ်၊ ချင်ယန်တို့ ထွက်ပြေး သွားကြပြီ.."

တန်ရောင်ကူက အံကြိတ်ပြီး ပြောလိုက်သည်။ အင်ပါယာ မြို့တော် အပြင်ဘက် တောင်တန်းများကို ရောက်မှ ဗုံးတွင်းပေါက်များကို တွေ့ပြီး လှည့်စား ခံလိုက်ရကြောင်း သိလိုက်ရသည်။

တန်ချမ်ဒေါင်၏ မျက်လုံးထဲတွင် စိတ်ပျက်သွားသော အမူအရာများ ပေါ်လာသည်။

တန်ရောင်ကူနှင့် အခြားလူများက ချင်ယန်တို့ကို ပြန်မခေါ်လာ ကတည်းက သူ့စိတ်ထဲတွင် ခံစားချက်မကောင်းတော့ပေ။ တန်ရောင်ကူတို့ အဖွဲ့ ကျရှုံးခဲ့သည်မှာ သေချာနေသည်။

"မင်းတို့လည်း ပင်ပန်း နေကြပြီ...."

"နေ့လည်စာ စားဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်.."

တန်ချမ်ဒေါင်က လေးနက်စွာ ပြောလိုက်သည်။ သူတို့က မအောင်မြင်ခဲ့သော်လည်း ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များ ဖြစ်နေသဖြင့် ဤကဲ့သို့ ပြောဆိုရန် ထိုက်တန် နေသေးသည်။ နာရီ အနည်းငယ် ကြာအောင် အပင်ပန်းခံခဲ့ရသည့် တန်ခိုးရှင်များကို ကျေးဇူးတင်ကြောင်း ပြရမည်။

"အရှင်မင်းမြတ်က အားနာ နေပြန်ပါပြီ...."

တန်ခိုးရှင်များက အမြန် ပြောလိုက်သည်။

"အရှင်မင်းမြတ်... ငါတို့က မကူညီနိုင်ခဲ့တော့ ပွဲလုပ်ပေးစရာ မလိုပါဘူး..."

“ဟုတ်ပါတယ်. အရှင်မင်းမြတ်။ အင်ပါယာမြို့တော်မှာ ဘာမှ လုပ်စရာ မရှိတော့ဘူးဆိုရင် ကျွန်တော်တို့ အရင် ပြန်နှင့်တော့မယ်”

တန်ခိုးရှင်များက စတင် ပြောဆို လိုက်ကြသည်။

အချိန် အတော်ကြာသောအခါ တန်ခိုးရှင်များ ထွက်သွားကြပြီး အင်ပါယာ မိသားစုသာ ကျန်ရစ်ခဲ့တော့သည်။

“နန်းတော်ထဲ ပြန်ကြမယ်..”

တန်ချမ်ဒေါင်က အေးစက်စွာ ပြောလိုက်သည်။

## အခန်း(၁၉၁) - မပြီးဆုံးသေးသော ဇာတ်လမ်း တစ်ပုဒ်...

ရှီအိမ်တော်......

ရှီကျန်းက တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေခဲ့သည်.

“ဘယ်လိုလဲ...”

သူနှင့် အရင်းနီးဆုံး သူငယ်ချင်း ဝင်လာသည်နှင့် ရှီကျန်းက ချက်ချင်း မေးလိုက်သည်။

"ခေါင်းဆောင်၊ မင်းသားခြောက် ပြန်ရောက်လာပြီ....။ ချင်ယန်ကို မဖမ်းမိခဲ့ဘူး...။ ချိုင့်ဝှမ်း တစ်ခုထဲမှာ ချင်ယန်တို့ကို လိုက်မိပြီး ဝိုင်းထားခဲ့ပေမဲ့ အဆိပ်တွေ ပတ်ပတ်လည် ဖြူးထားလို့ အထဲ မဝင်ရဲခဲ့ဘူး..."

"အဲ့အချိန်မှာ မီးအချက်ပြလို့ ပြန်ထွက်လာတဲ့ အချိန် ချင်ယန်တို့လည်း ထွက်ပြေးသွားကြတယ်..."

သူ့ အပေါင်းအသင်း ရှောင်းရင်းက စကားပြောပြီးနောက် ရှီကျန်း၏ မျက်နှာက မည်းမှောင် သွားသည်။

အကယ်၍ ချင်ယန်တို့ သားအမိက အမှိုက်ဖြစ်နေမည် ဆိုပါက ရှီကျန်းက သိပ်အလေးထားမည် မဟုတ်ပေ။ သို့သော် ချင်ယန်က အမှိုက်မဟုတ်ပေ။ အမှန်တကယ်ဆို ငယ်ငယ်ရွယ်ရွယ်လေးနှင့် စည်း မဟာသခင် တစ်ယောက်ပင်ဖြစ်နေသေးသည်။

ရှီမိသားစုက တန်ခိုးရှင် အများကြီး သေဆုံးသွားသဖြင့် ရှီကျန်းက မည်ကဲ့သို့ ခွင့်လွှတ်နိုင်မည်နည်း....

ထို့အပြင် ချင်ယန်က မသေဆုံးဘဲ ခွန်အား ပိုကောင်းလာမည် ဆိုပါက ချင်ယန်၏ စကား တစ်ခွန်းနှင့်တင် ရှီမိသားစု၏ အခြေအနေက ပြောင်းလဲ သွားလိမ့်မည်။

"ခေါင်းဆောင်၊ စုထားတဲ့ တန်ခိုးရှင်တွေ လူစုခွဲသွားပြီကြ။ ချင်ယန်တို့ကို လိုက်သတ်မယ့် ကိစ္စက အခု လောလောဆယ်တော့ မဖြစ်နိုင်တော့ဘူး...."

ရှီကျန်း ခေါင်းညိတ်လိုက်ပြီး....

"အင်း... ကြည့်လုပ်ရမှာပဲ...."

သူ့ မိတ်ဆွေ ထွက်သွားပြီး သိပ်မကြာခင် ရှီဟာန်ထန်က ရှီကျန်းထံ ရောက်ရှိလာသည်။

"ဟာန်ထန်၊ အခုလက်ရှိ အခြေအနေကို ဘယ်လိုမြင်လဲ..။"

ရှီကျန်းက မေးလိုက်သည်။

"အဖေ ငါတို့ ရှီမိသားစုက ချင်ယန်ကို အနိုင်ရဖို့ လုံးဝ မဖြစ်နိုင်မှာပဲ ကြောက်မိတယ်.."

"ပြီးတော့ အခုချိန်မှာ ချင်ယန်ကို သတ်ဖြတ်ဖို့ ကိုယ်တိုင် လုပ်စရာ မလိုဘူး.."

"မင်းသားခြောက်မှာလည်း လူတွေ အများကြီး သေခဲ့တယ်။ အင်ပါယာ မိသားစုကလည်း ယွမ်ဟူနယ်ပယ် တန်ခိုးရှင်တွေ အများကြီး ဆုံးရှုံးသွားတယ်။ ပေါင်လောင်လည်း သေသွားပြီ...။ အခု လောလောဆယ်တော့ ငါတို့ ရှီမိသားစုက ဘေးကင်း နေသေးတယ် ...."

"ဒီတစ်ကြိမ်မှာ ဝေမိသားစုက ဘာမှ မလုပ်ခဲ့ပေမဲ့ ငါတို့မှာ အကျိုးရှိတယ်။ ငါတို့ ပြိုင်ဘက်ရဲ့ အင်အားတွေ လျှော့ကျသွားပြီ။ အဲ့ထဲမှာ ဝေမိသားစုလည်း ပါတယ်.."

“အင်ပါယာ မိသားစုက ချင်ယန်ကို သတ်ဖို့ နောက်ထပ် အခွင့်အရေးတွေ ရှာလိမ့်မယ်။ လူသတ်သမားလည်း ထပ် ရှာလိမ့်မယ်...”

ရှီကျန်းက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ တန်ထန် အင်ပါယာ မိသားစုက တန်ခိုးရှင် အချို့ သေဆုံးသွားလို့ တန်ရောင်ကူကို ဦးဆောင် ခိုင်းလိုက်သော်လည်း ပြဿနာ ပိုကြီးလာတာပဲ အဖက်တင်သည်။ ချင်ယန်ကို သတ်ဖို့ ပိုက်ဆံ နည်းနည်းလောက် သုံးမယ်ဆို ပြဿနာ မရှိလောက်ပေ...

တန်ထန် အင်ပါယာဘက်တွင် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် လုံး၀ မရှိပေ။ သို့သော် အခြားနေရာတွင် ရှိသည်။

"ချင်ယန်၊ ဘယ်သွားမယ် ထင်လဲ..."

ရှီကျန်းက မေးလိုက်သည်။

ရှီဟန်ထန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"ချမ်ဂျူးအကယ်ဒမီကို သွားဖို့ များတယ်။ ချင်ယန်က ၀မ်ကျင်ဟန်ကို သတ်ခဲ့တယ်။ ဒီကိစ္စကို ခုထိ မဖြေရှင်း ရသေးဘူး.."

ရှီကျန်းက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"အဖေ၊ အခု လောလောဆယ်တော့ ချင်ယန်ကိစ္စကို မေ့ထားလိုက်ရအောင်..."

ရှီဟာန်ထန်က ပြောလိုက်သည်။

ရှီကျန်း အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး.....

"ငါတို့ ရှီမိသားစုက အခု လောလောဆယ်တော့ မလှုပ်ရှားသေးဘူး... သတင်းပဲ နားစွင့်ထားကြမယ်..."

ရှီမိသားစုက ကြီးကြီးမားမား ဆုံးရှုံးထားသည်။ အကယ်၍ ထပ် ဆုံးရှုံးမည်ဆိုပါက ရှီကျန်း တောင့်ခံနိုင်မည် မဟုတ်တော့ပေ။

"ဟုတ်ကဲ့ အဖေ..."

ရှီဟာန်ထန်က ခေါင်းညိတ်လိုက်သည်။

ချင်ယန်က ချမ်ဂျူး အကယ်ဒမီကို ရောက်သွားလျှင်ပင် ထိုသတင်းကို သိရှိရန် ခက်ခဲလှသည်။

ချမ်ဂျူး အကယ်ဒမီနှင့် တန်ထန် အင်ပါယာက အလွန် ဝေးကွာလွန်းသည်။ ယွမ်ဟူနယ်ပယ် တိမ်ငန်းတစ်ကောင်က တစ်ရက်လျှင် ကီလိုမီတာ ခုနှစ်ထောင်၊ ရှစ်ထောင်ခန့် ပျံသန်းနိုင်သည်။ ထို့ကြောင့် ခုနှစ်ရက် ၊ ရှစ်ရက်ခန့်သာ အချိန်ယူရသည်။ သို့သော် မျဉ်းဖြောင့်အတိုင်း တိုင်းမည်ဆိုလျှင် အင်ပါယာ မြို့တော်မှ ကီလိုမီတာ ငါးသောင်းကျော် ကွာဝေးသည်။

ဤမျှ ဝေးကွာသော ခရီးကို ယွမ်ဟူနယ်ပယ် တိမ်ငန်းက ပျံသန်းမည် ဆိုလျှင် အလွန်

ပင်ပန်းလိမ့်မည်။ လူတစ်ယောက်တည်း သွားလျှင်ပင် ကုန်ကျစရိတ်က မနည်းပေ။

အခြား နည်းလမ်းနှင့် သွားမည်ဆိုလျှင် အမြန်ဆုံးက တစ်လကြာ လိမ့်မည်။

ထို့ကြောင့် အလွန် အရေးကြီးသော သတင်း မရှိပါက တန်ထန် အင်ပါယာက ချမ်ဂျူး အကယ်ဒမီ၏ သတင်းကို အနည်းငယ်သာ ရရှိလေ့ ရှိတတ်သည်။

.......

တော်ဝင် နန်းတော်ထဲတွင်....

တန်ရောင်ကူက ပြောနေပြီး တန်ချမ်ဒေါင်က တိတ်တဆိတ် နားထောင်နေသည်။

တန်ရောင်ကူကို အပြစ်တင်ဖို့လား......

သူသာ တန်ရောင်ကူ နေရာမှာဆိုလျှင် တန်ရောင်ကူ ပြုလုပ်သည့် အတိုင်းသာ ပြုလုပ်လိမ့်မည်ဟု ခန့်မှန်းမိသည်။

ချိုင့်ဝှမ်းထဲက အခြေအနေကို တိတိကျကျ မသိရသေးခင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ကို

အလွယ်တကူ စေလွှတ်မည့် အစား အာရုဏ်တက်အောင် စောင်းရင်း နောက်ထပ် တန်ခိုးရှင်များ ရောက်လာမည့် အချိန်ကို စောင့်ဆိုင်း မိလိမ့်မည်။

"ချင်ယန်က အရမ်း ငယ်သေးတယ်.. ဒီလိုမျိုး အကွက်ကျကျ စီစဉ် နိုင်ပါ့မလား..."

တန်ရောင်ကူက မေးလိုက်သည်။

တန်ချမ်ဒေါင်က ခေါင်းညိတ်လိုက်ပြီး....

"မင်း ချိုင့်ဝှမ်းမှာ ရှိတုန်း မင်းတို့ဘက်က တန်ခိုးရှင် အရေအတွက်ကို ချင်ယန် သိနေတယ်လို့ ပြောခဲ့တယ် မဟုတ်လား…။ အစပိုင်းတုန်းက မင်းအနားမှာ တန်ခိုးရှင်တွေ ရှိလိမ့်မယ်။ မင်းတို့ထက် ပိုအစွမ်းထက်လို့ မင်းတို့မသိတာ ဖြစ်လိမ့်မယ်။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တောင် ဖြစ်ချင် ဖြစ်နေနိုင်တယ်.."

တန်ရောင်ကူက ခေါင်းညိတ်လိုက်သည်။

"ဒီလို ဖြစ်ဖို့လည်း များတယ်။ ငါရော လူအိုကြီးယွမ်ပါ သတိ မထားမိဘူး။

ယွမ်ဟူနယ်ပယ်ထဲမှာ ငါတို့ ခွန်အားက အားကောင်းတယ်လို့ သတ်မှတ်လို့ ရတယ်”

တန်ရောင်ကူက ပြောလိုက်သည်။

တန်ချမ်ဒေါင်က......

“ဒါတွေ အားလုံးက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ရဲ့ အစီအစဉ် ဖြစ်နိုင်တယ်...”

တန်ရောင်ကူက မျက်မှောင် ကြုတ်လိုက်ပြီး....

“တဖက်လူက ချင်ယန်ရဲ့ အဖေ ချမ်ဟိုင်များ ဖြစ်နေမလား..။ ချမ်ဟိုင် ပျောက်နေတာ နှစ်တွေ

ကြာနေပြီ။ သူရဲ့ ပင်ကိုယ် ပါရမီကလည်း တော်တော်လေး ကောင်းတယ်။ တကယ်လို့ သူသာ အသက်ရှင် နေသေးရင် ယွမ်ဟိုင်နယ်ပယ်ကို ရောက်နေလောက်ပြီ။ ချမ်ဟိုင်သာ ဖြစ်နေမယ်ဆိုရင် အစွမ်ကုန် ကြိုးစားပြီး ချင်ယန်ကို ကူညီတာက ပုံမှန်ပဲ…”

တန်ချမ်ဒေါင်က လေးနက်သော လေသံနှင့်….

“ဒီလို ဖြစ်ဖို့ များတယ်…”

“ထောက်လှမ်းရေး ဌာနကို ဒီကိစ္စနဲ့ ပက်သက်ပြီး စုံစမ်း ခိုင်းလိုက်မယ်….”

"ပြီးတော့ ညီတော်ခြောက် ကျန်တဲ့ကိစ္စတွေကို တခြားလူနဲ့ လွှဲလိုက်။ ချမ်ဂျူး အကယ်ဒမီကို မင်းကိုယ်တိုင် သွား.... ချမ်ဂျူး အကယ်ဒမီကို ချင်ယန် မဝင်နိုင်အောင် ဒါမှမဟုတ်ရင် သူ့ကိုသတ်ဖို့ တစ်ယောက်ယောက်ကို ခိုင်းလိုက်.."

"အစ်ကိုတော် ဒီကိစ္စအတွက် စိတ်မပူနဲ့.. တခြားလူ မလွှတ်ဘူး. ငါကိုယ်တိုင် သွားလိုက်မယ်..."

တန်ချမ်ဒေါင်က ခေါင်းညိတ်လိုက်ပြီး...

"ဒါဆို အခုပဲ ထွက်သွားတော့။ ချမ်ဂျူးမြို့ကို ချင်ယန်ထက် အရင် ရောက်နေတာ ပိုကောင်းတယ်..."

"ငါ့ကို ငွေတုံး ကုဋေ တစ်ရာ ပေး..."

"ချင်ယန် သေကို သေရမယ်...."

တန်ရောင်ကူက ရက်စက်ချင်သည့် မျက်လုံးနှင့် ကြည့်လိုက်ပြီး....

"အစ်ကိုတော် စိတ်မပူနဲ့..။ ချင်ယန်သတ်လို့ ရောင်နန် သေသွားပြီ။ ငါ့ရဲ့ တန်ခိုးရှင်တွေလည်း

အများကြီး သေသွားခဲ့တယ်။ ချင်ယန်ကို သေချာပေါက် မလွှတ်ပေးနိုင်ဘူး...”

ငွေတုံး ကုဋေတစ်ရာက အလွန်များသော်လည်း လုပ်ကြံသတ်ဖြတ်မည့် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်ကို ရှာဖွေရန် ခက်ခဲ နေသေးသည်။

“တကယ်လို့ ဒီငွေက နည်းနေသေးရင် မင်း နဲ့နဲလောက် စိုက်ထားလိုက်....”

တန်ချမ်ဒေါင်က ပြောလိုက်သည်။

တန်ရောင်ကူက ခေါင်းညိတ်လိုက်သည်။ သူသား သေသွားသည်။ သူ့လက်အောက်မှ တန်ခိုးရှင်များလည်း သေဆုံး သွားကြသည်။ ထို့ကြောင့် သူကလည်း ငွေစိုက်ရမည်။

ထို့အပြင် တန်ရောင်ကူက ကျန်းမိသားစု၊ ဝေမိသားစု၊ ရှီမိသားစု တို့အပြင် သွမ့်ခူကျူနှင့် အခြားလူများကိုလည်း စကားပြောရန် ရည်ရွယ်ထားသည်။ ရန်ပုံငွေ တော်တော်များများ ရလိမ့်မည်။

ထိုအခါ ချင်ယန်ကို သတ်ဖြတ်ရန် ပိုသေချာသွားလိမ့်မည်။

"ညီတော်ခြောက်... ချမ်ဂျူး အကယ်ဒမီကို တက်ရောက်နေတဲ့ လူငယ် မဟာသခင် တစ်ယောက်က ဘယ်လောက် အကျိုးအမြတ်များလဲဆိုတာ မင်း သိတယ် မဟုတ်လား....."

တန်ရောင်ကူက ခေါင်းညိတ်လိုက်ပြီး.....

"အစ်ကိုတော် ကောရာဇ် နားလည်ပါတယ်...."

"တိတ်တိတ်လေး လှူပ်ရှားပြီး ချင်ယန်ကို သတ်ဖို့ ကျန်တဲ့ တန်ခိုးရှင်တွကို နှိုးဆော်လိုက်မယ်..."

တန်ချမ်ဒေါင်က လေးနက်သော လေသံနှင့်......

"ချင်ယန်တို့ အဖွဲ့ နောက်တစ်ကြိမ် ပြန်လာရင် တန်ထန် အင်ပါယာက သချာပေါက် ဒုက္ခရောက်လိမ့်မယ်။ ဒီလို အခြေအနေကို ငါ မမြင်ချင်ဘူး။ မင်းလည်း မြင်ချင်မှာ မဟုတ်ဘူး။ ဒါကြောင့် နောက်တစ်ခေါက် မင်းနဲ့တွေ့ရင် ချင်ယန်ခေါင်းကို ပြန်ယူလာနိုင်ဖို့ မျှော်လင့်တယ်...."

“အစ်ကိုတော် ကောရာဇ် အရှင်လတ်လတ် မဖမ်းတော့ဘူးလား…”

တန်ချမ်ဒေါင်က

“တန်နိုင်သမျှ အရှင်ဖမ်းဖို့ ကြိုးစား.. မရရင်လည်း သေအောင် သတ်ခဲ့လိုက်..”

“ဟုတ်.”

တန်ရောင်ကူ အတွက်မူ ချင်ယန်ကို အရှင်လတ်လတ် ဖမ်းသည်ထက် စာလျှင် အသေသတ်ခြင်းက ပိုမို လွယ်ကူသည်။

"သွားတော့...."

တန်ချမ်ဒေါင်က လက်ခါ ပြလိုက်သည်။ လွန်ခဲ့သော ရက်ပိုင်းအတွင်း ကောင်းကောင်း မအိပ်ခဲ့ရပေ။ ယခုအခါ လူပန်းစိတ်ပန်း ဖြစ်ပြီး အိပ်ချင်လာသည်။

"အစ်ကိုတော်ဘဲ ကေရာဇ် သတင်းကောင်း စောင့်နေပါ...."

တန်ရောင်ကူက အရိုအသေ ပေးပြီးနောက် ရှီမိသားစုထံ ထွက်ခွာသွားသည်။

နာရီဝက်ခန့် ကြာသောအခါ တန်ရှောင်ကူက ရှီအိမ်တော်မှ ပြန်ထွက်လာသည်။ သူ့လက်ထဲတွင် ငွေတုံး သုံးသိန်း ပါလာသည်။ ထို့နောက် ဝေအိမ်တော်ကို ဆက်သွားခဲ့ပြီး နောက်ထပ် သန်း (၂၅၀) ရရှိခဲ့သည်။

ဤ ငွေပမာဏသည် ရှီမိသားစုနှင့် ဝေမိသားစုအတွက် နည်းပါးသာ ပမာဏ မဟုတ်သော်လည်း သူတို့က ပိုက်ဆံ ထုတ်ပေးချင်စိတ် ရှိနေသေးသည်။

တန်ရောင်ကူ အောင်မြင်မှ လူတိုင်းက စိတ်အေးအေးနှင့် ခေါင်းအုံး ပြားအောင် အိပ်စက်နိုင်လိမ့်မည်။

## အခန်း(၁၉၂) - အာဒိကပ္ပ ဝိညာဉ် ပြောင်းလဲခြင်း...

"ယန်အာ၊ သားရဲ တစ်ထောင်မြို့ကို သွားနေတာလား.."

ရှီယန်က မေးလိုက်သည်။

ဆယ်နာရီကျော် ကြာပြီးနောက် ချင်ယန်တို့အဖွဲ့ ပြေးလာခဲ့သည်မှာ တန်ထန် အင်ပါယာ နယ်နမိတ်ကို

ဖြတ်ကျော်ပြီး မီးနဂါး အင်ပါယာထဲ ရောက်ရှိလာကြသည်။

မီးနဂါး အင်ပါယာကို အစွမ်းထက်သောသားရဲသခင် တစ်ယောက်ဖြစ်သည့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်နှင့် ယွမ်ဟိုင်နယ်ပယ် မီးနဂါး တစ်ကောင်က တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

မီးနဂါးက နဂါး အစစ် မဟုတ်သော်လည်း အစစ်အမှန် နဂါး သွေးမျိုးဆက် ပါရှိသည်။ သို့သော် ၎င်း၏ ခွန်အားက သာမန် နဂါးများထက် ပိုမိုသန်မာနေသည်။

တန်ထန် အင်ပါယာတွင် ဆေးဆရာနှင့် စည်းသခင် ပိုများပြီး မီးနဂါး အင်ပါယာတွင် သားရဲသခင် ပိုများသည်။

ယခုလက်ရှိ ချင်ယန်တို့နှင့် နီးနေသည့် သားရဲတစ်ထောင် မြို့တွင် အစွမ်းထက်သော စိတ်ဝိညာဉ် သားရဲများနှင့် သားရဲသခင် များစွာ ရှိနေသည်။

မီးနဂါး အင်ပါယာတွင် သားရဲသခင်များ၏ အနေအထားက ဆေးဆရာများထက်ပင် ပိုမို မြင့်မား နေသေးသည်။

"ကြယ်လေးပွင့် တိမ်ငန်းတစ်ကောင် ဝယ်မလို့..."

ချင်ယန်က ပြောလိုက်သည်။

"ဝယ်ဖို့..."

ရှီယန် ဇဝေဇဝါ ဖြစ်သွား၏။ ရှောင်ကျူဝမ်နှင့် အခြားလူများကလည်း လှမ်းကြည့် နေကြသည်။

"ဟုတ်တယ်။ ဝယ်ဖို့...."

"ဒီလို ရာသီမျိုးမှာ သားရဲပွဲကွင်းတွေက ရပ်နားသွားပြီ။ ပြီးတော့ တိမ်းငန်း ဌားစီးရင် သားတို့

တည်နေရာ ပေါက်ကြားဖို့ လွယ်တယ်။ ဒါကြောင့် တစ်ကောင် ဝယ်လိုက်တာ ပိုကောင်းတယ်...”

ရှောင်ကျူဝမ်က...

“ချင်ယန်၊ တစ်ကောင် ဝယ်တာက ဟုတ်ပါပြီ။ ဝယ်ပြီး ဘယ်လိုလုပ်မလဲ...။ တိမ်ငန်း စီးရတာ သက်တောင့် သက်သာ ရှိပါတယ်။ ချမ်ဂျူးမြို့က အဝေးကြီးနော်..။ တကယ်လို့ လမ်းမှာ ပြဿနာ တစ်ခုခု ရှိလာရင်..”

“ဒီလမ်းခရီးက လမ်းမှာ နေရာ တော်တော်များများကို ဖြတ်ကျော် ရမယ်။

ပျံ့သန်းနိုင်တဲ့ သားရဲတွေနဲ့ တွေ့မယ်။ မကာကွယ်နိုင်ရင် အစွမ်းထက်တဲ့ သားရဲနဲ့ ထိန်းချုပ်မှု အလွယ်တကူ ဆုံးရှုံး သွားလိမ့်မယ်....”

ချင်ယန်က ဟွာဝမ်ရိုကို ကြည့်လိုက်သည်။

ဟွာဝမ်ရိုက မမျှော်လင့်ထားသဖြင့် အံ့အောသင့် သွားပြီး...

“သူဌေး၊ ငါက သားရဲသခင် မဟုတ်ဘူး.. ငါ မလုပ်နိုင်ဘူး..”

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး....

"မင်း လုပ်နိုင်တယ်...."

"မင်း နတ်ရတနာက လူတွေ အပေါ်မှာဘဲ ထိရောက်တယ်လို့ ထင်နေတာလား။ ဒါက စိတ်ဝိညာဉ် သားရဲနဲ့ နတ်ဆိုးသားရဲတွေ အပေါ်မှာလည်း ထိရောက်တယ်။ မင်းကို သားရဲသခင် ကျင့်စဉ် တစ်စုံသင်ပေးမယ်။ မင်းရဲ့ ခွန်အား ၊ မင်းရဲ့ နတ်ရတနာနဲ့ ဆိုရင် နှစ်ရက်အတွင်း သခင်အဆင့်ကို သေချာပေါက် ရောက်လိမ့်မယ်..."

သခင်အဆင့် သားရဲသခင်များက ယွမ်ဟူနယ်ပယ် တိုက်ခိုက်ရေး စိတ်ဝိညာဉ် သားရဲကို မထိန်းချုပ်နိုင်သော်လည်း လေ့ကျင့်ထားသည့် နူးညံ့သော တိမ်ငန်း တစ်ကောင်ကို ထိန်းချုပ်ရန် ပြဿနာ မရှိပေ။

"ဒါဆိုလည်း ရတယ်..."

ဟွာဝမ်ရိုက ပြုံးပြုံးရွှင်ရွှင် အမူအရာနှင့် ခေါင်းညိတ်လိုက်သည်။ နှစ်ရက်အတွင်း သားရဲ သခင်အဆင့် ရောက်မည်။ ရှူးမှသာ ငြင်းလိမ့်မည်။

ကျား......

ထိုအချိန်တွင် ချမ်ဟိုင်တို့က ရထားလုံး နှစ်စင်း မောင်းလာသည်။ ထိုရထားလုံးများ အတွက် ငွေအများကြီး မပေးရပေ။

ချင်ယန်တို့ အားလုံးက ရထားလုံးပေါ် တက်လိုက်ကြသည်။

ရထားလုံးက သားရဲ တစ်ထောင်မြို့သို့ မောင်းနှင် သွားသည်။

နာရီဝက် ကြာပြီးနောက် ချင်ယန်တို့အဖွဲ့က သားရဲ တစ်ထောင်မြို့တွင် သာမန် ခြံဝင်းတစ်ခုကို ငှားရမ်းလိုက်ကြသည်။

"လူတိုင်းပဲ ကောင်းကောင်း အနားယူလိုက်အုံး...."

ချင်ယန်က ရှီယန်နှင့် အခြားလူများကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

လမ်းခရီးက လူတိုင်းအတွက် မလွယ်ကူခဲ့ပေ။

စိတ်ပန်းလူပန်း ဖြစ်ခဲ့ကြသည်။

မကြာခင် ချင်ယန်နှင့် ဟွာဝမ်ရိုမှလွဲ၍ ကျန်သည့် လူတိုင်းက အနားယူ နေကြသည်။ ချင်ယန်နှင့် ဟွာဝမ်ရိုတို့ နှစ်ယောက်လုံးက ယွမ်ဟိုင်

နယ်ပယ်တွင် ရှိနေသဖြင့် အခြေအနေ ပိုကောင်းနေကြသည်။

"သူဌေး.... မနက်ဖြန်မှ သင်ပေးပါလား.. အရင်းဆုံး အနားယူလိုက်လေ..."

ဟွာဝမ်ရိုက ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

"မနားဘူး... အရမ်းလည်း ပင်ပန်းနေတာ မဟုတ်ဘူး။ မလုပ်လို့လည်း မဖြစ်ဘူး။ ဒီကျင့်စဉ်ကို

မြန်မြန် သင်ပေးမှ ဖြစ်မယ်။ နှစ်ရက်အတွင်း မင်းက သားရဲသခင်အဆင့် ရောက်နေမှ ဖြစ်မယ်....”

ဟွာဝမ်ရိုက အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး....

“သူဌေး၊ သူဌေးနောက်ကို နောက်ထပ် အချိန်အကြာကြီး ထပ်လိုက်လို့ ရမလား...”

ယခု လောလောဆယ်တွင် သူမက ချမ်ဟိုင်တို့နှင့် မတူဘဲ သူမကို ဌားရမ်းထားသည့် အကြောင်းကို ဟွာဝမ်ရိုက မမေ့ပေ။

သုံးလပြည့်လျှင် အလုပ် ပြီးတော့မည်။

အစပိုင်းတွင် ဟွာဝမ်ရိုက ချင်ယန်နှင့် အတူနေရန် မမျှော်လင့်ထားဘဲ ချင်ယန်၏ လက်အောက် ငယ်သား ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ သူမက ပန်းဘုရင် မျိုးဆက် ဖြစ်ရသည်ကို အလွန် ဂုဏ်ယူနေသူ ဖြစ်သည်။

ယခုအခါ ချင်ယန်နှင့် ခဏမျှ နေပြီးနောက် သူမ၏မာနက ဘာမှ မဟုတ်သေးကြောင်း ဟွာဝမ်ရို သိလာခဲ့ရသည်။

ချင်ယန်နောက် လိုက်ခဲ့သည်မှာ အချိန် သိပ်မကြာသေး သော်လည်း သူမ၏ ကျင့်ကြံခြင်းအဆင့် မြင့်တက် လာခဲ့သည်။ နတ်ရတနာလည်း အသက် သွင်းနိုင်ခဲ့သည်။

ယခုအခါ သားရဲသခင်တစ်ယောက် ဖြစ်လာအုံးမည်။ နောင်တစ်ချိန်တွင် သားရဲ မဟာသခင် တစ်ယောက် ဖြစ်လာလိမ့်မည်။ ဒါက မြေကြီးလက်ခတ် မလွဲ သေချာသော ကိစ္စတစ်ခုပင်......

"မင်း သေချာလား...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ဟွာဝမ်ရိုက လေးနက်သော အမူအရာနှင့်...

"သူဌေး၊ လုံးဝ သေချာတယ်..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး...

"အတည်ပြုပြီးပြီ ဆိုတော့.. မင်းက ချမ်ဟိုင်နဲ့ တခြားလူတွေလိုပဲ ငါနဲ့ သုံးနှစ်နေပေါ့။ ဒီသုံးနှစ်အတွင်းမှာ ငါ့ခွင့်ပြုချက် မရှိဘဲ ထွက်သွားလို့ မရဘူး။ သုံးနှစ်ပြည့်ပြီးရင် မင်း

လွတ်လပ်မယ်။ တကယ်လို့ ကောင်းကောင်း မလုပ်ရန် သုံးနှစ် မပြည့်ခင် လမ်းခွဲမယ်…"

"ဟွာဝမ်ရိုက သူ့ငွေးကို သေတဲ့အထိ သစ္စာရှိမယ်လို့ ကတိပေးပါတယ်"

ဟွာဝမ်ရိုက ဝမ်းသာသွားသော အမူအရာနှင့် ဒူးထောက်ပြီး အရိုအသေ ပေးလိုက်သည်။

"ထတော့.."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး…

"ဟွာဝမ်ရို လက်ခံလိုက်။ ဒါက ဒီအချိန်အတွင်း မင်းရဲ့ စွမ်းဆောင်မှုကြောင့်လည်း ပါသလို.. မင်းဘက်က သစ္စာရှိပြီး သစ္စာ ခိုင်နေသရွေ့ ယွမ်ဟိုင် နယ်ပယ်က မင်းရဲ့အဆုံးသတ် မဖြစ်တာ သေချာတယ်...."

"ကျေးဇူး အများကြီး တင်ပါတယ် သူဌေး...."

ဟွာဝမ်ရိုက အမှန်တကယ် စိတ်လှုပ်ရှားနေသည်။ ယွမ်ဟိုင် နယ်ပယ် အထက်တွင် ယွမ်ဒန် နယ်ပယ်သာ ရှိသည်။ ဒါက အဆင့် (၆) တန်ခိုးရှင်ပင်။

အဆင့် (၆) တန်ခိုးရှင် ဆိုပါက အဆင့် (၅) အင်အားစု တစ်ခု တည်ထောင်မည့် အကြောင်း မဆိုထားနှင့် တန်ထန် အင်ပါယာကဲ့သို့ အင်ပါယာ တစ်ခုကိုပင် တည်ထောင်နိုင်သည်။ ပြဿနာ လုံးဝ မရှိပေ။

ယွမ်ဟိုင် နယ်ပယ်ကို တည်ထောင်သူက ယွမ်ဟိုင် နယ်ပယ် ကျင့်ကြံခြင်း အဆင့်သာ ရှိသည့်.။

"စိတ်ငြိမ်ငြိမ်ထား..."

ချင်ယန်က လေးနက်စွာ ပြောပြီး ဟွာဝမ်ရှိ ခေါင်းပေါ်သို့ လက်တင်လိုက်သည်။

ဟွာဝမ်ရို၏ စိတ်ထဲတွင် သတင်း အချက်အလက်များစွာ ပေါ်လာသည်။

"အာဒိကပ္ပ ဝိညာဉ် လွှဲပြောင်းခြင်း.."

ဟွာဝမ်ရို မျက်လုံးထဲတွင် ထိတ်လန့်နေသော အမူအရာများ ပေါ်လာသည်။

ဟွာဝမ်ရို သိသလောက် ဆိုလျှင် ဟွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ကသာ အာဒိကပ္ပ စိတ်ဝိညာဉ် တည်ရှိသည်။ ထို့ကြောင့် သတင်း အချက်အလက်များကို တစ်ခါတည်း လွှဲပြောင်း ပေးနိုင်သည်။

အာဒိကပ္ပ (ကမ္ဘာဦး) ဝိညာဉ် ထုတ်လွှင့်ခြင်းသည် အသံ ထုတ်လွှတ်ခြင်းနှင့် လုံးဝ ကွဲပြားသည်။

အာဒိကပ္ပ ဝိညာဉ် ထုတ်လွှင့်ခြင်း နည်းလမ်းနှင့် ဆိုလျှင် သင်ကြားခံရသူက ကျင့်စဉ်အကြောင်းကို အသေးစိတ် ပိုမို သိရှိနိုင်သည်။

"သူဌေးက နှစ်ရက်အတွင်း သားရဲသခင် ဖြစ်လာနိုင်တယ်လို့ ပြောတာ မဆန်းတော့ဘူး..."

ဟွာဝမ်ရိုက စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

ဟွာဝမ်ရိုက ချင်ယန်ထံမှ ကျင့်စဉ်သာမက ချင်ယန် ဖြတ်ကျော်ခဲ့သည့် အတွေ့အကြုံများ ပါဝင်သဖြင့် ကျင့်စဉ်နှင့် ပက်သက်ပြီး နားလည်မှု များစွာ ရရှိခဲ့သည်။

မူလက ကျင့်စဉ်ဆိုသည်မှာ ကျောင်းသုံးစာနှင့် ရေသားထား သကဲ့သို့ ဖြစ်နေပြီး ချင်ယန် ပေးလိုက်သော ပုံစံက စကားပြေ သာမက ကိုယ်တိုင် လေ့လာထားသော ရှင်းလင်းချက် မှတ်စုများပါ ပါနေသလို ဖြစ်နေသည်။ ထို့ကြောင့် ဟွာဝမ်ရို၏

သင်ယူမှု အခက်အခဲက ဆယ်ဆမက လျှော့နည်းသွားသည်။

ဆယ်မိနစ်အတွင်း ကျင့်စဉ်ကို အောင်မြင်စွာ လွှဲပြောင်း ပြီးသွားသည်။

ကျင့်စဉ်နှင့် ပက်သက်သည့် အတွေ့အကြုံ တော်တော်များများလည်း ပါဝင်သည်။

ချင်ယန်က၏ မျက်နှာက အနည်းငယ် ဖြူဖျော့နေသော်လည်း ချင်ယန်က ကျန်ရှိနေသေးသည် သားရဲ အတွေ့အကြုံများကို ဆက်လက် လွှဲပြောင်း နေသေးသည်။

နောက်ထပ် ဆယ်မိနစ်ခန့် ကြာပြီးနောက် ရပ်တန့်သွားသည်။

“သူဌေး.. အဆင်ပြေရဲ့လား....”

ဟွာ၀မ်ရိုက ကမန်းကတန်း မေးလိုက်သည်။ ယခုလက်ရှိတွင် ချင်ယန်၏ မျက်နှာ အမူအရာက အလွန် အားနည်းနေသည်။

လမ်းတစ်လျှောက်တွင် တိုက်ပွဲပေါင်းများစွာ ဖြတ်ကျော်ခဲ့သော်လည်း ချင်ယန်အတွက် ဤမျှ မခက်ခဲခဲ့ပေ။

အာဒိကပ္ပ ဝိညာဉ် လွှဲပြောင်းခြင်းက အလွန်အားကုန်ခန်းသော ကိစ္စတစ်ခုပင်။

ချင်ယန် ဖြစ်နေ၍သာ။ အကယ်၍ ယွမ်ဟိုင်တန်ခိုးရှင် ဆိုပါက ထို အချက်အလက်များကို တစ်ရက် မဆိုထားနှင့် ဆယ်ရက် လဝက်နှင့် မပြီးနိုင်ပေ။

“အဆင်ပြေတယ်...”

ချင်ယန်က ခေါင်းခါပြီး လက်ခါ ပြလိုက်ကာ....

“မြန်မြန် လေ့ကျင့်လိုက်။ အခုက လေ့ကျင့်ဖို့ အကောင်းဆုံး အချိန်ပဲ။ ငါကတော့ မနက်ဖြန် မနက်မှ ပြန်နိုးလာလိမ့်မယ်...”

ချင်ယန်က စကားပြောပြီးနောက် အခန်းထဲ ဝင်သွားပြီး မကြာခင် အိပ်ပျော်သွားသည်။

“သူဌေး”

ဟွာဝမ်ရို၏ စိတ်ထဲတွင် ကျေးဇူးတင်မှုများ ပြည့်နှက်နေသည်။ သူမ ရရှိလိုက်သည့် ကျင့်စဉ်က သာမန် သားရဲသခင် ကျင့်စဉ် မဟုတ်ကြောင်း

ရှင်းရှင်းလင်းလင်း သိနေသဖြင့် ထိုကျင့်စဉ်က အလွန် အဖိုးတန်ကြောင်း သိနေသည်။

ချင်ယန်၏ ရှင်းလင်းချက်၊ အတွေ့အကြုံများကလည်း တန်ဖိုး ဖြတ်မရအောင် အဖိုးတန်နေသည်။

အကယ်၍ ဒါသာ ပျံ့နှံ့သွားပါက သားရဲတစ်ထောင်မြို့ မဆိုထားနှင့် မီးနဂါး အင်ပါယာရှိ သားရဲသခင် အားလုံး ပွက်လောရိုက်သွားလိမ့်မည်။

"ဒီကျင့်စဉ်နဲ့ ဆိုရင် အချိန်တန်ရင် မဟာသခင် အဆင့် ရောက်ဖို့ ပြဿနာ မရှိနိုင်ဘူး"

"ငါသာ သူ့ဒွေးကို သစ္စာ စောင့်သိရင် ငါ့အနာဂါတ်က ချမ်ဂျူး ကျွန်းဆွယ် မကဘဲ နဂါးဟိန်းတိုက်ကြီး တစ်ခုလုံးတောင် ဖြစ်နိုင်တယ်..."

ဟွာဝမ်ရိုက သူမစိတ်များ ပေါင်းစည်းနေသည့် အချိန်တွင် လျှင်မြန်စွာ လေ့ကျင့်လိုက်သည်။ ချင်ယန်က ဤမျှ အနစ်နာခံပြီး လွှဲပြောင်း ပေးခဲ့ခြင်း ဖြစ်သဖြင့် အကယ်၍ သူမက နှစ်ရက်အတွင်း မဟာသခင် တစ်ယောက် မဖြစ်လာပါက သူ့အမပေါ်

ချင်ယန်၏ အားစိုက်ထုတ်မှု ပျောက်ကွယ်သွားလိမ့်မည်။

## အခန်း(၁၉၃) - မီးနဂါး ကေရာဇ်..

ချင်ယန် အိပ်ပျော်သွားသည်မှာ ဆယ်နာရီကျော် ကြာမြင့်သွားခဲ့သည်။ ချင်ယန်သည် ပြန်လည် မွေးဖွားလာ ကတည်းက ဤမျှ ကြာမြင့်အောင် တစ်ခါမှ မအိပ်ခဲ့ပေ။

"သခင်းလေး... မင်း အဆင်ပြေရဲ့လား..."

ရှန်းယုလင်းက စိတ်ပူစွာ မေးလိုက်သည်။

ချင်ယန်က သူ့ကိုယ်သူ သေသေချာချာ ပြန်လည်စစ်ဆေးလိုက်သည်။ အာဒိကပ္ပ စိတ်ဝိညာဉ်လည်း ပြန်လည် ကောင်းမွန်လာသည်။ သူက ပြန်လည်မွေးဖွားလာသူ ဖြစ်သဖြင့် သူ၏ အာဒိကပ္ပ စိတ်ဝိညာဉ်က သာမန်လူများထက် ပိုမို မြန်စွာ အားပြည့်နိုင်စွမ်း ရှိနေသည်။

"အဆင် ပြေပါတယ်။ ဟွာဝမ်ရိုကို ကျင့်စဉ်လွဲပေးလိုက်လို့ တော်တော်လေး အားကုန်သွားတာ...."

ချင်ယန်က ပြောလိုက်သည်။

ကျွမ်းစစ်ကို ချင်ယန်ကို တွန့်ဆုတ်တွန့်ဆုတ် အမူအရာနှင့် ကြည့်လိုက်ပြီး......

"ကျွမ်းစစ်၊ ဘာကိစ္စ ရှိလို့လဲ.... ပြောစရာ ရှိတာ ပြော.."

ချင်ယန်က ပြောလိုက်သည်။

ကျွမ်းစစ်က ခေါင်းငုံ့လိုက်ပြီး.....

"သူဌေး..... ငါ့အိမ်က သားရဲတစ်ထောင် မြို့မှာ ရှိတယ်။ မိသားစု မရှိတော့ပေမဲ့ ငါ့ မိဘတွေရဲ့ သင်္ချိုင်းက ဒီမှာ ရှိသေးတယ်။ အခု

အပြင်ထွက်သွားလို့ ရမလား... နှစ်ကူး ရောက်နေတော့ မိဘတွေကို အရိုအသေ ပေးချင်လို့ပါ....”

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

“ဒါက လုပ်သင့်တဲ့ ကိစ္စပဲ။ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေစရာ မလိုဘူး....”

“ကျေးဇူး အများကြီးတင်ပါတယ်. သူဌေး....”

ကျွမ်းစစ်က အမှန်တကယ် ကျေးဇူးတင်နေသည်။

ယခုလက်ရှိ အချိန်က ပုံမှန်အချိန်မျိုး မဟုတ်ပေ။ ထို့ကြောင့် ကျွမ်းစစ်က သူထွက်သွားလျှင် ချင်ယန်က အနည်းငယ် စိတ်အကဲဆတ် နေမည်ကို စိုးရိမ်နေမိသည်။

"သူဌေး.... ငါ့ရန်သူ နှစ်ယောက်က ဒီမှာ ရှိနေသေးတယ်။ စာသင်သားကို ငါနဲ့ ခေါ်သွားလို့ရမလား..."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"ကျွမ်းစစ်၊ မင်းကို ရွေးထုတ် ပြီးကတည်းက မင်းရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်တက်လာအောင်

ကူညီ ပေးခဲ့တယ်။ မင်းတို့က ငါရဲ့ ကိုယ်ပိုင်လူတွေပဲ။ ဒီတော့ အခြေအနေကို ထူးထူးထွေထွေ အသိပေးနေစရာ မလိုဘူးလို့ ငါ ထင်တယ်။ တကယ်လို့ မင်းရန်သူက သန်မာတယ်ဆိုရင် စာသင်သားကို မင်းနဲ့အတူ ခေါ်သွား.... ရန်သူက သာမန်ပဲ ဆိုရင် အခုလက်ရှိ မင်းခွန်အားနဲ့ လုံလောက်သင့်တယ်။ ဒါပဲ....”

ချင်ယန် ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်သည့်အချိန် မြင်ခဲ့ရသော ကျွမ်းစစ်၏ ကျင့်ကြံခြင်းအဆင့်

ကြောင့် သူ့ရန်သူက အားနည်းနိုင်သည်ဟု ချင်ယန်က ခန့်မှန်းလိုက်သည်။

“သူဌေး၊ စာသင်သားကို ခေါ်သွားပါရစေ။ မပြန်ဖြစ်တာ နှစ်တော်တော်လေး ကြာနေပြီ ဆိုတော့ ဘယ်လို အခြေအနေ ဖြစ်နေလဲ ဆိုတာ ရှင်းရှင်းလင်းလင်း မသိတော့ဘူး....”

“သူဌေး.. ငါ့ကို သွားခွင့်ပေးပါ....”

စာသင်သားကလည်း ပြောလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ဒီခရီးစဉ်အတွက် စာသင်သား မလိုအပ်သည်မှာ ဖြစ်နိုင်သည်။ သူက ချင်ယန်၏ လျှို့ဝှက်ချက် မပေါက်ကြားစေရန် သေသေချာချာ ပြင်ဆင်သွားခြင်းသာ ဖြစ်သည်။

ကျွမ်းစစ်တို့နှစ်ယောက် ထွက်သွားပြီးနောက် ချင်ယန်က မနက်စာစားပြီး လေ့ကျင့်လိုက်သည်။

ယခုလက်ရှိတွင် သူ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူနယ်ပယ် အစောပိုင်းသာ ရှိသေးသည်။ ထို

ကျင့်ကြံခြင်းအဆင့်က နိမ့်လည်း မနိမ့်သလို မြင့်လည်း မမြင့်ပေ။

ချမ်ဂျူးမြို့တွင် သူ့ခွန်အားက ဒီထက်ပိုမြင့်လာနိုင်သည်။

ချင်ယန် စိတ်ထဲတွင် ကောင်းကင်ဘုံ သွေးသစ်ခွ အကြောင်း တွေးနေမိသော်လည်း ယခုလက်ရှိ သူ့ခွန်အားနှင့် သွားရန် တော်တော်လေး တွန့်ဆုတ်နေမိသည့်.။

နှစ်နာရီ ကြာပြီးနောက် ကျွမ်းစစ်တို့ နှစ်ယောက် ပြန်ရောက်လာကြသည်။

"သူငွေး၊ အရမ်း အရေးကြီးတဲ့ သတင်းတစ်ခု ရလာတယ်။"

နန့်ရွှမ်က ပြောလိုက်သည်။

"ဘာသတင်းလဲ..."

ချင်ယန်က မေးလိုက်သည်။

နန့်ရွှမ်က လေးနက်သော လေသံနှင့်.....

"သူငွေး..... မနေ့ညက မီးနဂါး အင်ပါယာရဲ့ မဟာသခင် ပွဲတော်မှာ မီးနဂါး အင်ပါယာ ကေရာဇ်

ကျိုဝူချန်က ယွမ်ဟိုင်နယ်ပယ် ရောက်သွားပြီလို့ တရားဝင် ကြေငြာလိုက်တယ်....”

“ အရင်ကဆို မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစုနှင့် နည်းနည်း အလှမ်းဝေးတယ်။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက် ရှိနေပြီ။ မီးနဂါး ကေရာဇ်ကလည်း ယွမ်ဟိုင်နယ်ပယ် ရောက်သွားပြီ ဆိုတော့ မီးနဂါး အင်ပါယာက အခုဆို ကြယ်ငါးပွင့် အင်အားစု ဖြစ်သွားပြီ...”

“စည်းမျဉ်းအရတော့ ကြယ်ငါးပွင့် အင်အားစုမှာ လက်အောက်ခံ ကြယ်လေးပွင့် အင်အားစု (၃)

ခုရှိရမယ်။ တန်ထန် အင်ပါယာက မီးနဂါး အင်ယာနဲ့ နယ်နိမိတ်ခြင်း ထိစပ်နေတော့ မီးနဂါး အင်ပါယာရဲ့ လက်အောက်ခံ ဖြစ်လာဖို့ များနေပြီ.....”

ချင်ယန်က မျက်မှောင် ကြုတ်နေသည်။ ဒါက သူ့အတွက် သတင်းကောင်း မဟုတ်ပေ။

မူလတွင် မီးနဂါး အင်ပါယာသည် တန်ထန် အင်ပါယာနှင့် ပြိုင်ဘက် ဖြစ်နေသဖြင့် ဒီဘက်ကို ပြေးလာခဲ့ခြင်း ဖြစ်သည်။ ယခု တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာ၏ လက်အောက်ခံ အင်အားစု ဖြစ်လာတော့မည်။

ချမ်ဂျူး ကျွန်ဆွယ် တစ်ခုလုံးတွင် ကြယ်ငါးပွင့် အင်အားစု ခြောက်ခု ရှိရာမှ ယခုအခါ မီးနဂါး အင်ပါယာ ပါလာပြီး ခုနှစ်ခု ဖြစ်လာတော့မည်။

နဂို ကတည်းက မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာရန် အားကောင်းနေပြီသား ဖြစ်သည်။ ပူးပေါင်း အင်အားစုများကို ဂုတ်သွေးစုပ်ပြီး အချိန်တိုလေးအတွင်း ပိုမို အားကောင်း လာတော့မည်။

"သခင်လေး နှစ်ရက်နေရင် ထွက်သွားရအောင်။ ချမ်ဂျူး အကယ်ဒမီ ရောင်ရင် အဆင်ပြေ သွားမှာပါ..."

ရှောင်ကျူယင်က ပြောလိုက်သည်။

ချင်ယန်က နားထင်ကို ပွတ်သပ်လိုက်သည်။

ထင်သလောက် မရိုးရှင်းပေ။

တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာ၏ လက်အောက်ခံ ဖြစ်လာပြီး မီးနဂါး အင်ပါယာက

သူတို့ကို ကိုင်တွယ်ချင်လျှင် ချမ်ဂျူး အကယ်ဒမီနှင့် လက်တွဲလည်း လွယ်ကူတော့မည် မဟုတ်ပေ။

ချမ်ဂျူးမြို့သို့ ရောက်အောင် သွားရမည့် ခရီးကပင် အန္တရာယ် ပိုများလာအုံးမည်။

ကြယ်ငါးပွင့် အဆင့် ရောက်ပြီး ကြယ်ငါးပွင့် အင်အားစု၏ လွှမ်းမိုးမှုရှိသော မီးနဂါး အင်ပါယာ၏ လွှမ်းမိုးမှုက သာမန် ကြယ်လေးပွင့် အင်အားစုများ ယှဉ်နိုင်သည့် အရာ မဟုတ်ပေ။

ချမ်ဂျူး အကယ်ဒမီတွင် ကြယ်လေးပွင့် အင်အားစုက မလွှမ်းမိုးနိုင်သော်လည်း ကြယ်ငါးပွင့် အင်အားစုကိုမူ ပြောရန် ခက်လှသည်။

ကြယ်ငါးပွင့် အင်အားစုက တပ်ဖွဲ့ အင်အား ပိုကောင်းသလို နယ်မြေများ ပိုကြီးသဖြင့် အရင်းအမြစ် ပိုများသည်။ သူ့ကို သတ်ပစ်ရန် သူတို့ကိုယ်တိုင် မလုပ်ဘဲ ဆုငွေ မက်မက်မောမော ထုတ်ရုံနှင့် အလွယ်တကူ လုပ်နိုင်သည်။

"ငါ ပြန်မမွေးခင်က မီးနဂါး ကေရာဇ် ကျိုဝူချန်က လုံးဝ အဆင့်မတက်ခဲ့ပါဘူး။ ငါ ပြန်မွေးလာလို့ သက်ရောက်မှု ဖြစ်သွားတာလား...."

ချင်ယန်က ကူကယ်ရာ မဲ့နေသော ခံစားချက်နှင့် တွေးလိုက်မိသည်။

ဤကဲ့သို့ မတော်တဆ အဖြစ်အပျက်မျိုးကို ပြန်လည် မွေးဖွားလာသော်လည်း ထိန်းချုပ်၍ မရပေ။

"တိမ်ငန်းနဲ့ ပက်သက်တဲ့ သတင်းရော ရပြီလား..."

ချင်ယန်က မေးလိုက်သည်။

ကျွမ်းစစ်က…

“သူဌေး၊ ယွမ်ဟူနယ်ပယ် တိမ်ငန်းတစ်ကောင်ကို ငွေတုံး တစ်သန်း ပေါက်စျေး ရှိပါတယ်။ ပိုက်ဆံ လက်ထဲရှိနေရင် ပြဿနာ မရှိပါဘူး…”

“အကောင်းဆုံးက တစ်နေ့ကို ကီလိုမီတာ ထောင်ပေါင်းများစွာ သွားနိုင်တဲ့ ယွမ်ဟူနယ်ပယ် ခုနှစ်လွှာ တိမ်ငန်းပဲ”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ အကယ်၍ ဟွာဝမ်ရိုသာ ကောင်းကောင်းတိုးတက်ခဲ့ပါက ထိုတိမ်ငန်း တစ်ကောင် ဝယ်ရမည်။ ထိုကဲ့သို့ မဟုတ်ပါက ပိုမို အားနည်းသည့် တစ်ကောင်သာ ဝယ်ရမည်။

"သတင်း ဆက် စုံစမ်းထား.... တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာရဲ့ လက်ခံဖြစ်လာလား ဆိုတာ စောင့်ကြည့်ထား...."

မီးနဂါး အင်ပါယာက ကြယ် (၅) ပွင့် အင်အားစုဖြစ်လာခါစ ရှိသေးသည့် အပြင် တန်ထန်

အင်ပါယာကလည်း တန်ခိုးရှင်များစွာ လျော့နည်းနေသည်။ သို့သော် နယ်မြေများက မသေးငယ်သဖြင့် အရင်းအမြစ်များ ရရှိစေရန် တန်ထန် အင်ပါယာကို ပထမဦးဆုံး သိမ်းပိုက်ဖို့ ဖြစ်နိုင်ချေ များနေသည်။

“ဟုတ်ကဲ့ သူဌေး…”

မကြာခင် ကျွမ်းစစ်တို့ နှစ်ယောက်က ထွက်သွားကြသည်။

…

ချင်ယန်တို့ ရှိနေသည် သားရဲတစ်ထောင်မြို့က မီးနဂါး အင်ပါယာ နန်းတော်နှင့် ကီလိုမီတာ တစ်ထောင်သာ ကွာဝေးသည်။

"အရှင်မင်းကြီး... ထောက်လှမ်းရေး သတင်းတွေ အရတော့ ချင်ယန်မှာ စည်းမဟာသခင် အဆင့် စွမ်းရည် တကယ် ရှိနေတယ်။ ပြီးတော့ ငါတို့ မီးနဂါး အင်ပါယာမှာ ရှိနိုင်ခြေ များနေပါတယ်..."

ကေရာဇ်ကျိ ရှေ့တွင် လူလတ်ပိုင်း အမျိုးသား တစ်ယောက်က တင်ပြနေသည်။

လူလတ်ပိုင်း အမျိုးသားသည် ယွမ်ဟူနယ်ပယ် အဆင့် (၉) ရှိနေသဖြင့် အလွန် အစွမ်း ထက်သော်လည်း ကျိဝူချန် ရှေ့တွင် အလွန် အားနည်းနေသည်။

ကျိဝူချန်တွင် အရင်းအမြစ်နှင့် ရတနာများစွာ ရှိသဖြင့် ထိုအချိန်တုန်းက ယွမ်ဟိုင်နယ်ပယ် အဆင့်ကိုး တိုက်ခိုက်ရေး အစွမ်းမျိုး ပိုင်ဆိုင်နေပြီ ဖြစ်ရာ ယခုအခါ ယွမ်ဟိုင် နယ်ပယ် ရောက်ရှိသွားသောကြောင့် ပိုမို အားကောင်း လာနေသည်။

တန်ထန် ကေရာဇ် တန်ချမ်ဒေါင်က မီးနဂါး ကေရာဇ်နှင့် ကွဲပြားပြီး တိုက်ခိုက်ရေး အစွမ်းက သာမန်သာ ရှိသည်ဟု ပြောနိုင်သည်။ မီးနဂါး ကေရာဇ် ကျိုဝူချန်၏ တိုက်ခိုက်ရေး အစွမ်းက ထိပ်တန်း အဆင့်တွင် ရှိနေသည်။

တန်ထန် အင်ပါယာတွင် ဝန်းကြီးချုပ် ရှီကျန်း၊ ဗိုလ်ချုပ်ကြီး တန်ရောင်ကူ၊ ဝေ့ကျီဖူ စသည့် လူများက အစွမ်းထက်သဖြင့် အာဏာ ချိန်ခွင်လျှာကို ဂရုတစိုက် ထိန်းသိမ်းရန် လိုအပ်သည်။ သို့သော် ကျိုဝူချန်ကမူ ထိုကဲ့သို့

လုပ်စရာ မလိုပေ။ သူက မီးနဂါး အင်ပါယာကို တစ်ချက်လှတ် အမိန့်နှင့်သာ အုပ်ချုပ်သည်။

"ချင်ယန်က ဘယ်နေရာမှာ ရှိနိုင်ခြေ များလဲ...."

ကျိဝူချန်က လေးနက်စွာ မေးလိုက်သည်။

လူလတ်ပိုင်း အမျိုးသားက...

"အရှင်မင်းကြီး.. ကျွန်တော်မျိုးရဲ့ တွက်ချက်မှု အရတော့ ချင်ယန်က မြို့ကြီးတွေကို သွားဖို့ များပါတယ်။ ဒီလို နေရာမျိုးမှာဘဲ ကြယ်လေးပွင့် (ယွမ်ဟူနယ်ပယ်) တိမ်ငန်းတွေ ရှိပါတယ်။ ချမ်ဂျူး

အကယ်ဒမီ သွားဖို့ဆိုရင် ကြယ်လေးပွင့် တိမ်ငန်းတစ်ကောင် ကျိန်းသေပေါက် လိုအပ်ပါတယ်....”

“သားရဲတစ်ထောင်မြို့၊ အမှောင်နတ်ဆိုး မြို့နဲ့ သံသစ်တောမြို့ အဲ့မြို့သုံးမြို့မှာ ရှိနိုင်ခြေ များပါတယ်...”

ကျိုဝူချန်က ခဏမျှ စဉ်းစားပြီးနောက်....

“ချင်ယန်ကို ငါတို့ အင်ပါယာထဲ ဝင်ဖို့ ဖိတ်ခေါ်တဲ့ အကြောင်းကို မြို့ကြီးတွေမှာ ကြေငြာလိုက်။ နောင်တစ်ချိန်မှာ သူ့ကိုစည်းသခင်

ဥက္ကဌ ဖြစ်ခွင့်ပေးမယ်...။ ဒီလိုမှ မဟုတ်ဘဲ ငြင်းမယ်ဆိုရင် သူ ဂုဏ်သိက္ခာနဲ့အညီ သင်္ဂြိုလ်မယ်လို့ ပြောလိုက်...."

လူလတ်ပိုင်း အမျိုးသားက....

"အရှင်မင်းကြီး.. တန်ထန် အင်ပါယာကို သိမ်းပိုက်တဲ့ နေရာမှာ သက်ရောက်မှု ရှိသွားမလား...."

ကျိုဝူချန်က လွှမ်းမိုသော လေသံနှင့်.....

"အခုလက်ရှိမှာ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာပြီ။ တန်ချမ်ဒေါင်က ပညာရှိတဲ့ လူတစ်ယောက်ပါ။ မီးနဂါး အင်ပါယာရဲ့ ပြည်နယ်ကြီး လုပ်ရင်လုပ် မလုပ်ရင် ခေါင်းဆောင်ပြောင်းပြီး ငါတို့ ပြည်နယ်ကြီး ဖြစ်လာမှာပဲ..."

"ဒီနှစ်ခုကို သုံးရက်အတွင်း ပြီးအောင်လုပ်...."

လူလတ်ပိုင်း အမျိုးသားက.....

"အရှင်မင်းကြီး၊ ချင်ယန်က မနာခံဘူး ဆိုရင် ဘယ်လို လုပ်ရမလဲ..."

ကျိုဝူချန်က နှာခေါင်း တစ်ချက် ရှုံ့လိုက်ပြီး......

“သတ္တိရှိရင် စမ်းကြည့်လိုက်ပေါ့......”

“ချင်ယန်သာ အထူအပါး နားလည်မယ်ဆိုရင် ကြယ်ငါးပွင့် အင်အားစုနဲ့ ကြယ်လေးပွင့် အင်အားစုကြားက ကွာခြားမှုကို သိသင့်တယ်။ သူက တန်ထန် အင်ပါယာကို စော်ကားမိလို့ ထွက်ပြေးနေရတယ်။ ငါတို့ မီနဂါး အင်ပါယာကိုပါ ထပ်စော်ကားမယ် ဆိုရင် ချမ်ဂျူး အကယ်ဒမီကို ရောက်ရင်တောင် သတ်ပစ်ဖို့ နည်းလမ်း မရှားဘူး”

“မင်းပြောတဲ့ မြို့သုံးမြို့ကို တန်ခိုးရှင်တွေ လွှတ်လိုက်....”

# အခန်း(၁၉၄) - အင်ပါယာ တစ်ခုကို သိမ်းပိုက်ခြင်း

"သူဌေး၊ အရေးကြီးတဲ့ သတင်း ရှိတယ်...."

နေခင်းဘက်တွင် ကျွမ်းစစ်တို့ နှစ်ယောက်က အလောတကြီး ပြန်ရောက်လာကြပြီး လေ့ကျင့်နေသော ချင်ယန်ကို လာပြောနေကြခြင်းပင်။

"ဘာဖြစ်လို့လဲ...."

ချင်ယန်က မျက်မှောင် ကြုတ်ပြီး မေးလိုက်သည်။

"တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာရဲ့ လက်အောက်ခံ လုပ်မယ်လို့ မကြေငြာ သေးပေမဲ့ အဓိက မြို့ကြီးတွေမှာတော့ ကြေငြာစာ ကပ်ထားတယ်...."

ကျွမ်းစစ်က အမြန် ပြောလိုက်သည်။

"ဘာလဲ..."

ကျွမ်းစစ်က နန်းရွှမ်ကို လှမ်းကြည့်လိုက်သည်။ နန်းရွှမ်က လည်ချောင်း တစ်ချက် ရှင်းလိုက်ပြီး.....

"သူဌေး၊ မီးနဂါး ဧကရာဇ်က မင်းကို လက်အောက်ခံ လုပ်စေချင်တယ်။ ကြေငြာချက် ထဲမှာတော့ သူကောင်းပြုတာ လက်ခံရင် လက်ခံ၊ မလက်ခံရင် သေရမယ်လို့ ပြောထားတယ်....."

"ကြေငြာချက်တွေကို မြို့တံခါးတွေနဲ့ အရေးကြီးတဲ့ နေရာတွေမှာ ကပ်ထားတယ်။ ကျန်တဲ့ မြို့ကြီးတွေမှာလည်း ကြေငြာထားတယ်..."

ချင်ယန်က ကြိတ်ပြီး မျက်မှောင် ကြုတ်သွား၏။ ထိုအချိန်က ကျိဝူချန်က လွှမ်းမိုးလွန်းသော

အဏ္ဏာရှင် ဖြစ်ကြောင်း သိသော်လည်း ယွမ်ဟိုင် နယ်ပယ်ကို မရောက်ရှိခဲ့ပေ။

ယခုအခါ ယွမ်ဟိုင် နယ်ပယ်ကို ရောက်သွားပြီး မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာသဖြင့် ကျိဝူချန်က အလွန် ယုံကြည်မှု ရှိနေသည်။

"သူ့ဌေး မီးနဂါး အင်ပါယာ ကောင်းကင်ပေါ်မှာ ပျံလာတဲ့ တန်ခိုးရှင်တွေကို တွေ့ခဲ့တယ်။ အဲ့ထဲမှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တယောက်လည်း ပါတယ်...."

"ဒါနဲ့ စကားမစပ် မီးနဂါး ကေရာဇ်က သူ အားကိုးရမယ့် တန်ခိုးရှင်တွေကို စုဆောင်း နေတယ်လို့ ကြားထားတယ်..."

မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာသဖြင့် ထိုအားကိုးနှင့် ယှဉ်ပြိုင်နိုင် နယ်ပယ် တန်ခိုးရှင်များကို စုဆောင်းနေခြင်း ဖြစ်ကြောင်း ချင်ယန် သိလိုက်သည်။

သို့သော် အချိန်တစ်ခု ယူရလိမ့်မည်။

ယခု လက်ရှိတွင် မီးနဂါး အင်ပါယာ၌ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက်ရှိသင့်သည်။

“ ဒီဘက်ကိုလာတဲ့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က ဘယ်သူလဲ...”

ချင်ယန်က မေးလိုက်သည်။

ကျွမ်းစစ်က....

“သူ့ခြေး.. နူမင်ပါ။ ဒါပေမဲ့ ငါ သိသလောက်ကတော့ ယွမ်ဟူ နယ်ပယ် အဆင့်

(၉)ပဲ ရှိပါသေးတယ်။ သူ ယွမ်ဟိုင်နယ်ပယ် ရောက်သွားပြီလို့ တစ်ခါမှ မကြားမိဘူး.....။ သူ့မှာ ယွမ်ဟိုင်နယ်ပယ် မီးနွား တစ်ကောင်တော့ ရှိတယ်...”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ချင်ယန်က နူမင်ကို သိသည်။

မီးနဂါး အင်ပါယာ ဘက်ခြမ်းတွင် နူမင်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ကျင့်ကြံခြင်း အဆင့်ကိုသာ အမြဲတမ်း ဖော်ပြလေ့ ရှိသည်။

အမှန်တကယ်ဆို နူမင်က ယွမ်ဟိုင်နယ်ပယ် ရောက်နေပြီ.....

ချင်ယန် သိသလောက် ဆိုလျှင် နူမင်ကို ကျိုဝူချန်၏ အဖေက ရှာတွေ့ခဲ့သည်။ သူက ကျိုဝူချန်နှင့် အတူတူ ကြီးပြင်းလာခဲ့ပြီး သူတို့ နှစ်ယောက်က ညီအစ်ကိုကဲ့သို့ ရင်းနှီးကြသည်။ ကျိုဝူချိန် အပေါ်တွင် (၁၀၀) ရာခိုင်နှုန်း သစ္စာ ရှိသည်။

“ဒေါသအိုး မီးနွား.... နူမင်....”

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး ရေရွတ်လိုက်သည်။ ယခုလက်ရှိတွင် နူမင်၏ ဒေါသအိုး မီးနွား သွေးမျိုးဆက်က အသက် မဝင်သေးပေ။ အနာဂါတ်တွင် အသက်ဝင်လာမည် ဖြစ်လိမ့်မည်။ သို့တိုင်အောင် သူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန် နယ်ပယ်ကို မရောက်ရှိခဲ့ဘဲ ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) သာ ရောက်ရှိခဲ့သည်။ သို့သော်လည်း ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်ကပင် သူ့ကို ကိုင်တွယ်ရန် အတော်လေး ခက်ခဲသည်။

ဒီနှစ်ထဲတွင် ကျိုဝူချန်က ယွမ်ဟိုင် နယ်ပယ်ကို လုံးဝ မရောက်ခဲ့ပေ။ နောက်ပိုင်းတွင် ရောက်နိုင်သော်လည်း တန်ထန် အင်ပါယာက တစ်ခုခု ဖြစ်သွားသဖြင့် ကျိုဝူချန်က အတော်လေး ကြောက်လန့်သွားခဲ့ပြီး မီးနဂါး အင်ပါယာ ထဲတွင်သာ နှိမ့်ချပြီး နေထိုင်ခဲ့သည်။ ထိုအချိန်က ကြယ် (၅) ပွင့် အင်အားစုအဆင့် တက်လာနိုင်မည့် ခွန်အားကို ထုတ်ဖော် ပြသခြင်း လုံးဝ မလုပ်ခဲ့ပေ။

“မာနကြီးတဲ့ ဒေါ်သအိုး သွေးမျိုးဆက်.... ကောင်းတယ်...။ ချမ်ဟိုင်ကို ပေးလိုက်ရင်

ချမ်ပဟိုင်ရဲ့ ခွန်အားက အများကြီး တိုးတက်လာနိုင်တယ်....”

ချင်ယန်က စိတ်ထဲမှ တွေးလိုက်သည်။

မီးနဂါး အင်ပါယာက ယခုကဲ့သို့ ထုတ်ပြန်ကြေငြာလိုက်သဖြင့် အနာဂါတ်တွင် မီးနဂါး အင်ပါယာနှင့် ပြဿနာ ဖြစ်လာတော့မည်ကို ချင်ယန်က သိနေသည်။

သာမန်လူများ အမြင်တွင် ကျိုဝူချန်၏ ကြေငြာချက်က ဘာမှ မဟုတ်ပေ။ ပျော်ပျော်ရွှင်ရွှင် လက်ခံ ကြလိမ့်မည်။

ချင်ယန် မျက်လုံးထဲတွင်မူ စော်ကားခြင်းသာ ဖြစ်နေသည်။

ပြန်လည် မွေးဖွားလာသော ချင်ယန်က ထိုကြေငြာချက်ကြောင့် ဒူးထောက်ပြီး ကျိုဝူချန်၏ ခြေထောက်ကို နမ်းရမည်လော......

ထို့အပြင် မီနဂါး အင်ပါယာ လက်အောက်သို့ ခိုလှုံလိုက်ပါက ကျိုဝူချန်က ကတိ ပေးထားသည့်အတိုင်း အကျိုးအမြတ်များကို အပြည့်အဝ ပေးမည်လော...

သေချာပေါက် လုံးဝ မဖြစ်နိုင်ပေ။

ချင်ယန်က အလွန် ငယ်ရွယ်သော မဟာသခင် တစ်ယောက် ဖြစ်နေသော်လည်း တန်ထန် အင်ပါယာနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ထိုကဲ့သို့ မရှိပါက မီးနဂါး ကေရာဇ်က သူ့ကို စုဆောင်းမည် ဖြစ်ပြီး မီးနဂါး အင်ပါယာတွင် သူ့ အနာဂါတ်က ကောင်းမွန် နေလိမ့်မည်။

သို့သော် ကျိုဝူချန်၏ မျက်လုံးထဲတွင် သူ တန်ဖိုးက တန်ထန် အင်ပါယာ တစ်ခုလုံးနှင့် ယှဉ်နိုင်လိမ့်မည်ဟု ချင်ယန်က မထင်ပေ။

ဆေးတာအို၊ စည်းတာအိုနှင့် ယှဉ်ယှဉ်ပယ်

ဆေးတာအို၊ စည်းတာအိုနှင့် ယွမ်ဟူနယ်ပယ် ကျင့်ကြံခြင်းအဆင့် စသည်ဖြင့် ရှိသမျှ အရာအားလုံး ချပြလိုက်လျှင်ပင် အသုံး မဝင်ချေ။

အကြောင်းမူ ထိုကဲ့သို့ ချပြလိုက်ပါက ကျိုဝူချန်၏ မျက်လုံးထဲတွင် ချင်ယန်၏ တန်ဖိုးက ပိုမို မြင့်တက်လာမည် ဖြစ်သော်လည်း ချင်ယန်ကို ကောင်းကောင်း ထိန်းချုပ်နိုင်မလား ဆိုသည်က မေးခွန်း ထုတ်စရာ ဖြစ်နေသည်။

ငယ်ရွယ်သော မဟာသခင် အဆင့်အတန်း တစ်ခုတည်းဆိုလျှင် ပြဿနာ မရှိသေးပေ။

ငယ်ရွယ်သော ဆေးဘုရင်၊ ငယ်ရွယ်သော အဆောင်ဘုရင်နှင့် ငယ်ရွယ်သော ယွမ်ဟူနယ်ပယ် တန်ခိုးရှင် စသည့် အရာများက အဆင့် (၅) အင်အားစု ထိန်းချုပ်ထားနိုင်သည့် အရာ မဟုတ်ပေ။

ချင်ယန်ကို ပိုမို အားကြီးသော အင်အားစုများက မစုဆောင်းလျှင်ပင် ချင်ယန် ပိုမို အားကောင်း လာသည်နှင့်အမျှ မီနဂါး ဧကရာဇ် ကျိုဝူချန်၏ စကားကို နားထောင် ပါမည်လော…

အကယ်၍ ချင်ယန်က လက်တွဲခဲ့လျှင်ပင် ကျိုဝူချန် ပြုလုပ်မည့် ဖြစ်နိုင်ချေ အရှိဆုံးအရာက

ကြံ့ရည်ညှစ်ချသကဲ့သို့ အကုန်လုံး ကုန်စင်အောင် ညှစ်ချလိုက်ခြင်းသာ ဖြစ်လိမ့်မည်။

ချင်ယန် ထိန်းချုပ်ထားသော စည်းတံဆိပ် အမွေ ဖြစ်စေ၊ ချင်ယန်၏ ပင်ကိုယ်ပါရမီ ဖြစ်စေ တစ်ခုမဟုတ် တစ်ခု ဖြစ်နိုင်သည်။

မီးနဂါး အင်ပါယာတွင်လည်း တန်ပင်ဂျီကဲ့သို့ လူများ ရှိနေနိုင်ပြီး ပင်နာ အဆိပ် အင်းဆက်နှင့် ချင်ယန်၏ ပင်ကိုယ် ပါရမီကို မြို့ချနိုင်သည်။

ယခုအခါ မီးနဂါး အင်ပါယာက ကြယ် (၅) ပွင့် အင်အားစု ဖြစ်လာပြီ။ ယခု လောလောဆယ်တွင်

လူ ရှာမတွေ့သေးသော်လည်း နောက်ပိုင်းတွင် ရှာတွေ့လိမ့်မည်။ ထို့အပြင် တန်ထန် အင်ပါယာက အသင့်ပြင်ထားသော ပါဆယ်ထုပ် တစ်ခုကဲ့သို့ ဖြစ်နေသည်။

"ယန်အာ... အခု ဘာလုပ် ကြမလဲ..."

ရှီယန်က ပြောလိုက်သည်။

ချင်ယန်က တစ်ချက်ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“အမေ၊ စိတ်မပူနဲ့။ မီးနဂါး အင်ပါယာက မမျှော်လင့်ဘဲ ကြယ်ငါးပွင့် အင်အားစု ဖြစ်လာတယ် ဆိုပေမဲ့ တခြား ကြယ်ငါးပွင့် အင်အားစုတွေလို အင်အား မရှိသေးပါဘူး။ ပြီးတော့ သားတို့ကလည်း မီးနဂါး အင်ပါယာက ချက်ချင်း ထွက်သွားမှာပါ...”

“ချမ်ဂျူး အကယ်ဒမီထဲ မြန်မြန် ဝင်လိုက်ရင် ပြဿနာ မရှိတော့ဘူး....”

ရှီယန်က.....

“ယန်အာ၊ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာပြီ။ ချမ်ဂျူး အကယ်ဒမီမှာလည်း

လွှမ်းမိုးမှု ရှိမှာပေါ့။ ချမ်ဂျူး အကယ်ဒမီထဲ ဝင်လို့ တကယ် ဘေးကင်းပါ့မလား....”

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

“အမေ၊ သားကိုသာ ယုံလိုက်စမ်းပါ...”

“သားတို့က သာမန် ကျောင်းသားပဲ ဖြစ်မယ် ဆိုရင်တော့ သိပ်လုံခြုံမှာ မဟုတ်ဘူး။ အချိန်တန်ရင် ချမ်ဂျူး အကယ်ဒမီမှာရှိတဲ့ မီးနဂါး အင်ပါယာက လူတွေက သားတို့ကို နှင်ထုတ်ဖို့ ခက်ခဲမှာ မဟုတ်ဘူး။ ဒါပေမဲ့ သားက သင်ကြား ပို့ချသူ

ဖြစ်လာမယ်ဆိုရင် မီးနဂါး အင်ပါယာက ဘာမှ လုပ်နိုင်မှာ မဟုတ်တော့ဘူး...”

ချင်ယန်က သာမန် နည်းပြတစ်ယောက် ဖြစ်လာလျှင်ပင် မလုံခြုံသေးပေ။ အထက်တန်း နည်းပြ တစ်ယောက်ဖြစ်မှသာ လုံး၀ ဘေးကင်းလိမ့်မည်။

သို့သော် အထက်တန်း နည်းပြ တစ်ယောက် ဖြစ်လာရန် မလွယ်ကူပေ။

“သား သိဖို့ပဲ လိုတာပါ...”

ရှီယန်က ပြောလိုက်သည်။

ရှီယန်က စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်းချလိုက်သည်။ သူမ၏ သားလေးကို ပိုမို နှစ်လိုဖွယ်ကောင်းလာသည်။ သူမက ဤကဲ့သို့ အဖြစ်အပျက်မျိုး ကြုံတွေ့သည်နှင့် အလွန်ထိတ်လန့် သွားသော်လည်း ချင်ယန်က လုံးဝ မထိတ်လန့်ပေ။

“တော်ပါပြီ အမေရာ၊ ဒီအကြောင်း ထပ်မပြောတော့ဘူး… အမေလည်း လုပ်စရာ ရှိတာ လုပ်တော့လေ…”

“စာသင်သား၊ ကျွမ်းစစ်၊ မင်းတို့နှစ်ယောက်က ခဏလောက် လေ့ကျင့်ပြီးမှ သတင်းအသစ် ဆက်စုံစမ်း။ အရေးကြီး သတင်းတွေ ထွက်လာမယ် ထင်တယ်..”

ချင်ယန်က စကား ပြောပြီးနောက် ဆက်လက် လေ့ကျင့်နေသည်။

မည်သည့်ကိစ္စ ဖြစ်ဖြစ် သူ့ခွန်အားကသာ အရေးအကြီးဆုံး ဖြစ်သည်။

ယွမ်ဟိုင်နယ်ပယ် ကျင့်ကြံခြင်းအဆင့် ရှိနေမည်ဆိုပါက တန်ထန် အင်ပါယာထဲမှ ထွက်ပြေးစရာလိုအုံးမည်လော……

အကယ်၍ သူသာ ယွမ်ဟိုင် နယ်ပယ် ကျင့်ကြံခြင်းအဆင့် ရှိနေမည် ဆိုပါက မီးနဂါးဧကရာဇ် အမိန့် ထုတ်လိုက်သည်နှင့် သူ့နန်းတော်ထဲ တိုက်ရိုက်သွားပြီး မင်းလားကွ၊ ငါ့ကို အမိန့်ထုတ်တာ ဆိုပြီး မေး မေး၍ ပါးရိုက်ပစ်လိုက်မည်။

…….

တန်ထန် အင်ပါယာ… နန်းတော်…..

“အထူးသံတမန်ကို ကြိုဆိုပါတယ်…”

တန်ချမ်ဒေါင်က အရိုအသေ ပေးရင်း ပြောလိုက်သည်။ ထို့ပြင် အနည်းငယ် ဝမ်းနည်းနေသလို ခံစားနေရသည်။ သူ တစ်တိုင်းပြည်လုံး၏ ကေရာဇ်တစ်ပါး အဖြစ် ဂုဏ်ယူဖူးခဲ့သည်။ ယခုအခါ တစ်စုံတစ်ယောက်ကို အရိုအသေ ပေးနေရပြီ…

“အထူးသံတမန်ကို ကြိုဆိုပါတယ်….”

ရှီကျန်းနှင့် အခြားသော စစ်ဘက်၊ အရပ်ဘက်ဆိုင်ရာ အရာရှိများကလည်း တညီတညွတ်တည်း ပြောလိုက်ကြသည်။

“လက်ဆောင် အားလုံး ကင်းလွတ်ခွင့် ပေးတယ်။”

တန်ချမ်ဒေါင်နှင့် အခြားလူများရှေ့တွင် အဘိုးအို တစ်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ထိုအဘိုးအိုကို ချိုင်ရောင်ဖူ ဟုခေါ်ပြီး မီနဂါး အင်ပါယာမှ လာသည့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်သည်။

ချိုင်ရောင်ဖူသည် ဟိုးယခင် ကတည်းက မီးနဂါး ကေရာဇ်၏ အားကိုးရာ ဖြစ်ပြီး ယွမ်ဟူနယ်ပယ် အဆင့် (၉) ကျင့်ကြံခြင်း အဆင့်ကိုသာ ဖော်ပြလေ့ ရှိသည်။

ယခုအခါ ယွမ်ဟိုင်နယ်ပယ် ကျင့်ကြံခြင်း အဆင့်ကို ဖော်ပြထားပြီး အဆင့် (၄) ပင် ရောက်နေသေးသည်။

"ကျေးဇူး တင်ပါတယ်.. အထူး သံတမန်..."

တန်ချမ်ဒေါင်နှင့် အခြားလူများက တညီတညွတ်ထဲ ပြောလိုက်ကြသည်။

နောက်ထပ် အခိုက်တန့်တွင် ချိုင်ရောင်ဖူက ရွှေဝါရောင် အင်ပါယာ အမိန့်စာကို ထုတ်လိုက်သည်။ ခါးပြန်မတ်သွားသော တန်ချမ်ဒေါင်က ချက်ချင်း ခါးပြန်ညွတ် လိုက်သည်။

ချိုင်ရောင်ဖူက ပေါ့ပေါ့ပါးပါး လေသံနှင့်.....

"ကြယ်ငါးပွင့် အင်အားစု၊ မီးနဂါး ကေရာဇ်၏ အမိန့်တော်.....။ ဒီနေ့ကစပြီး တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာရဲ့ လက်အောက်ခံ ဖြစ်လာမယ်။ တန်ထန် အင်ပါယာရဲ့ လရေခဲ မင်းသမီးလေး တန်ပင်ဂျီက မီးနဂါးအင်ပါယာရဲ့ အိမ်ရှေ့စံ

မင်းသားနဲ့ လက်ထပ်ပြီး မောင်းမတော်တစ်ပါး ဖြစ်လာရမယ်။ ဒါ့အပြင် တန်ထန် အင်ပါယာက ငွေတုံး ကုဋေတစ်ထောင် ထောက်ပံ့ရမှာ ဖြစ်ပြီး တန်ထန် အင်ပါယာ အတွင်းမှာရှိတဲ့ မဟာသခင် တစ်ဝက်ကျော်က သုံးလအတွင်း မီးနဂါး အင်ပါယာကို အပြီး ပြောင်းရွှေ့ရမယ်...”

တန်ချမ်ဒေါင်၏ မျက်နှာ အမူအရာက ရုပ်ဆိုး သွားသည်။

တန်ထန် အင်ပါယာ လက်အောက်ခံ ဖြစ်သွားခြင်းနှင့် တန်ပင်ဂျီ လက်ထပ်ရမည့် ကိစ္စက ဘာမျှ မသက်ဆိုင်ပေ။

ထို့ပြင် မဟာသခင်အဆင့် တစ်ဝက်ကျော် ပြောင်းရွှေ့ခိုင်းခြင်းနှင့် ငွေတုံး ကုဋေ တစ်ထောင် ထောက်ပံ့ရခြင်းက ဆိုးရွားလွန်းသော ကိစ္စ ဖြစ်နေသည်။

ထိုငွေများနှင့် လူများကို ယူဆောင် သွားပါက အနာဂါတ်တွင် မီးနဂါး အင်ပါယာကို ပုန်ကန်မည့် အရေး လုံးဝ မဖြစ်နိုင်တော့ပေ။ တန်ထန်

အင်ပါယာက နာခံမှု ရှိရှိနှင့် လက်အောက်ခံ ပြည်နယ် တစ်ခုသာ ဖြစ်သွားလိမ့်မည်။

"တန်ထန် နိုင်ငံတော် ခေါင်းဆောင်၊ အမိန့်ကို လက်ခံပါ....."

တန်ချမ်ဒေါင် အမိန့် လက်မခံမည်ကို မကြောက်ရွံ့သော ပုံစံနှင့် ချိုင်ရောင်ဖူက အေးအေး ဆေးဆေး ပြောလိုက်သည်။ ယခုအခါ မီးနဂါး အင်ပါယာက ကြယ် (၅) ပွင့် အင်အားစု ဖြစ်လာပြီ ဖြစ်သဖြင့် တန်ချမ်ဒေါင် မနာခံဘဲ မနေဝံ့ပေ။

ထို့ပြင် မီးနဂါး ကေရာဇ်က တန်ထန် အင်ပါယာ၏ ခေါင်းဆောင်ကို အလွယ်တကူ ပြောင်းလဲနိုင်သည်။ အချိန်တန်ပါက ခေါင်းဆောင် အသစ်က ကျိန်းသေပေါက် သဘောတူ လိမ့်မည်။

"ကေရာဇ်ရဲ့ အမိန့်တော်ကို လက်ခံပါတယ်..."

အကယ်၍ တန်ထန် အင်ပါယာသာ အထွတ်အထိပ် ရောက်နေပါက တန်ချမ်ဒေါင်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ပြန်အော်လိုက်မည် ဖြစ်သည်။ ယခုအခါ ချင်ယန် လက်ချက်နှင့် တန်ခိုးရှင် တော်တော်များများ သေဆုံး နေခဲ့သည်။

# အခန်း(၁၉၅) - တိမ်ငန်းတစ်ကောင် ဝယ်ယူခြင်း

"တန် ခေါင်းဆောင်၊ နောင်းပိုင်ကျရင် မင်းက ငါတို့ထဲက လူတစ်ယောက် ဖြစ်လာမှာပဲ။ ငါတို့တွေ ပိုပြီး ရင်းရင်းနှီးနှီး နေသင့်တယ်…."

ချိုင်ရောင်ဖူက ပါးစပ်ကြီး ပြဲနေအောင် ပြုံးပြီး ပြောလိုက်သည်။

တန်ချမ်ဒေါင်က တစ်ချက်ပြုံးလိုက်ပြီး တုံ့ဆိုင်းသွားသော လေသံနှင့်…….

"ခေါင်းဆောင်ချိုင်၊ ပင်ဂျီလေးက ငယ်သေးတယ်။ အခု လောလောဆယ်တော့ အိမ်ရှေ့မင်းသားနဲ့ စေ့စပ်မှုလောက်ပဲ လုပ်ထားပါလား....။ ပင်ဂျီလေးကို ချမ်ဂျူး အကယ်ဒမီမှာ နှစ်နည်းနည်းလေး ကြာအောင် လေ့လာခိုင်းဖို့ စီစဉ်ထားလို့ပါ။ အဲ့အခါကျမှ ပင်ဂျီလေးရဲ့ အထောက်အထားက အိမ်ရှေ့မင်းသားနဲ့ ပိုပြီး လိုက်ဖက်မယ်လေ...."

ချိုင်ရောင်ဖူက တစ်ချက် ပြုံးလိုက်ပြီး......

"ဒီစကားကိုတော့ တန်ခေါင်းဆောင်က အရှင်မင်းကြီးနဲ့ ကိုယ်တိုင်ကိုယ်ကျ ပြောဖို့ လိုတယ်။ ငါက အရှင်မင်းကြီး ကိုယ်စား ဆုံးဖြတ်လို့ မရဘူး...."

"ဒါနဲ့ စကားမစပ်၊ ရှန်ကျင့်မြို့မှာ အရမ်းဗဟုသုတ ကြွယ်တဲ့ အမျိုးသမီးလေး လျှိုရူရှန်း ရှိတယ်လို့ ကြားဖူးတယ်...."

တန်ချမ်ဒေါင်က....

"လူအိုကြီးချိုင် ပြောချင်တာက...."

ချိုင်ရောင်ဖူက ပြုံးလိုက်ပြီး.....

"ဒီအဘိုးကြီးမှာ ကလေးလည်း မရှိဘူးလေ...။ သမီးလည်း မရှိဘူး။ ဒါပေမယ့် အသက်ကြီးလာတော့ လက်တို လက်တောင်းခိုင်းဖို့ သမီးလေး၊ ဘာလေး လိုချင်တာပေါ့ကွာ..."

တန်ချမ်ဒေါင်က စိတ်ထဲမှ လျောင်ရယ်နေသည်။ သူ သိသလောက် ဆိုလျှင် ချိုင်ရောင်ဖူတွင် သားသမီး မရှိ၊ ကလေး မရှိသော်လည်း လူယုတ်မာကြီး၊ တဏှာရူးကြီး တစ်ကောင်သာ

ဖြစ်သည်။ ဒီကောင်က လျှိုရှူရှန်းကို သမီးလေး တစ်ယောက်ကဲ့သို့ သဘောထား မည်လော...

မည်သို့မှ မဖြစ်နိုင်ပေ။

သို့သော် တန်ချမ်ဒေါင်၏ လက်ရှိ အနေအထားက ထိုကိစ္စကို ငြင်းပယ်နိုင်စွမ်း မရှိပေ။

"လူအိုကြီးချိုင်က ဒီလို စဉ်းစားနေမှတော့ လျှိုရှူရှန်း အတွက် ကံကောင်းတာပဲ..."

တန်ချမ်ဒေါင်က အနည်းငယ် ပြုံးပြီး ပြောလိုက်သည်။

“ဟားဟား…”

ချိုင်ရောင်ဖူက ပါးစပ်ကို နားရွက်တက်ချိတ်အောင် ပြုံးလိုက်ပြီး….

“ဒါဆိုလည်း ခေါင်းဆောင် တန်ကိုပဲ ဒုက္ခပေးရတော့မယ်။ တန်ခေါင်းဆောင်လည်း ဘာမှ လုပ်စရာ မရှိရင် ဒီအဘိုးကြီးနဲ့ မီးနဂါး အင်ပါယာကို လိုက်ခဲ့ပါလား။ မင်းသမီးလေး တန်ပင်ဂျီနဲ့ လျှိုရူရှန်းတို့ကိုလည်း ခေါ်လာခဲ့ပေါ့…”

“ကောင်းပြီ….”

တန်ချမ်ဒေါင်က ခေါင်းညိတ်လိုက်သည်။

ချိုင်ရောင်ဖူက ယဉ်ကျေးစွာ ပြောနေသော်လည်း သူက မအားပါဘူးဟု ငြင်းဆန်၍ ရမည် မဟုတ်ပေ။

တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာ၏ လက်အောက်ခံ ဖြစ်သွားခဲ့ပြီ။ ထို့ကြောင့် မီးနဂါး အင်ပါယာကို လိုက်သွားခြင်းက ဘာအရေးနည်း.....

.......

"မီးနဂါး အိမ်ရှေ့စံ မင်းသားနဲ့ လက်ထပ်ရမယ် ဟုတ်လား...."

တန်ပင်ဂျီ မျက်မှောင် ကြုတ်နေသည်။

တန်ပင်ဂျီက သိသလောက် ဆိုလျှင် မီးနဂါး အိမ်ရှေ့စံ မင်းသား၏ ပင်ကိုယ် ပါရမီက အလွန် ကောင်းသော်လည်း ယခုအခါ အသက် (၃၀) ကျော်နေပြီ။ ယွမ်ဟူ အစောပိုင်း ကျင့်ကြံခြင်း အဆင့်ကို ရောက်နေပြီ။

ထို့ပြင် ကျီရောင်ဖန်၏ စိတ်နေ သဘောထားက ပိုမို ခက်ထန် လာခဲ့သည်။ အိမ်ရှေ့မင်းသားတွင် မောင်းမတော် နှစ်ယောက်လည်း ရှိနေပြီးသား ဖြစ်သည်။

"ပင်ဂျီ၊ ကျိရောင်ဖန်က အနာဂါတ်မှာ မီးနီဂါး အင်ပါယာရဲ့ ပိုင်ရှင် ဖြစ်လာလိမ့်မယ်။ အခုလက်ရှိမှာ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်နေပြီ။ တကယ်လို့ မင်းမှာသာ အရည်အချင်းရှိရင် မင်းသားရဲ့ ကိုယ်လုပ်တော် နေရာကနေ ကြင်ယာမိဖုရား ဖြစ်လာနိုင်တယ်။"

တန်ချမ်ဒေါင်က ပြောလိုက်သည်။

"အခုချိန် အဖေတို့မှာ ရွေးချယ်စရာ လုံးဝ မရှိဘူးဆိုတာ သမီး သိပါတယ်..."

တန်ပင်ဂျီက ခဏမျှ စဉ်းစားပြီးနောက်.....

"အဖေ၊ အဆင်ပြေပါတယ်။ ဒါပေမဲ့ ချမ်ဂျူး အကယ်ဒမီ သွားလို့ရအောင် အဖေ တိုက်ခိုက် ပေးရမယ်။ ကျောင်းမှာ လေ့လာမယ်။ အချိန်တန်ရင် အရှိန်အဟုန်နဲ့ တိုးတက်အောင် လုပ်ပြီးတော့ တန်ထန် အင်ပါယာရဲ့ အိမ်နိမ့်ဘဝကို ဖယ်ရှားပစ်မယ်..."

တန်ချမ်ဒေါင်က ကြိတ်ပြီး သက်ပြင်း ချလိုက်သည်။ တန်ပင်ဂျီက မီးနဂါး အိမ်ရှေ့မင်းသားနှင့် လက်ထပ်ပြီး အချိန်တန်ပါက တန်ထန် အင်ပါယာ၏ အိမ်နိမ့်စံ ဘဝကို ဖယ်ရှား

ပေးနိုင်သော်လည်း ထိုအချိန်တွင် တန်ပင်ဂျီက အိမ်ရှေ့စံမင်းသား၏ ကိုယ်လုပ်တော် သို့မဟုတ် မိဖုရားပင် ဖြစ်နေနိုင်သေးသည်။ သူမ ဘဝက တိုင်းပြည် ခေါင်းဆောင် ဖြစ်ရခြင်းထက် ပိုမို လွယ်ကူလိမ့်မည်။

"ဖခမည်းတော် အစွမ်းကုန် ကြိုးစားပြီး တိုက်ခိုက် ပေးမယ်။ ဒါက ကြီးကြီးမားမား ပြဿနာ မဖြစ်နိုင်ပါဘူး..."

တန်ချမ်ဒေါင်က ပြောလိုက်သည်။

ယခုလက်ရှိတွင် တန်ပင်ဂျီက ငယ်သေးသဖြင့် ချမ်ဂျူး အကယ်ဒမီတွင် နှစ်အနည်းငယ် လေ့လာခိုင်းရန် ပြဿနာ မရှိပေ။

တန်ထန် ကေရာဇ်က လက်အောက်ခံ ဘုရင်ခံ ဖြစ်လာရန် သဘောတူ လိုက်သော်လည်း ကျိဝူချန်က တန်ချမ်ဒေါင်၏ စိတ်နေ သဘောထားကို ဂရုစိုက်ရန် လိုအပ် နေသေးသည်။

ဂရုစိုက်လျှင်ပင် အနည်းငယ် အလျှော့ပေး ရလိမ့်မည်။

“ကျေးဇူး အများကြီး တင်ပါတယ်။ ဖခမည်းတော်....”

တန်ပင်ဂျီက ပြောလိုက်သည်။

“ဖခမည်းတော် ၊ ပြဿနာ တစ်ခု ရှိသေးတယ်။ ချင်ယန်တို့အဖွဲ့က မီးနဂါး အင်ပါယာထဲမှာ ဖြစ်နိုင်တယ်...”

တန်ချမ်ဒေါင်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

“ချင်ယန်က မရိုးရှင်းဘူး။ ဒါပေမဲ့ ငါတို့ တန်ထန် အင်ပါယာက ခေါင်းငုံ့လိုက်ရတယ် ဆိုပေမဲ့ တန်ဖိုး

ရှိနေပါသေးတယ်။ အရှင်မင်းကြီး ကျိက ချင်ယန် အပေါ် အလေးသာသင့်လား ဒါမှမဟုတ် ငါတို့ တန်ထန် အင်ပါယာ အပေါ် အလေးသာ သင့်လား.. ဆိုတာ သိသင့်တယ်။”

“အများဆုံးက အရှင်မင်းကြီး ကျိက ချင်ယန်ကို စုဆောင်းလိမ့်မယ်။ ဒါပေမဲ့ ချင်ယန်ရဲ့ မိုက်မဲမှု ပေါ်လာရင် သေရမယ့် ကံကြမ္မာဆိုးကို ရှောင်လွှဲနိုင်မှာ မဟုတ်ဘူး..”

တန်ပင်ဂျီက ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။

"ပင်ဂျီ၊ ပစ္စည်းတွေ သိမ်းတော့.. မကြာခင် မီနဂါး အင်ပါယာကို သွားရမယ်။...."

တန်ချမ်ဒေါင်က ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ.. ဖခမည်းတော်...."

တန်ပင်ဂျီ၏ မျက်လုံးထဲတွင် အလင်းရောင် တစ်ချက် လက်သွားသည်။ ကျိရောင်ဖန်က သူမ၏ ခွန်အားကို မြန်မြန်ဆန်ဆန် တိုးတက်သွားအောင် ကူညီ ပေးနိုင်သည်။

.......

မျက်စိတစ်မှိတ် အတွင်းမှာပင် တစ်ရက်ကုန်သွားခဲ့သည်။ တန်ချမ်ဒေါင်နှင့် အခြားလူများကို ကြယ်လေးပွင့် (ယွမ်ဟူနယ်ပယ်) တိမ်ငန်းတစ်ကောင်က မီးနဂါး အင်ပါယာသို့ ခေါင်ဆောင်သွားပြီး တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာ၏ လက်အောက်ခံ ဖြစ်လာသည့် သတင်းနှင့် တန်ပင်ဂျီက မီးနဂါး အိမ်ရှေ့မင်းသား၏ ကိုယ်လုပ်တော် ဖြစ်လာသည့် သတင်းက လျှင်မြန်စွာ ပျံ့နှံ့သွားသည်။

"တန်ထန် အင်ပါယာက မီးနဂါး အင်ပါယာရဲ့ လက်အောက်ခံ အမှန်တကယ် ဖြစ်လာတာပဲ..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ချင်ယန်၊ တန်ပင်ဂျီက မီးနဂါး အိမ်ရှေ့စံ မင်းသားရဲ့ ကိုယ်လုပ်တော် ဖြစ်သွားပြီ။ သူ့ကို ကိုင်တွယ်ဖို့ တော်တော် ခက်လိမ့်မယ်..."

ကျူဝမ်က တိုးတိုးလေး ပြေလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“တန်ပင်ဂျီလည်း ချမ်ဂျူး အကယ်ဒမီကို သွားမှာပဲ. အချိန်တန်ရင် ချမ်ဂျူး အကယ်ဒမီမှာ သတ်လို့ ရတယ်…”

“ယန်အာ အခု ဘာလုပ်မှာလဲ။ သားရဲတစ်ထောင် မြို့မှာပဲ ကြယ်လေးပွင့် တိမ်ငန်းတစ်ကောင် ဝယ်အုံးမှာလား…”

ရှီယန်က ပြောလိုက်သည်။

ရှာတွေ့ထားသော သတင်း အချက် အလက်များအရ နူမင်က သားရဲတစ်ထောင် မြို့မှာသာ ရှိနေသေးသည်။ ကြယ်လေးပွင့် တိမ်ငန်း

ပိုင်ဆိုင်ထားသည့် လူများနှင့် မိသားစုများကို ပစ်မှတ်ထားပြီး စောင့်ကြည့်နေသည်။

"ဟွာဝမ်ရိုရဲ့ အခြေအနေကို အရင်ဆုံး ကြည့်ရမယ်...."

ချင်ယန်က စကား ပြောပြီးနောက် ဟွာဝမ်ရို လေ့ကျင်နေသည့် အခန်းသို့ လမ်းလျှောက် သွားသည်။

"သူဌေး.. ငါအောင်မြင်တယ်"

ဟွာဝမ်ရိုက ဝမ်းသာအားရ ပြောလိုက်သည်။

"ကျင့်စဉ်ကို စမ်းသုံးကြည့်လိုက်..."

ဟွာဝမ်ရိုက ခေါင်းညိတ်လိုက်သည်။

မကြာခင် ချင်ယန်က ဟွာဝမ်ရို၏ အခြေအနေကို စစ်ဆေးလိုက်ပြီး တစ်ချက် ပြုံးလိုက်ကာ ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"ဟုတ်တယ်။ မင်းက သားရဲသခင် အဆင့်ကို တကယ် ရောက်နေပြီ။ နတ်ရတနာရဲ့ အားသာချက်နဲ့ဆို သားရဲထိန်းချုပ်တဲ့ နေရာမှာ မဟာသခင် တစ်ယောက်ထက် အား မနည်းတော့ဘူး..."

"သူငွေး၊ ဒါဆိုရင် ကြယ်လေးပွင့် ခုနှစ်လွှာ တိမ်ငန်းကို ကိုင်တွယ်လို့ ရပြီလား...."

ဟွာဝမ်ရိုက စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

ချင်ယန်က ခေါင်းလိုက်ပြီး...

"ပြဿနာ ကြီးကြီးမားမား မရှိနိုင်ဘူး။ ဒါက တိမ်ငန်း အရိုင်းလည်း မဟုတ်ဘူး။ ပထမ အိမ်မွေး တိရစ္ဆာဆိုတော့န် အရမ်း ယဉ်ပါးနေပြီ..."

"ဒါဆိုရင် တော်ပါသေးရဲ့..."

ဟွာဝမ်ရိုက သက်ပြင်းရှည်ကြီး ချလိုက်သည်။ ချင်ယန်က တိမ်ငန်းကို ပိုမို နှစ်သက်ကြောင်း သူမ သိနေသည်။

"သူဌေး၊ ငါတို့ တိမ်ငန်းဝယ်ပြီး အခု ထွက်သွားမှာလား။ ဒါမှမဟုတ် ခဏ နေအုံးမှာလား..."

"ဝယ်ပြီးတာနဲ့ ထွက်သွားကြမယ်..."

"ချင်ယန်က ပြောလိုက်သည်။

ဒီဘက်တွင် သူ့ကို လိုက်ရှာနေသည်မှာ အတော်လေး ကြာနေပြီ……

ယခု လက်ရှိ၌ ဒီနယ်မြေဘက်တွင် မီးနဂါး အင်ပါယာ၏ တန်ခိုးရှင် အနည်းသာ ရှိနေသေးသည်။ အချိန်ကြာသွားပါက တန်ခိုးရှင် အများအပြား ရောက်လာနိုင်သည်။ အကယ်၍ သူတို့ကို မိသွားပါက ထွက်ပြေး၍ မရတော့ပေ။

"ကလောက် ကလောက်.."

မကြာခင် ချင်ယန်တို့ အဖွဲ့က ရထားလုံး ပေါ်တက်ပြီး ထွက်သွားကြသည်။

တစ်နာရီကြာပြီးနောက်....

ချင်ယန် တို့အဖွဲ့က ယွမ်ဟူနယ်ပယ် အဆင့် (၇) တိမ်ငန်း ရှိနေသည့် မိသားစု အနီးသို့ ရောက်လာကြသည်။

ထိုမိသားစုတွင် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် ပိုင်ဆိုင်ထားပြီး စိတ်ဝိညာဉ်သားရဲ စီးပွားရေးကို လုပ်ကိုင်ကြသည်။

ယွမ်ဟူနယ်ပယ် အဆင့် (၇) တိမ်ငန်းကို အရောင်း တင်ထားသည်မှာ အတော်ကြာနေပြီ ဖြစ်နေသော်လည်း ဆိုးရွားသော မျက်ကန်းတောတိုး

ရောဂါတစ်ခု ရှိနေသဖြင့် ရောင်းမထွက်ဖြစ်နေသည်။

တာတို ပျံသန်းရာတွင် ပြဿနာ မရှိသော်လည်း ခရီးဝေး ပျံသန်းမည် ဆိုပါက မျက်ကန်းတောတိုး ရောဂါက ဆိုးရွားလာပြီး ပြဿနာ ရှိလာသည်။

လွန်ခဲ့သော သုံးလက ထိုတိမ်ငန်းတွင် မျက်ကန်းတောတိုး ရောဂါ ဖြစ်ပွားခဲ့သည်။ သုံးလကြာ ကုသပြီးနောက် မူလ အခြေအနေအတိုင်း ပြန်လည် ကောင်းမွန် လာသော်လည်း မျက်ကန်းတောတိုး ရောဂါက အရှင်း

မပျောက်သွားပေ။ ထို့ကြောင့် မိသားစုက တိမ်းငန်ကို ရောင်းထုတ် ချင်နေသည်မှာ ကြာနေပြီ။ တိမ်ငန်းကို ရောင်းထုတ်မည်ဟု လေသံ ပစ်ထားသော်လည်း ဝယ်မည့်သူ မရှိခဲ့ပေ။

ကြယ်လေးပွင့် တိမ်ငန်းကို ရေတို ပျံသန်းမှု အတွက်သာ သုံးရမည် ဆိုလျှင် ရှက်စရာ ကောင်းလွန်းသည်။ အလွန် မြန်သော်လည်း စျေးအလွန် ကြီးနေသည်။

အကယ်၍ ခရီးဝေး ပျံသန်းခိုင်းမည်ဆိုလျှင် လူပါ သေလိမ့်မည်။

ကိုယ်ပိုင်သုံး ပစ္စည်းအနေနှင့် မည်သူကမှ ရေတို ပျံသန်းမှုအတွက်သာ သုံးချင်ကြမည် မဟုတ်ပေ။

“ညှော်သည်တို့၊ ငါတို့ လုံအိမ်တော်ကို ဘာဖြစ်လို့ ရောက်လာတာလဲ မသိဘူး..”

ချင်ယန်နှင့် ဟွာဝမ်ရိုက ရုပ်ဖျက်ပြီး အိမ် တံခါးအဝသို့ ရောက်နေကြသည်။ မိသားစု၏ မိသားစုခေါင်းဆောင် လုံချမ်ချင်းက ချင်ယန်တို့ကို လက်ခံ တွေ့ဆုံခဲ့သည်။

လုံချမ်ချင်းက မူလ အစစ်အမှန် နယ်ပယ်သာ ရှိသောကြောင့် ဟွာဝမ်ရို၏ ခွန်အားက အလွန်

အားကောင်းသည်ဟုသာ ခံစားမိသည်။ သို့သော် ချင်ယန်က အလွန် တန်ဖိုးကြီးသော အဝတ်အစားများကို ဝတ်ဆင်ထားသဖြင့် သံသယ မဖြစ်မိပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"လုံ မိသားစု ခေါင်းဆောင်၊ မင်းတို့ လုံမိသားစုမှာ ကြယ်လေးပွင့် တိမ်ငန်း ရောင်နေတယ် ဆိုလို့ ဝယ်ရအောင် လာခဲ့တာ။ မင်းဘက်က အမြဲတမ်း ရောင်းချင်နေတယ် မဟုတ်လား..."

လုံချမ်ချင်းက မျက်လုံးများက တောက်ပလာသည်။ လွန်ခဲ့သော နာရီ အနည်းငယ်က လူတစ်ယောက်နှင့် တွေ့ဆုံပြီး တိမ်ငန်းရောင်းမည့် သတင်းကို နောက်တစ်ကြိမ် ဖြန့်ဝေခိုင်းခဲ့သေးသည်။

"ညှော့သည်၊ မနေ့က တိမ်ငန်း ဝယ်မယ့် လူတစ်ယောက်နဲ့ စကား ပြောလက်စကြီး ဖြစ်နေတယ်။ ဒီနေ့ ပြန်လာမယ်လို့ ပြောထားတယ်။ ညှော့သည်၊ သူနဲ့ စကား အရင်ပြတ်သွားအောင်

စောင့်ပေးလို့ ရမလား။ တစ်နာရီလောက်ဆို သူလည်း ရောက်လာတော့မယ်...”

“အခုလည်း ညနေစာ စားချိန် ကပ်နေပြီ။ ညီ့သည့်တို့ ငါတို့ လုံအိမ်တော်မှာ တစ်ခုခု အရင် သောက်ထားပါလား..”

လုံချမ်ချင်းက ပြုံးပြီး ပြန်ဖြေလိုက်သည်။

ချင်ယန်၏ မျက်လုံးထဲတွင် အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွား၏။ ချင်ယန်က ပြန်လည် မမွေးဖွားခင်က နှစ်သောင်းပေါင်း များစွာ အသက်ရှင်ခဲ့သူ ဖြစ်သည်။ လုံချမ်ချင်းက စီးပွားရေး

ခြေခွေးအိုကြီး ဖြစ်သော်လည်း ချင်ယန်လောက် မသန်မာသေးပေ။ ချင်ယန်ကို မည်ကဲ့သို့ လှည့်စား၍ ရမည်နည်း....

“မင်းက သုံးသန်း ဈေးခေါ်ထားတယ်။ ငါက ငါးသန်း ပေးမယ်။ တိမ်ငန်းတစ်ကောင် ငါလိုချင်တယ်။ လှည့်စားတဲ့ အကွက်တွေ ဆွဲထုတ်မနေနဲ့။ မင်းမိသားစုရဲ့ ရှင်သန်မှုကို ဂရုစိုက်...”

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

ခဏလေး အတွင်းမှာပင် လုံချမ်ချင်းက အလွန်ကြောက်စရာကောင်းသော သတ်ဖြတ်ခြင်း အသိစိတ်ကို ခံစားလိုက်ရပြီး ပါးစပ်က 'မရဘူး' ဟု ပြောမည့် စကားလုံးက လည်ချောင်းထဲ ပြန်ပြုတ်ကျသွားသည်။

"ရပါတယ်။ ရပါတယ်.."

လုံချမ်ချင်းက လျှင်မြန်စွာ ခေါင်းညိတ်လိုက်သည်။

သုံးမိနစ် ကြာပြီးနောက် ချင်ယန်တို့ နှစ်ယောက်က တိမ်ငန်းကို မြင်လိုက်ရသည်။

ချင်ယန်က တစ်ချက်ကြည့်ရုံနှင့် တိမ်ငန်း၏ ပြဿနာကို သိလိုက်သည်။

ထိုတိမ်ငန်းတွင် မျက်ကန်းတောတိုး ရောဂါ ရှိနေသော်လည်း ချင်ယန်အတွက်မူ မျက်ကန်း တောတိုး ရောဂါက ပြဿနာ မဟုတ်ပေ။

ဆယ်မိနစ် ကြာပြီးနောက်....

အတောင်ပံတင် မီတာ သုံးဆယ်ကျော် ရှည်လျားသော တိမ်ငန်းကြီး တစ်ကောင်က ကောင်းကင်ပေါ် ပျံတက်သွားသည်။ ထို တိမ်ငန်းကြီးက လူ အယောက် (၃၀) တင်ဆောင်ပြီး

ပျံသန်းနိုင်သဖြင့် ချင်ယန်တို့ ဆယ်ယောက် အဖွဲ့ကို တင်ဆောင်ပြီး အလွယ်တကူ ပျံသန်း သွားခဲ့သည်မှာ ပြဿနာ မဟုတ်ချေ။

"ခေါင်းဆောင်၊ တိမ်ငန်းကြီး တစ်ကောင် ပျံတက်သွားပြီ..."

သားရဲတစ်ထောင်မြို့ တစ်နေရာတွင် တန်ခိုးရှင် တစ်ယောက်က ချက်ချင်း သတင်းပို့လိုက်သည်။

နူမင်က တိမ်ငန်း အားလုံး မထွက်ခွာရန် တားမြစ်ထားသည်။

တိမ်ငန်း ထွက်ခွာသွားသည်နှင့် ပြဿနာတစ်ခု ရှိနေပြီ.....